ကြေးမုံ
The Mirror Daily
ခရစ်နှစ် ၁၉၅၇ ခုတွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

**အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)**

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 15 October 2020 ၁၀၁၆၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်)
(၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်)

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၅)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ အကောင်အထည်ဖော်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုခဲ့ကြသည့်အတိုင်း NCA လမ်းကြောင်းဖြင့် ငြိမ်းချမ်းရေးခရီးကို အတူတကွ လျှောက်လှမ်းခဲ့ကြသည်မှာ (၅)နှစ်ပြည့်မြောက်ခဲ့ပြီဟု ဆိုနိုင်ပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခါသမယတွင် အခမ်းအနားများ ကျင်းပကြခြင်းမှာ ချုပ်ဆိုခဲ့သည့်စာချုပ်ပါ သဘောတူညီချက်များကို ဆက်လက်ဖော်ဆောင်ရန် ထပ်လောင်း၍ ကတိကဝတ်ပြုကြခြင်းဖြစ်ပါသည်။ သက်ဆိုင်သူအားလုံးက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုအပေါ် ခိုင်မာသည့်ယုံကြည်ချက်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ရှေ့သို့ဆက်လက်လျှောက်လှမ်းနေသည်ကို သက်သေပြသခြင်း ဖြစ်ပေသည်။ သို့သော်လည်း ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ယခင်နှစ်များနည်းတူ ကျင်းပနိုင်ခြင်းမရှိသဖြင့် ယခုကဲ့သို့ သဝဏ်လွှာ ပေးပို့လိုက်ရခြင်းပင် ဖြစ်ပါသည်။

၃။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ တွေ့ကြုံခဲ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများကို အစုအဖွဲ့များအကြား ပြန်လည်ဆွေးနွေးညှိနှိုင်းပြီး ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် သဘောတူညီချက်များ ရယူနိုင်ခဲ့ပြီဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ဘုံရည်မှန်းချက်သည် တိုင်းရင်းသားပြည်သူများအကြား ဝိဝါဒကွဲပြားစရာ မရှိတော့ဘဲ တူညီသော ပြည်ထောင်စုအိပ်မက်တစ်ခုဖြစ်လာပြီး ယင်းအိပ်မက်ကို လက်တွေ့ကျကျ အတူတကွ ပုံဖော်ကြရန်အတွက် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက်များလည်း ရရှိနိုင်ခဲ့ပြီဖြစ်ပါသည်။ အလားတူ နှစ်ပေါင်းများစွာ မိမိတို့အားလုံး မျှော်လင့်တောင့်တခဲ့ရသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဘုံတူညီသော မျှော်မှန်းချက်များကိုလည်း သဘောတူညီနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤသည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုခဲ့သော ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ပင် ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ဗန်ကောက်မြို့၊ တိုကျိုမြို့နှင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး သုံးရုံးတို့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၅၂၄ ဦး၊ တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၅၇ ဦးနှင့် စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၂၄၃ ဦးတို့ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြောင်း သိရသည်။

**ကြိုတင်ဆန္ဒမဲပေး**

ယမန်နေ့တွင် ဒေသဆိုင်ရာစံတော်ချိန်နှင့်အညီ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် လန်ဒန်မြို့ မြန်မာသံရုံးမှ သတင်းပေးပို့ချက်အရ မဲဆန္ဒရှင် ၈၅ ဦး ဆန္ဒမဲများပေးခဲ့ကြကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများအား သက်ဆိုင်ရာနိုင်ငံများက ချမှတ်ထားသော ကိုဗစ်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



အင်္ဂလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ လန်ဒန်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ပေါ့စတစ် (Positive) ပျောက်ကင်းခဲ့သူများနှင့် တွေ့ဆုံခြင်း**

စာမျက်နှာ » ၈

Stay at home **အစီအစဉ်တွင် အကျုံးဝင်သော ရန်ကုန်တိုင်းဒေသကြီးရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများမှ အလုပ်သမား၊ ဝန်ထမ်းများအား လူမှုဖူလုံရေး ထောက်ပံ့ငွေများ ဆက်လက်ခွင့်ပြု ထုတ်ပေးလျက်ရှိ**

စာမျက်နှာ » ၁၁

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ဆန္ဒမဲပေးရေး ချောမွေ့လုံခြုံအဆင်ပြေ

မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများ စတင်ကျင်းပနေပြီဟု ဆိုရမည်။ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် ပြည်ပရောက် နိုင်ငံသူ၊ နိုင်ငံသားများက မြန်မာနိုင်ငံဆိုင်ရာ သံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၏ သတ်မှတ်ထားသည့်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေး စည်းကမ်းများနှင့်အညီ ကြိုတင်မဲများ စနစ်တကျပေးနေသည်ကို မြင်တွေ့နေရသည်။

နိုင်ငံရပ်ခြားတိုင်းတစ်ပါးတွင် အခက်အခဲများကြားမှ နိုင်ငံသားတစ်ယောက်၏တာဝန်ကို ကျေပွန်စွာဖြင့် တလေးတစား ကြိုတင်မဲပေးနေကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ယခုအခါ ပြည်လုံးကျွတ်ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တ သုံးပတ်ကျော်မျှသာ လိုတော့သည်။ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများတွင် ဆန္ဒမဲပေးရန် စာရင်းပေးထားသည့် မြန်မာနိုင်ငံသားတစ်သိန်းကျော်အနက် ထက်ဝက်ခန့်မှာ ကြိုတင်မဲများပေးခဲ့ကြပြီး ကျန်ရှိသော စာရင်းပေးထားသည့် နိုင်ငံသူ နိုင်ငံသားများလည်း ဆက်လက်မဲပေးကြမည်ဖြစ်သည်။ ဘယ်နေရာ၊ ဘယ်အချိန်ရောက်ရောက် နိုင်ငံသားတာဝန်ကျေပွန်စွာထမ်းရွက်ကြသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် နိုင်ငံအတွက် တစ်တပ်တစ်အားဖြစ်ပါသည်။

မိမိတို့နေထိုင်ရာအရပ်မှ ဝေးကွာသောအရပ် ပြည်ပဖြစ်စေ၊ ပြည်တွင်းဖြစ်စေ ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများသည် နိုင်ငံသားတာဝန်ကျေပွန်စေရန်အတွက် ပုံစံ(၁၅)ကိုဖြည့်စွက်၍ ဆန္ဒမဲပေးနိုင်ကြပြီ ဖြစ်သည်။ ပြည်ပတွင် ကြိုတင်မဲများပေးနေသလို ပြည်တွင်း၌လည်း ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန် ကြိုတင်ဆန္ဒမဲပေးခွင့်ပြုနိုင်သောသူများအား မဲပေးခွင့်ရအောင် ဝိုင်းဝန်းကူညီပေးရမည် ဖြစ်သည်။ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့အမြဲတမ်းနေထိုင်ရာ မဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုလုပ်နိုင်ပါက မိမိတို့ရောက်ရှိနေသောဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများတွင် ပုံစံ(၁၅)များ ရယူလျှောက်ထား၍ ကြိုတင်မဲများ ပေးနိုင်မည်ဖြစ်သည်။

အထွေထွေရွေးကောက်ပွဲသည် တိုင်းပြည်နှင့်လူထုအတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်သလို ပြည်သူလူထုအတွက် အခွင့်အရေးတစ်ခုလည်းဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် ရွေးကောက်ပွဲကာလနှင့် တိုက်ဆိုင်နေသဖြင့် ကိုဗစ်ရောဂါစိန်ခေါ်မှု၊ ရွေးကောက်ပွဲစိန်ခေါ်မှုကို စုပေါင်းအင်အားဖြင့် ကျော်လွှားကြရမည်ဖြစ်သည်။ ယခုအခါ ပြည်သူများ၏ နိုင်ငံရေးအသိနိုးကြားထက်သန်မှု၊ နိုင်ငံတော်၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်ပြည်သူများ မဲပေးပိုင်ခွင့်မဆုံးရှုံးဘဲ ရွေးကောက်ပွဲဥပဒေနှင့်အညီ မဲပေးခွင့်များ ရရှိလာပြီဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက်လည်းအထောက်အကူပြု၊ အသက် ၆၀ ကျော် နိုင်ငံသားများ၏ အခွင့်အရေးကိုလည်း ဖန်တီးပေးနိုင်သည့် ဆောင်ရွက်ချက်များမှာ အားရကျေနပ်စရာဖြစ်သည်။

အသက်အရွယ် ကြီးရင့်နေသူများသည် မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင်လာရောက် မဲမပေးနိုင်ပါက ကြိုတင်မဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်မဲပေးရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရန်နှင့် Stay at Home သတ်မှတ်ထားသော မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ်များတွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူသည့် အသက် ၆၀ နှင့်အထက်ရှိသူများကို အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စီစဉ်မှုသည် သက်ကြီးရွယ်အိုများ အဆင်ပြေသည်သာမက ရွေးကောက်ပွဲနေ့တွင် လုပ်ငန်းများ ပိုမိုချောမွေ့စေမည်ဖြစ်သည်။

အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များအား သတ်မှတ်ထားသည့်မြို့နယ်များသာမက ကျန်မြို့နယ်များမှ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့်လည်း မဲရုံသို့မလာရောက်နိုင်ပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်မဲပေးနိုင်သည်။ အကယ်၍ ကျန်းမာရေးအခြေအနေအရ မဲရုံသို့သွားရောက်ရန် အခက်အခဲရှိပါက နေအိမ်တွင် ဆန္ဒမဲပေးရန်ကိုပါ စီစဉ်ထားသည်။ ထို့ကြောင့် ဆန္ဒမဲပေးရေးအပိုင်းတွင် ကော်မရှင်အနေဖြင့် လိုလေသေးမရှိ ဆောင်ရွက်ထားသည်ဟုဆိုနိုင်သည်။

သို့ဖြစ်ရာ ကြိုတင်ဆန္ဒမဲများကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ခြင်းသည် မဲရုံများ၌ လူစုလူဝေးဖြစ်မှုကို လျှော့ချနိုင်မည်ဖြစ်၍ ပြည်လုံးကျွတ်အထွေထွေရွေးကောက်ပွဲနေ့၌ ကိုဗစ်ရောဂါ ကာကွယ်ရေးကို အထောက်အကူပြုမည်ဖြစ်သကဲ့သို့ ဆန္ဒမဲပေးရေးတွင်လည်း ချောချောမွေ့မွေ့ လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ် အဆင်ပြေအောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ကန့်ဘလူမြို့နယ် သမဝါယမအသင်းများ မိုးစပါး၊ ပြောင်း၊ ပဲစင်းငုံနှင့် ဆောင်းနှမ်းများ စိုက်ပျိုးပြီးစီး

ကန့်ဘလူ အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်း ရှစ်သင်း၏ စိုက်ဧက ၂၀၆၁ ဧကပေါ်တွင် မိုးစပါးအဖြစ် ရောမင်းနှင့် မနောသုခစပါးမျိုးများကိုလည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၄၀ ၏ စိုက် ဧက ၅၅၉၉ ဧကပေါ်တွင် ပြောင်းသီးနှံကိုလည်းကောင်း၊ လယ်ယာနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်း ၄၁ သင်း၏ စိုက်ဧက ၂၂၉၁ ဧကပေါ်တွင် စိုက်ပျိုးသီးနှံဖြစ်သည့် ပဲစင်းငုံ (ငုံးနီ/ငုံးကြား) ကိုလည်းကောင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၁၇ သင်း၏ စိုက်ဧက ၁၆၇၆ ဧကပေါ်တွင်ဆောင်းနှမ်းအဖြစ် ပန်းနှမ်းနှင့် နှမ်းကြီးကိုလည်းကောင်း စိုက်ပျိုးထားရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအဖြစ် စပါး ၉၇ ရာခိုင်နှုန်း၊ ပြောင်း ၉၈ရာခိုင်နှုန်း၊ ပဲစင်းငုံ ၉၆ ရာခိုင်နှုန်း၊ ဆောင်းနှမ်း ၇၈ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဦးမင်းသိမ်း အား ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် အောက်တိုဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်း အား ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်




## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၁၀,၀၀၀ | ၁၁၅ | ၁,၁၃၉,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၇၀၀ | ၄၉၈ | ၁,၈၂၅,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၂၈ | ၂၂၄,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၅၂ | ၁,၁၄၄,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၄ | ၁၄၈,၅၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၂၂၆ | ၆၈၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၄

ရန်ကုန်(ရွှေဈေး) ၁၃၁၁၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၁၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၃၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၄၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၃၅/၄၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၄.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၃.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၂၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၁၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၉၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၃.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၈.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၇.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၈၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

၄။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီးနောက် (၅)နှစ်တာကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးကို (၄)ကြိမ် ကျင်းပနိုင်ခဲ့ပြီး၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)၊ (၂) နှင့် (၃)တို့ သဘောတူညီ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် စိတ်ရင်းစေတနာမှန်ဖြင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ပါဝင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုများကြောင့် COVID-19 ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ၊ စတုတ္ထအစည်းအဝေးကို နေပြည်တော်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယင်းညီလာခံတွင် ချုပ်ဆိုခဲ့သော ပြည်ထောင်စု သဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)သည် ၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် တိကျသော အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်၊ လက်တွေ့ကျသည့် လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်မှုအဆင့်များ၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စု၏ မျှော်မှန်းချက်များ စသည်တို့ပါဝင်သဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် အရေးကြီးလှသည့် ငြိမ်းချမ်းရေးမှတ်တိုင်တစ်ခုဟု ဆိုနိုင်ပါသည်။

၅။ ၂၀၂၀ အလွန် ရှေ့ဆက်လက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃)ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ပထမလုပ်ငန်းစဉ်၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်(၂)ရပ်ကို ဒွန်တွဲ ဖော်ဆောင်ခြင်း။** NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ ရရှိလာစေရန်နှင့် နိုင်ငံရေးစားပွဲဝိုင်းသို့ ရောက်ရှိလာအောင် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ဆွေးနွေးညှိနှိုင်းမှုများနှင့် တစ်ပြိုင်နက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စောင့်ကြည့်ရေး လုပ်ငန်းစဉ်များ ပိုမိုထိရောက်ခိုင်မာစေရန် ဆွေးနွေးညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲမှုများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ပြည်ထောင်စုသဘောတူစာချုပ်ပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားအခွင့်အရေးများ မြှင့်တင်ပေးနိုင်ရန်နှင့် ဖက်ဒရယ်ကို ဦးတည်သွားမည့် ကတိကဝတ်များ၏ ရှေ့ပြေးအဖြစ် ဥပဒေရေးရာပြောင်းလဲမှုများ ဟန်ချက်ညီရန်နှင့် အုပ်ချုပ်ရေးဘက်မှ ဆောင်ရွက်ချက်များသည်လည်း တန်းတူရေးကို ရှေးရှုရန်အတွက်ကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) **ဒုတိယလုပ်ငန်းစဉ်၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်(၂)ရပ်ကို ပူးတွဲဖော်ဆောင်ခြင်း။** ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ အပိုင်း(၃)ဖြစ်သည့် ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများမှ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့်အချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူလက်ခံသည့် ပြည်နယ်များ၏ ကိုယ်ပိုင်အခြေခံဥပဒေဖော်ပြချက်ကို ရှာဖွေသွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုဆိုင်ရာ ဇယား(၁)နှင့်အညီ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို လက်တွေ့ကျကျ ပြင်ဆင်မည်ဖြစ်ပါသည်။ ယင်းနောက် သဘောတူခဲ့ပြီးဖြစ်သည့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုဆိုင်ရာ ဇယား(၁)၏ အသေးစိတ် ခေါင်းစဉ်အကြောင်းအရာများ ပါဝင်လာမည့် ဇယား(၂)ကိုရရှိရန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဖော်ဆောင်ရာတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းမှုများကို ဟန်ချက်ညီ အကောင်အထည်ဖော်နိုင်မည့် အစီအစဉ်၊ အကောင်အထည်ဖော်မှုယန္တရားနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးကို အကျေအလည်ဆွေးနွေးညှိနှိုင်းကြမည် ဖြစ်ပါသည်။

(ဂ) **တတိယလုပ်ငန်းစဉ်၊ ပထမလုပ်ငန်းစဉ်နှင့် ဒုတိယလုပ်ငန်းစဉ်မှ ထွက်ပေါ်လာသော သဘောတူညီချက်များကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်း။** လမ်းညွှန်အခြေခံမူများကိုအခြေခံပြီး အဆင့်လိုက် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြရာတွင် အားလုံးသဘောတူလက်ခံသည့် နိုင်ငံရေးမူတစ်ရပ် ပေါ်ထွက်လာပါမည်။ နိုင်ငံရေးအရ သဘောတူညီချက်ကို လုပ်ငန်းကော်မတီအဆင့်တွင် တတ်သိပညာရှင်များ ပါဝင်စေပြီး NCA ပါ လမ်းပြမြေပုံနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်အတူ ပြည်နယ်ကိုယ်ပိုင်အခြေခံဥပဒေရေးဆွဲခွင့်ကို မည်သည့်လမ်းကြောင်းဖြင့် ဆောင်ရွက်မည်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်ကို ဟန်ချက်ညီအောင် မည်သို့ဆောင်ရွက်မည် စသည်တို့အတွက် စနစ်တကျ အစီအစဉ်များ ညှိနှိုင်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ အထက်ပါ ၂၀၂၀ အလွန် ရှေ့ဆက်လက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်(၃)ရပ်ကို ထိရောက်စွာ ဟန်ချက်ညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် **"၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အစီအစဉ်သစ်"**ကိုလည်း အစုအဖွဲ့အသီးသီး၏ ပြန်လည်သုံးသပ်ချက်၊ လုပ်ငန်းစဉ်များတွင် ပါဝင်သူများ၏ အကြံပြုချက်၊ လက်ရှိ ဖော်ဆောင်မှုအစီအစဉ်အပေါ် လေ့လာသုံးသပ်ချက်များကို အခြေခံပြီး ၂၀၂၀ အလွန်ကာလတွင် အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယင်းအစီအစဉ်သစ်သည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ရန်၊ NCA လမ်းကြောင်းအတိုင်း UPDJC နှင့် JMC ယန္တရားများ ပိုမိုခိုင်မာအောင် အထောက်အကူပေးနိုင်ရန်၊ ဆွေးနွေးညှိနှိုင်းမှုအဆင့်ဆင့်တွင် ပါဝင်သည့် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များကို ပညာရပ်ဆိုင်ရာ အထောက်အကူပြုပေးနိုင်ရန်နှင့် နိုင်ငံရေးပြဿနာများကို လက်တွေ့ကျကျ ဖြေရှင်းနိုင်မည့် ရွေးချယ်စရာနည်းလမ်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ တိုင်းရင်းသားမျိုးနွယ်စု၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရသည့် မြန်မာနိုင်ငံတွင် မတူကွဲပြားမှုတွေကို အသိအမှတ်ပြုပြီး ပေါင်းစည်းအင်အားအဖြစ် စုစည်းနိုင်ရန်မှာ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း ရှုမြင်နိုင်ပါသည်။ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်သည်အထိ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့သောနိုင်ငံတစ်နိုင်ငံအနေဖြင့် ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး၊ ပါဝင်ပတ်သက်သူများအကြား ရင်ကြားစေ့နိုင်ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ ရင်ဆိုင်ဖြေရှင်းနေရသည့် COVID-19 ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ အောင်မြင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများ ဘေးကင်းလုံခြုံအောင်မြင်စွာ ကျင်းပနိုင်ရေး၊ ၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အစီအစဉ်သစ် အောင်မြင်ရေးတို့အတွက် မမိုတ်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် ကြားဖြတ်အစည်းအဝေး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership-RCEP) ဆိုင်ရာ ဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် ကြားဖြတ် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




**အမြင်ချင်းဖလှယ်**

အစည်းအဝေးတွင် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ၏ အစီရင်ခံစာကို တင်ပြခဲ့ပြီး RCEP သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၄)ကြိမ်မြောက် RCEP ထိပ်သီးအစည်းအဝေး၌ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အချိန်မီပြီးစီးစေရန် ကြိုးပမ်းခဲ့သော ကုန်သွယ်ရေး ညှိနှိုင်းမှုကော်မတီနှင့် ဥပဒေနှင့် အဖွဲ့အစည်းများဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ကို ကျေးဇူးတင်ရှိကြောင်း၊ နှစ်နိုင်ငံ ညှိနှိုင်းမှုများ ပြုလုပ်ရန် ကျန်ရှိနေသော ကိစ္စရပ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အတတ်နိုင်ဆုံးညှိနှိုင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာ နိုင်ငံများသို့ တိုက်တွန်းပြီး RCEP သဘောတူစာချုပ်ကို နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးနိုင်ရေးအတွက် လိုအပ်သော ပြည်တွင်းလုပ်ထုံး လုပ်နည်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း အလေးပေးပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက RCEP သဘောတူစာချုပ်သို့ အိန္ဒိယနိုင်ငံ အဆင်သင့်ဖြစ်ပါက ပြန်လည်ဝင်ရောက်နိုင်စေရေးအတွက် ဆက်လက်လမ်းဖွင့်ထားပေးမည့် အစီအစဉ်ကိုလည်း ကြိုဆိုကြောင်း ပြောကြားသည်။

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၌ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ပြုလုပ်ခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း နိုင်ငံ့ခေါင်းဆောင်များက ညှိနှိုင်းမှုများစတင်ကြောင်း ကြေညာခဲ့သည်။ RCEP ညှိနှိုင်းမှုများမှာ ယနေ့အထိ (၈)နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြသည်။

**၁၅ နိုင်ငံ ပါဝင်**

RCEP တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံနှင့် ၎င်း၏ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ် ချုပ်ဆိုထားသောနိုင်ငံများ (FTA Countries) ဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန် ငါးနိုင်ငံ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်ပြီး ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးသဘောတူစာချုပ်တစ်ခုဖြစ်လာမည်ဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့မှ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများ၊ ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီ သဘာပတိနှင့်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် ဆဋ္ဌမအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အီးယူ လူ့အခွင့်အရေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲ၌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ယခင် အိုင်ယာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူ ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Eamon Gilmore တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

**တက်ရောက်**

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာဘက်မှ အီးယူဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အီးယူဘက်မှ မြန်မာနိုင်ငံဆိုင်ရာ အီးယူ ကိုယ်စားလှယ်အဖွဲ့ရုံးအကြီးအကဲ Mr. Ranieri Sabatucci၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး Mr. Alessandra Schiavo၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံအမတ်ကြီး Ms. Riikka Laatu၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ အီးယူအဖွဲ့ဝင်နိုင်ငံ သံရုံးအချို့တို့မှ သံတမန်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလ စိန်ခေါ်မှုများ၊ ရခိုင်ပြည်နယ်ရှိ အခြေအနေများ၊ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှု တိုးတက်မှုအခြေအနေ၊ အလုပ်သမားအခွင့်အရေး၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ အမုန်း တရားလှုံ့ဆော်မှုများ ကာကွယ်တားဆီးရေး တို့အပါအဝင် အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်ရရှိရေး၊ နိုင်ငံတကာမျက်နှာစာတွင် လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် ရွှေ့ပြောင်းသွားလာမှုနှင့် နိုင်ငံရေးခိုလှုံခွင့် အပါအဝင် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ရာတွင် အီးယူ၏ အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာနှင့် ဥရောပသမဂ္ဂကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့တို့အကြား ဇေ့စပ်ညှိနှိုင်းနေမှုအပေါ် တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အတွေ့အကြုံနှင့် အလေ့အကျင့်ကောင်းများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၃၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်၊ အဖွဲ့ဝင်အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် အကြောင်းအရာများအား တင်ပြရာ အဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးကြသည်။




အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အစိုးရကာလ ငါးနှစ်ခန့်အတွင်း ယခုအစည်းအဝေးအကြိမ်ပါ ထည့်သွင်းတွက်ချက်ပါက (၃၃)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိပါကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကာလအတွင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည်မှာ ဒုတိယအကြိမ်မြောက်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၊ ဌာနဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းရည်မှန်းချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ရောက်ရှိနေသော အမှုတွဲများမှ ရွေးထုတ်ပြီး ယခုလို အစည်းအဝေးခေါ်ယူ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် လယ်ယာမြေပိုင်ရှင်တောင်သူများနှင့် မြေရှင်များ နစ်နာမှုမရှိစေရန် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးများကို ဆောလျင်စွာပေးလျော်နိုင်ရေးကိစ္စ၊ ဌာနဆိုင်ရာများမှ လယ်မြေအား အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားလာသည့်ကိစ္စရပ်များနှင့် ယခင်ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးများ၌ တင်ပြစိစစ်ဆွေးနွေး ထားရှိခဲ့ပြီးသော လယ်ယာမြေအား အခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့်မရဘဲ ကြိုတင်အသုံးပြုထားမှုအပေါ် ဒဏ်ကြေးငွေပေးဆောင်ရန် ကိစ္စရပ်နှင့်ပတ်သက်၍ ပြန်လည်စိစစ်တင်ပြရန် ဆုံးဖြတ်ညွှန်ကြားထားခဲ့မှုကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ချမှတ်သင့်သော ဒဏ်ကြေးငွေ အဆိုပြု ပြန်လည်တင်ပြလာမှုကိစ္စရပ်များ ဒဏ်ကြေးငွေ ပမာဏ သင့်လျော်မှု ရှိ၊ မရှိ အတည်ပြုဆုံးဖြတ်နိုင်ရန်အတွက် ဆွေးနွေးဆုံးဖြတ်ပေးသွားရမည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လျော်ကြေးငွေများ တွက်ချက်တင်ပြရာတွင်လည်း ဒဏ်ကြေးငွေပမာဏ နည်းပါးသွားပါက လယ်ယာမြေကို အပြီးတိုင် စွန့်လွှတ်လိုက်ရမည့် တောင်သူလယ်သမားများအတွက် နစ်နာမှုဖြစ်ပွားစေနိုင်ပြီး များပြားသွားပါက ပေးလျော်မည့် လျော်ကြေးငွေမှာ နိုင်ငံတော်၏ ဆုံးရှုံးမှုဖြစ်သွားနိုင်ကြောင်း၊ ထို့အတွက် တွက်ချက်ရာတွင် စီမံကိန်း မဆောင်ရွက်မီကာလ၊ ယခင်ပေါက်ဈေး၊ ကာလပေါက်ဈေးများ ချိန်ထိုး၍ နှစ်ဦးနှစ်ဖက် မျှတမှုရှိရန် တွက်ချက်ပေးရန် အရေးကြီးပါကြောင်း၊ ခွင့်ပြုမိန့်မရရှိမီ လယ်ယာမြေအား အခြားနည်းသုံးစွဲခြင်းကြောင့် ပေးဆောင်ရမည့် ဒဏ်ကြေးငွေတွက်ချက် သတ်မှတ်ရာတွင်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ စိစစ်တွက်ချက်ပေးရန်လိုကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော် စီမံကိန်းလုပ်ငန်းများ၊ အများပြည်သူအကျိုးငှာ ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေး၊ အဆောက်အအုံ လျော်ကြေးများအတွက် စုစုပေါင်း ငွေကျပ်သန်းနှစ်ထောင်ကျော် ပေးလျော်ရန် အတည်ပြုဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘောဇဘဏ်က ဇီးကုန်းမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**ပဲခူး အောက်တိုဘာ ၁၄**

ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို နိုင်ငံတစ်ဝန်းသို့ အဆက်မပြတ် ပေးပို့လှူဒါန်းလျက်ရှိရာ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်(ဇီးကုန်းဘဏ်ခွဲ)မှ လက်ထောက်မန်နေဂျာ ဦးဝင်းအောင်နှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၃၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၅၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်နိုင်ဦးနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၇၅၈၆ သိန်း လှူဒါန်းထားကြောင်း သိရသည်။ **ကိုကျော်**

# စက်တင်ဘာလအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၉၁ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၁၈၆၄၄ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင် စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**အလုပ်ရှာဖွေပေးနိုင်ခဲ့**

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၅၆၄၄ ဦးနှင့် ပုဂ္ဂလိက အလုပ်အကိုင် ၁၃၀၀၀ စုစုပေါင်း ၁၈၆၄၄ ဦးကို အလုပ်ရှာဖွေပေးနိုင်ခဲ့သည်။

**အလုပ်အကိုင်အတွက် စေလွှတ်**

အလားတူ စက်တင်ဘာလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင် ရရှိမှုအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ၆၈ ဦး၊ ဂျပန်နိုင်ငံသို့ ၁၂၃ ဦး စုစုပေါင်း ၁၉၁ ဦးကို အလုပ်အကိုင်အတွက် စေလွှတ်နိုင်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

✳ ကျောဖုံးမှ

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှစတင်၍ တပ်မတော်အစိုးရ လက်ထက်တွင် ဒို့တာဝန်အရေး(၃)ပါးကိုအခြေခံလျက် စေတနာမှန်စွာဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ကာ တစ်နိုင်ငံလုံးနီးပါး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပါသည်။ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးရယူရာတွင် ယာယီနေထိုင်ရေး၊ နယ်မြေကန့်သတ်သဘောတူညီချက်၊ ဒေသဖွံ့ဖြိုးရေး သဘောတူညီချက်စသည့် Gentleman Agreement များသာရရှိခဲ့ပါသည်။ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရာတွင် ထာဝရငြိမ်းချမ်းရေးမရရှိဘဲ ပြောင်းလဲရန် ခက်ခဲပါသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းများ၊ သဘောတူညီချက်များ၌ တစ်ပုံစံတည်း ဖြစ်စေရန်၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီစေရန်လိုအပ်လာပါသည်။ ထို့ကြောင့် ငြိမ်းချမ်းရေး၏အစဖြစ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ရေးဆွဲနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်တွင် လိုင်ဇာညီလာခံမှ အခြေခံပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အတူတကွ ညှိနှိုင်းရေးဆွဲခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် တစ်ခုတည်းသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(မူကြမ်း) ရရှိခဲ့ပါသည်။ ပထမစာချုပ်မူကြမ်းမှ NCA စာချုပ်အထိ သဘောတူညီမှုရရှိရေး ၆ ကြိမ် အသေးစိတ် အကျေအလည်ဆွေးနွေးပြီး အားလုံး သဘောတူညီချက်ရရှိပြီးမှသာ စာချုပ်၌ရေးသားခဲ့ကြခြင်းဖြစ်ပါသည်။ NCA တွင် ပါဝင်သည့် သဘောတူညီချက်အားလုံးနီးပါးသည် တိုင်းရင်းသားလက်နက်ကိုင်များဘက်မှ တင်ပြချက်များအပေါ်အခြေခံပြီး အစိုးရနှင့်တပ်မတော်ဘက်မှ ညှိနှိုင်းပေးခဲ့ခြင်းဖြစ်ပါသည်။

အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဝိုင်းဝန်းကြိုးပမ်းမှု၊ သည်းခံမှု၊ သဘောထားကြီးမှု၊ အနစ်နာခံ ကြိုးစားအားထုတ်မှုများကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၈ ဖွဲ့နှင့် သမိုင်းဝင် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၂ ဖွဲ့နှင့် ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ NCA ဖြစ်ပေါ်လာမှုသည် ခက်ခက်ခဲခဲနက်နက်ရှိုင်းရှိုင်းကြိုးပမ်းခဲ့ရခြင်းဖြစ်သဖြင့် ပါဝင်သူအားလုံးကို တပ်မတော်အနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

NCA စာချုပ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ဟု အမည်တွင်သော်လည်း စာချုပ်ထဲတွင် ပါဝင်ခဲ့သည့် သဘောတူညီချက်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုသည်ထက် ပိုမိုကျယ်ပြန့်ပါသည်။ NCA ၏အခြေခံမူများ၌ လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေး ပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုအသစ်တစ်ရပ်ထူထောင်ပြီး တန်းတူရည်တူအခွင့်အရေးရရှိ၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူထားကြခြင်းဖြစ်သဖြင့် နိုင်ငံရေး လမ်းပြမြေပုံနှင့်အညီ နိုင်ငံရေးဆွေးနွေးမှုရလဒ်များမှတစ်ဆင့် တိုးတက်ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသကဲ့သို့ နိုင်ငံရေးမူဝါဒအပေါ် အခြေခံဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများနှင့် ဒေသနှင့်တိုင်းရင်းသားလူမျိုးများအပေါ် အခြေခံဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများ စသည်ဖြင့် နိုင်ငံရေးပါတီမျိုးစုံရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် နိုင်ငံ့အရေးကို ဆောင်ရွက်ကြမည့် နိုင်ငံရေးပါတီများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြု ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ပါဝင်နိုင်သည့်စနစ်ကို ကျင့်သုံးပါမှ မိမိတို့ဒေသအကျိုးနှင့် လူမျိုးအကျိုးကိုပါ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ သို့မှသာ ထာဝရငြိမ်းချမ်းရေးမှ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို အမြန်ဆုံးသွားရောက်နိုင်မည်ဖြစ်သဖြင့် ၎င်းကိစ္စကို နည်းလမ်းတစ်ခုအနေဖြင့် စဉ်းစားကြစေလိုပါသည်။

ပင်လုံစာချုပ်သည် မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်မှုပိုမိုကျစ်လျစ်ခိုင်မာစေရေး အသိအမှတ်ပြုသည့် ပြယုဂ်ဖြစ်သကဲ့သို့ NCA သည်လည်း နှစ်ကာလများစွာကဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများပပျောက်ရေး၊ ယုံမှားသံသယများပပျောက်ရေးစသည့် သမိုင်းတန်ဖိုးကိုဖော်ပြသော ပြယုဂ်ဟု သဘောထား အသိအမှတ်ပြုကာ NCA စာချုပ်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက် အကောင်အထည်ဖော်ကြရမည်ဖြစ်ပါသည်။ သဘောတူညီပြီးဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord)အစိတ်အပိုင်း ၃ ခုကိုလည်း ဒီမိုကရေစီနည်းလမ်းအရ လွှတ်တော်၌ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

COVID-19 ရောဂါသည် မိမိတို့နိုင်ငံတွင် ယခုနှစ်စက်တင်ဘာလဆန်းပိုင်းမှ စတင်ပြီး Second Wave အဖြစ် ပြန်လည်ဖြစ်ပွားလျက်ရှိကာ ရောဂါပိုးတွေ့ရှိသူ သောင်းဂဏန်းကျော်နှင့် သေဆုံးသူများလည်း ရာဂဏန်းကျော်ရှိသွားပြီဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အင်တိုက် အားတိုက်အရှိန်အဟုန်ဖြင့် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ သွားရောက်ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း မိဘပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စွမ်းအားရှိသမျှ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

COVID-19 ရောဂါအား ကာကွယ်နိုင်ရန်အတွက် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား တိကျစွာ အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် စည်းကမ်းကောင်းသည့် နိုင်ငံသားအဖြစ် ကျော်လွှားသွားရမည်ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဖြစ်ပွားနေပြီး သန်း ၇၀၀၀ သော လူသားများ၏ လူမှုစီးပွားကျဆင်းနေမှုရှိသော်လည်း စားနပ်ရိက္ခာရောင်းဝယ်မှုသည် ကျဆင်းမှုမရှိဘဲ စားရေးသည် လူတိုင်းအတွက် လိုအပ်ချက်ဖြစ်သဖြင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအလိုက်ကြိုးစားထုတ်လုပ်ပြီး တစ်ဦးချင်းဝင်ငွေမှ နိုင်ငံ့ဝင်ငွေရရှိအောင် လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုပါသည်။ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း မိဘပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် တပ်မတော်အနေဖြင့် စွမ်းအားရှိသမျှ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အသက်ပင်ဖြစ်သည့်အတွက် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်လိုအပ်ပါသည်။ ရွေးကောက်ပွဲတွင် "ပြည်ထောင်စုစိတ်ဓာတ်စစ်စစ်ဖြင့် တိုင်းပြည်ကောင်းအောင် စေတနာထားလုပ်ဆောင်မည့်၊ ဥပဒေကိုစိတ်ဝင်စားအလေးထားသည့် ကိုယ်စားလှယ်ကောင်းများ ရရှိရေးကို ဂရုတစိုက်စိစစ်ရွေးချယ်သွားရန်" အသိပေးလိုပါသည်။ ရွေးချယ်မှု မှန်ကန်မှသာ တိုင်းရင်းသားများလိုလားသည့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို ပြည့်ပြည့်ဝဝခံစားနိုင်မည်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့်လည်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် စုစည်းညီညွတ်ခိုင်မာသည့် ပြည်ထောင်စုကြီးကို တိုင်းရင်းသားပြည်သူလူထုနှင့် အတူလက်တွဲ၍ တည်ဆောက်သွားမည်ဖြစ်ပြီး အဖွဲ့အစည်းအားလုံး၊ တိုင်းရင်းသားပြည်သူလူထုအားလုံးကလည်း အမိနိုင်ငံတော်၏ ထာဝရငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပါဝင်ဆောင်ရွက်သွားနိုင်ရေး သဝဏ်လွှာပေးပို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သော စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ယနေ့အထိ အစည်းအဝေး (၉) ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၀၉ ချက်ချမှတ်ကာ ဆောင်ရွက်ရန်ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက်ကော်မတီက ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်သည့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့သည့် ကဏ္ဍများမှ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပထမအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၃၃၉၃ ခုသို့ ငွေပမာဏ ငွေကျပ် ၁၀၁ ဒသမ ၁၂၈ ဘီလီယံ ထုတ်ပေးရန် စိစစ်ခွင့်ပြုခဲ့သည့်အနက် လုပ်ငန်း ၃၂၃၉ ခုသို့ ငွေကျပ် ၉၇ ဒသမ ၀၅၀ ဘီလီယံ ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျန်ရှိသည့် လုပ်ငန်း ၁၅၄ ခုသို့ ချေးငွေ ငွေကျပ် ၄ ဒသမ ၀၇၈ ဘီလီယံ ဆက်လက်ထုတ်ပေးရေး မြန်မာ့စီးပွားရေးဘဏ်က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် ချေးငွေထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က ငွေကျပ် ဘီလီယံ ၁၀၀ ထပ်မံလျာထားပေးခဲ့ပြီး ပထမအသုတ်အဖြစ် လုပ်ငန်း ၁၀၄၁ ခုသို့ ငွေကျပ် ၂၀ ဒသမ ၇၇၇ ဘီလီယံခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ထပ်မံ၍ လုပ်ငန်း ၁၂၀၀ ခုသို့ ငွေကျပ် ၂၁ ဒသမ ၁၂၂ ဘီလီယံထုတ်ပေးနိုင်ရေးအတွက် အတည်ပြုပေးမည်ဖြစ်ပါကြောင်း၊ ဤသို့အတည်ပြုပြီးပါက ဒုတိယအကြိမ် ချေးငွေမှ ကဏ္ဍအလိုက် ခွင့်ပြုထုတ်ပေးနိုင်မှုသည် စုစုပေါင်းလုပ်ငန်း ၂၂၄၁ ခုရှိလာမည်ဖြစ်ပြီး ငွေပမာဏမှာ ငွေကျပ် ၄၁ ဒသမ ၈၉၉ ဘီလီယံ ရှိလာမည်ဖြစ်ပါကြောင်း၊ ကဏ္ဍတစ်ခုချင်းအလိုက် ချေးငွေထုတ်ပေးနိုင်မှု အခြေအနေမှာ စိုက်ပျိုးရေးကဏ္ဍ လုပ်ငန်း ၄၁ ခု ငွေကျပ် သန်း ၁၀၁၀၊ မွေးမြူရေးကဏ္ဍ လုပ်ငန်း ၁၈၂ ခု ငွေကျပ် ၂၉၅၇ သန်း၊ ရေလုပ်ငန်းကဏ္ဍ လုပ်ငန်း ၉၃ ခု ငွေကျပ် ၂၂၁၈ သန်း၊ ပို့ကုန်လုပ်ငန်း ကဏ္ဍ လုပ်ငန်း ၄၂ ခု ငွေကျပ် သန်း ၁၇၇၀၊ သွင်းကုန်အစားထိုးကဏ္ဍလုပ်ငန်း ၁၅၃ ခု ငွေကျပ် ၃၄၃၂ သန်း၊ Supply Chain လုပ်ငန်းများ လုပ်ငန်း ၄၉ ခု ငွေကျပ် ၁၂၅၇ သန်း၊ စားသောက်ကုန်ကဏ္ဍ လုပ်ငန်း ၁၅၇၀ ငွေကျပ် သန်း ၂၇၅၆၀၊ ပြည်ပအလုပ်အကိုင် ရှာဖွေရေးလုပ်ငန်းများ လုပ်ငန်း ၇၀ ငွေကျပ် သန်း ၈၇၀၊ အသက်မွေးပညာသင်လုပ်ငန်းများ လုပ်ငန်း ၄၁ ခု ငွေကျပ် ၈၂၅ သန်း၊ စုစုပေါင်း လုပ်ငန်း ၂၂၄၁ ခု ငွေကျပ် ၄၁၈၉၉ သန်း ဖြစ်ပါကြောင်း။

ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ ချေးငွေထုတ်ပေးနိုင်ရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ငွေကျပ် ၁၅ ဘီလီယံ သီးခြားလျာထားပေးပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေအား ဆောလျင်စွာ ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးသွားရန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ အပေါ် မိမိတို့လုပ်ငန်းကော်မတီက ကုစားရေးဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ သက်ရောက်မှု ဆန်းစစ်ခြင်း (Impact Assessment) ဆောင်ရွက်ကာ အဆိုပါ ဆန်းစစ်ချက်အပေါ်မူတည်၍ မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် မည်သို့ဆက်လက် ကုစားဆောင်ရွက်သင့်သည်ကို သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံ့ဝန်ထမ်းများအတွက် ကြိုတင်လစာ ချေးငွေထုတ်ပေးမှု အခြေအနေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများသို့ ချေးငွေထုတ်ပေးနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်သို့ ရန်ပုံငွေဖြည့်တင်းထားမှုအခြေအနေ၊ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းသို့ ချေးငွေထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နေမှု အခြေအနေအပါအဝင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဝင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ချေးငွေများအား ပုဂ္ဂလိကဘဏ်များမှ ထုတ်ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် ချေးငွေထုတ်ပေးနိုင်ရေး စိစစ်ခြင်းကို မှန်ကန်တိကျမှု ပိုမိုကောင်းမွန်စေရေးအတွက် အချိန်ယူ ဆောင်ရွက်ခဲ့ရသော်လည်း ချေးငွေများ ထုတ်ပေးခြင်းကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးရေးနှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီဝင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ချေးငွေထုတ်ပေးပြီး နောက်ပိုင်းတွင် လုပ်ငန်းရှင်များက ရရှိသည့်ချေးငွေအပေါ် အသုံးပြုဆောင်ရွက်မှုအခြေအနေကိုလည်း ဆန်းစစ်သုံးသပ်ရန်အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပုဂ္ဂလိကဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်းများ အရှိန်မပျက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် နိုင်ငံတော်မှ ချေးငွေထုတ်ချေးခြင်းအပါအဝင် အခြားထောက်ပံ့ကူညီမှုများနှင့် ပတ်သက်၍ မည်မျှကျခံဆောင်ရွက်ပေးထားသည်ကို စုစည်းတွက်ချက်ထားရှိရေးတို့နှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းကော်မတီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ကြပြီး လုပ်ငန်းကော်မတီသို့ ဌာန၊ အဖွဲ့အစည်းအသီးသီးက တင်ပြထားရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ကြသည်။ **သတင်းစဉ်**

# ကျန်းမာစေရန် သတိပြုသင့်သည့်ညစာ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



လူ့ခန္ဓာကိုယ်ရဲ့ ဇီဝယန္တရားတွေအလုပ်လုပ်ပုံကို ကမ္ဘာတစ်ဝန်းရှိ သုတေသီတွေက လေ့လာတွေ့ရှိလာခဲ့ကြပါတယ်။ ဇီဝယန္တရားတွေဟာ အံ့သြစရာကောင်းလောက်အောင် တိတိကျကျ အလုပ်လုပ်ကြတာ တွေ့ရပါတယ်။ နေ့အချိန်တွေမှာ အစားအစာတွေကို ကောင်းစွာချေဖျက်ပါတယ်။ ဒါဟာနေ့အချိန်လုပ်ရတဲ့ အလုပ်များစွာထဲက အဓိကအလုပ်တစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်ရဲ့ ဇီဝယန္တရားဟာ စားလိုက်တဲ့အစာကို စားတဲ့အချိန်ပေါ်လိုက်ပြီး တုံ့ပြန်တာကိုတွေ့ရပါတယ်။ နေ့အချိန်စားသလား၊ ညအချိန်စားသလား စားတဲ့အချိန်ပေါ်မူတည်ပြီး ခန္ဓာကိုယ်အပေါ် ကွဲပြားစွာအကျိုးသက်ရောက်ပါတယ်။ ညပိုင်း နောက်ကျကျစားတတ်ရင် ကိုယ်အလေးချိန် တက်လာနိုင်ပါတယ်။ ညအိပ်ခါနီး ရေခဲမုန့်စားကြည့်ပါလား၊ အလေးချိန်တက်လာဖို့ ဖြစ်လာတတ်ပါတယ်။

**အချိန်ကို သတိပြုကြဖို့**

မော်လီကျူးဇီဝပညာရှင်တွေက စမ်းသပ်ခံကြွက်လေးတွေကို အုပ်စုနှစ်စုခွဲပြီး တစ်စုကို တစ်နေ့လုံး ၂၄ နာရီပတ်လုံး အစာစားစေပါတယ်။ နောက်တစ်စုကိုတော့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းသာ အစာစားစေပါတယ်။ ဒုတိယအုပ်စုဟာ ကျန်းမာပြီး ပိန်ပိန်ပါးပါး ဖြစ်နေတာတွေ့ရပါတယ်။ ပထမအုပ်စုဝင်ကြွက်တွေဟာ ကိုယ်အလေးချိန်တိုးလာတာ၊ သွေးတွင်းအချိုဓာတ်တွေ များလာတာတွေ့ရပါတယ်။ သူတို့ကိုလည်း ဒုတိယအုပ်စုလို နေ့အချိန်ပဲ အစာစားစေရာမှာတော့ ကိုယ်အလေးချိန်လျော့သွားတာ၊ အချိုဓာတ်လျော့သွားတာတွေ တွေ့ရပါတယ်။ ဒါကြောင့်အဖြစ်များလှတဲ့ ဆီးချို၊ အသည်းအဆီဖုံး စတဲ့ရောဂါတွေအတွက် လူအများအစာစားတဲ့အချိန်ကို သတိပြုကြဖို့ ဖြစ်လာပါတယ်။

ကမ္ဘာကြီးရဲ့ နေထွက်၊ နေဝင် အလင်းနဲ့အမှောင်ကာလတွေမှာ ကွဲပြားစွာအလုပ်လုပ်တာ ဖြစ်ပါတယ်။ ကိုယ်တွင်းအင်္ဂါတွေဟာ နေ့အချိန်တစ်မျိုး၊ ညအချိန်တစ်မျိုး လုပ်ပါတယ်။ ဒါကို ဇီဝနာရီ နရီမှန် (circadian rhythm) လို့ ဆိုနိုင်ပါတယ်။ ညအချိန် အမှောင်ကျလာချိန်မှာ နေ့အချိန်လို အလင်းရောင်တွေ၊ မီးအလင်းရောင်တောက်တောက်ပပတွေ၊ တီဗွီ၊ ကွန်ပျူတာဖန်သားတွေကို အချိန်ကြာကြာထိတွေ့မိရင် ဇီဝနာရီနရီမှန် ထိခိုက်သွားတတ်ပါတယ်။ ဒါကစပြီး ကျန်းမာရေးထိခိုက်စေနိုင်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေ ရင်ဆိုင်လာရစေနိုင်ပါတယ်။ ကမ္ဘာတစ်ဝန်းက လူပေါင်း ၆၃၄၅၁၁ ဦးကို လေ့လာရာမှာ အိပ်ချိန်လျော့နည်းသူတွေမှာ ကိုယ်အလေးချိန်တိုးလာပြီး ဝဖြိုးသူတွေဖြစ်လာတာကို တွေ့ရပါတယ်။ ညဘက် ကောင်းစွာအိပ်မပျော်ခဲ့ရင် အစာစားချင်စိတ်ကို အားပေးတဲ့ဟော်မုန်းတွေ မြင့်တက်လာပြီး ဆာလောင်မှုကို ဟန့်တားတဲ့ ဟော်မုန်းတွေကတော့ လျော့သွားပါတယ်။ သွေးထဲကအချိုဓာတ်တွေကို ထိန်းထားနိုင်တဲ့ အင်ဆူလင်ဟော်မုန်းရဲ့ စွမ်းအင်ကို ကျဆင်းစေတာ၊ အဆီဓာတ်တွေစုပုံလာစေတာ၊ ဆက်စပ်ပြီး ဆီးချိုရောဂါ၊ အဝလွန်တာတွေဖြစ်လာစေတာ ဖြစ်ပါတယ်။

**သင်ကြားမှုနဲ့ မှတ်ဉာဏ်ဆိုင်ရာစွမ်းရည် ကျဆင်း**

အဆိုပါ ဇီဝနာရီ နရီမှန်မှာ အစာနဲ့ပတ်သက်လို့လည်း နေ့နဲ့အချိန်တွေကိုလိုက်ပြီး လူ့ဇီဝယန္တရားက ကွဲပြားစွာအလုပ်လုပ်တဲ့၊ အစာနဲ့ပတ်သက်တဲ့ ဒုတိယဇီဝနာရီဆိုပြီးတော့လည်း ရှိနေနိုင်တာကို ပညာရှင်တွေက သတိပြုမိလာကြပါတယ်။ နေ့၊ ညအလင်းရောင်တွေနဲ့မဆိုင်ဘဲ စားလိုက်တဲ့အစာကို နေ့၊ ညအချိန်တွေနဲ့လိုက်ပြီး ကွဲပြားစွာတုံ့ပြန်တတ်တာ ဖြစ်ပါတယ်။ ၂၄ နာရီပတ်လုံး အစာကို တစွတ်စွတ်စားနေတတ်သူတွေ၊ ညဘက် အစာများများစားတတ်သူတွေမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါတွေနဲ့ ဆက်စပ်ရုံသာမက သင်ကြားမှုနဲ့ မှတ်ဉာဏ်ဆိုင်ရာစွမ်းရည်တွေ ကျဆင်းသွားတာ တွေ့ရပါတယ်။

**နေ့၊ ည အလင်းရောင်တွေနဲ့မဆိုင်ဘဲ စားလိုက်တဲ့အစာကို နေ့၊ ညအချိန်တွေနဲ့လိုက်ပြီး ကွဲပြားစွာတုံ့ပြန်တတ်တာ ဖြစ်ပါတယ်။ ၂၄ နာရီပတ်လုံး အစာကို တစွတ်စွတ် စားနေတတ်သူတွေ၊ ညဘက် အစာများများစားတတ်သူတွေမှာ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါတွေနဲ့ ဆက်စပ်ရုံသာမက သင်ကြားမှုနဲ့ မှတ်ဉာဏ်ဆိုင်ရာ စွမ်းရည်တွေ ကျဆင်းသွားတာတွေ့ရ။**

လူသားတွေ ဆင့်ကဲဖွံ့ဖြိုးလာမှုသဘာဝအရ နေ့အချိန်တွေဟာ အစာရှာဖွေ စားသောက်ကြရတာဖြစ်ပြီး ညအချိန်မှာတော့ အစာမစားဘဲ နားနေအိပ်စက် အနားယူခဲ့ကြတာ ဖြစ်ပါတယ်။ ဒီစည်းဝါးချက်အတိုင်း ကိုယ်တွင်းအင်္ဂါတွေကလည်း ဖွံ့ဖြိုးပြောင်းလဲလာတာ ဖြစ်ပါတယ်။ အစာချေအင်ဇိုင်းတွေ၊ ဟော်မုန်းတွေဟာ လူတွေနေထိုင်လှုပ်ရှား၊ အနားယူကြတဲ့ စည်းချက်နဲ့အညီ အလုပ်လုပ်ကြပါတယ်။ အခုခေတ်မှာတော့ ညပိုင်းမှာ ပိုပြီးလှုပ်ရှားသွားလာကြတယ်၊ အစာစားကြတယ်ဆိုတဲ့ ပုံစံကြောင့် မူလစည်းဝါးနဲ့ မကိုက်ညီတော့တာ တွေ့ရပါတယ်။ အစာစားလိုက်တာနဲ့အတူ အင်ဆူလင်ဟော်မုန်းတွေ၊ သွေးအတွင်း အချိုဓာတ်တွေ တက်လာကြပါတယ်။ ညပိုင်းစားရင် ညပိုင်းမှာ တက်နေပါတယ်။ စည်းချက်မကျဘဲ အခုလိုဖြစ်နေခြင်းက ကင်ဆာဖြစ်လာနိုင်မယ့် ဆဲလ်တွေကို လှုံ့ဆော်ပေးလာနိုင်ပါတယ်။

**နံနက်စောစာဟာ အလွန်အရေးကြီး**

လေ့လာမှုတွေအရ ရင်သားကင်ဆာကုသမှုခံယူအပြီး အသက်ရှင်သန်နေသူတို့မှာ ညအချိန် အနည်းဆုံး ၁၃ နာရီလောက် အစာမစားဘဲနေပါက ကင်ဆာရောဂါ ပြန်ဖြစ်လာမှု သိသာစွာလျော့သွားတာ တွေ့ရပါတယ်။ ညအချိန် အစာမစားခြင်းဟာ အစားရှောင်ခြင်းအမျိုးမျိုးထက် အကျိုးရှိနေနိုင်ကြောင်း ယူဆကြပါတယ်။ ညနေ ၆ နာရီ၊ နောက်အကျဆုံး ည ၈ နာရီနောက်ပိုင်း အစာမစားဘဲ နေကြည့်ပါ။ အဲဒီနောက်ပိုင်း ၁၂ နာရီခြားပြီးမှ အစာစားပါ။ ည ၈ နာရီ ညစာစားထားတယ်ဆိုပါစို့ နံနက် ၈ နာရီမှာ နံနက်စာစားပါ။ အစာလမ်းကြောင်းကို ပြည့်ဝစွာ အနားပေးလိုက်ခြင်း ဖြစ်ပါတယ်။ ဒါဟာ အတော်အကျိုးပြုနိုင်တာ တွေ့ရပါလိမ့်မယ်။ အရေးကြီးတာက နံနက်စာကိုတော့ စားရမှာဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွက် အာဟာရဖြည့်တင်းဖို့ နံနက်စောစာဟာ အလွန်အရေးကြီးပါတယ်။ ညစာစားပြီး ၁၂ နာရီမှ ၁၄ နာရီအကြာမှာ မဖြစ်မနေ အစာစားသင့်ပါတယ်။

ကိုယ်ခန္ဓာအတွက် အပိုအလေးချိန်တွေ မစုလာစေဖို့ အောက်ပါအချက်တွေကို တင်ပြလိုပါတယ်။

၁။ ညနေစာ (သို့မဟုတ်) ညစာကို ညနေ ၆နာရီ-ည ၈ နာရီ နောက်ဆုံးထားစားပါ။ အဲဒါပြီး ၁၂ နာရီကြာအောင် အစာမစားပါနဲ့၊ ရေသောက်နိုင်ပါတယ်။

၂။ နံနက်စာကို ရှင်ဘုရင်လိုစား၊ နေ့လယ်စာကို မင်းသားလိုစား၊ ညစာကို သူတောင်းစားလိုစား ဆိုတဲ့ အဆိုရှိပါတယ်။ ဒါကြောင့် နံနက်စာကို ရှင်ဘုရင်စားသလို ကောင်းနိုးရာရာတွေ ဝဝဆာဆာ စားနိုင်ပါတယ်။ တစ်နေ့တာအာဟာရအတွက် အင်အားတွေ ဖြည့်တင်းပေးခြင်း ဖြစ်ပါတယ်။ နေ့လယ်စာကတော့ မင်းသားလို အလှစားပါလို့ ဆိုပါတယ်။ သို့သော် နေ့လယ်စာကိုလည်း အင်အားအတွက် ပြည့်ပြည့်ဝဝ စားသင့်တယ်လို့ ထင်ပါတယ်။ ညစာကတော့ ပေါ့ပေါ့ပါးပါး ရှိတာလေးနဲ့ တင်းတိမ်ရုံလေးစားပါလို့ ဆိုပါတယ်။ ညစာကတော့ အရေးကြီးတာပါ။ ညနေ၊ ညပိုင်း အချိန်စောစောလေးစားနိုင်လေ ကောင်းလေ ဖြစ်ပါတယ်။

၃။ ညစာစားပြီးတာနဲ့ နံနက်မိုးလင်းတဲ့အထိ ဘာမှ မစားသင့်တော့ပါ။ ရေကိုသာသောက်သင့်ပါတယ်။ အချိုရည်တွေ၊ အသီးအနှံစတာတွေလည်း မစားတော့ဘဲ အစာလမ်းကြောင်းကို ၁၂ နာရီလောက် အနားပေးလိုက်ဖို့ပါ။

၄။ သဘာဝစည်းဝါးချက်ဖြစ်တဲ့ ဇီဝနာရီ နရီမှန်ကို ထိန်းထားနိုင်ရေးဟာ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးတဲ့အချက်ဖြစ်တယ်ဆိုတာ နှလုံးသွင်းဆောင်ရွက်ရပါမယ်။

ရှေးမြန်မာကြီးတွေဟာ တစ်နေ့ကို ၆၅ ကျပ်သားကနေ ၉၀ ကျပ်သားပဲ စားတယ်လို့ ဖတ်ဖူးပါတယ်။ ချိန်ခွင်နဲ့ချိန်ပြီး တစ်နေ့တာစားစရာကို စားကြတာပါ။ အင်အားအသုံးများသူတွေက ထမင်း၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အတို့အမြှုပ်တွေကို ၉၀ ကျပ်သားလောက် စားကြတယ်၊ အစာတစ်ခုနဲ့တစ်ခုကို အနည်းဆုံးအချိန် နှစ်နာရီမှ လေးနာရီခန့်ခြားပြီး စားကြတယ်။ အစာအိမ်နားရအောင်လို့လို့ ဆိုပါတယ်။ အစာစားရင်လည်း ရေသောက်ဖို့ရေအတွက်နေရာ ချန်ထားရပါတယ်။ ညစာကိုလည်း အနည်းအကျဉ်းသာ စားကြပါတယ်။ နေဝင်မိုးချုပ်ချိန်ဟာ နားချိန်ဖြစ်ပါပြီ။

မိသားစုတွေ စုဝေးစကားပြောကြ၊ ဘုရားဝတ်ပြုကြ၊ စောစောအိပ်ရာဝင်ကြပါတယ်။ ရှေးမြန်မာတွေရဲ့ ဘဝနေထိုင်ပုံဟာ ရိုးရှင်းပြီး သဘာဝစည်းချက်နဲ့လည်း ကိုက်ညီပါတယ်။ ဒါကြောင့် ရောဂါဘယတွေ ကင်းလေ့ရှိကြပါတယ်။

**အိပ်ခန်းအပူချိန်ဟာ မပူ၊ မအေးလွန်းဖြစ်သင့်**

ညအချိန်ဟာ နားနေချိန် ဖြစ်ပါတယ်။ ညနေ ၆ နာရီဟာ အထက်မှာတင်ပြခဲ့သလို တစ်နေ့တာအတွက် အစာစားမှု နောက်ဆုံးအချိန် ဖြစ်သင့်ပါတယ်။ ည ၇ နာရီကတော့ မိသားစုအတွက်အချိန်ပါ။ မိသားစုဝင်တွေနဲ့ နွေးနွေးထွေးထွေး စကားစမြည်ပြောသင့်တဲ့အချိန် ဖြစ်ပါတယ်။ ည ၈ နာရီမှာတော့ အိမ်တွင်းက မီးအလင်းရောင်တွေကို လျှော့ထားသင့်ပါပြီ။ မလိုတဲ့ လျှပ်စစ်မီးနဲ့ အသုံးအဆောင်တွေကို ပိတ်ထားသင့်ပါတယ်။ အလားတူပဲ ည ၉ နာရီမှာတော့ အသံတွေကို အနိမ့်ဆုံးထားသင့်ပါတယ်။ 60Decibles ထက်ကျယ်တဲ့ အသံ (ရိုးရိုးစကားပြောသံထက် ကျယ်တဲ့အသံ) တွေဟာ အာရုံကြောစနစ်ကိုလှုံ့ဆော်တတ်တာမို့ အိပ်စက်ခြင်းကို ထိခိုက်စေနိုင်ပါတယ်။ ညင်သာတဲ့ အသံမျိုးတွေ- တရားသံ၊ ငြိမ့်ညောင်းတဲ့ ဂီတသံလေးတွေ နားထောင်နိုင်ပါတယ်။ ည ၉ နာရီ ၁၅ မိနစ်လောက်မှာ ရေနွေးနွေးလေးနဲ့ ရေချိုးနိုင်ပါတယ်။ ကိုယ်ခန္ဓာသန့်စင်သွားသလို အပူချိန်နွေးနွေးလေးကနေ အပူချိန်တဖြည်းဖြည်း လျော့ကျလာမှုက အိပ်ချင်စိတ်ကို ဖြစ်စေပါတယ်။ အိပ်ခန်းအပူချိန်ဟာ မပူ၊ မအေးလွန်း ဖြစ်သင့်ပါတယ်။ ၁၇ ဒီဂရီစင်တီဂရိတ်လောက်ဟာ အသင့်တော်ဆုံးလို့ သိရပါတယ်။ ည ၁၀ နာရီမှာတော့ လျှပ်စစ်အသုံးပြုတာတွေ အားလုံးပိတ်ပစ်ပါ။ အိပ်ခန်းအတွက် အလင်းမှိန်မှိန်လေးသာထားပါ။ ဘုရားရှိခိုးတာ၊ အာရုံပြုတာတွေလုပ်ပြီး အေးချမ်းစွာ အိပ်စက်အနားယူရမှာ ဖြစ်ပါတယ်။ ညအချိန်ကို ကောင်းစွာအနားပေးခြင်းဖြင့် ကျန်းမာသက်ရှည်မှုကို များစွာအထောက်အကူပေးနိုင်တာ တွေ့ရပါလိမ့်မယ်။ အခုလို Stay at Home ကာလမှာ ကိုယ်အလေးချိန်တွေ တက်မလာစေဖို့ သတိပြုထိန်းသိမ်းကြဖို့ လိုပါတယ်။ ညစာကို သတိနဲ့ယှဉ်၊ ချင့်ချိန်စားနိုင်ကြစေလိုပါကြောင်းပါခင်ဗျား။ ။

Reference – You are when you eat..Reader's Digest January 2017.

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်း



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က အလှူငွေများပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က လှူဒါန်းရသည့် အကြောင်းရင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် ပြောင်းလဲလျက်ရှိသော ရောဂါပိုး၏ သဘောသဘာဝ၊ ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဍာန်၊ မိမိတို့တွင်ရှိသော အရင်းအမြစ် အခြေအနေစသည့် အခြေအနေအရပ်ရပ်တို့ကို အမြဲဆန်းစစ် သုံးသပ်ကာ လုပ်ငန်းနည်းဗျူဟာများကို မွမ်းမံပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊

မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ထိရောက်သော ကာကွယ်ဆေး ထွက်ပေါ်လာသည့် အချိန်မတိုင်မီကာလအထိ ကူးစက်မှုလှိုင်းငယ်များရှိနိုင်သဖြင့် ရောဂါကာကွယ်ရေးစည်းကမ်းများကို အထူးအလေးထားလိုက်နာကြရန် အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ သေဆုံးလူနာများ၏ ၉၅ ရာခိုင်နှုန်းသည် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးနှင့် သွေးကြောရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါရှိသူများ ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ချိန်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရသည့် တစ်အိမ်တည်းနေသူများထံမှ ရောဂါကူးစက်နိုင်ပါကြောင်း။

သို့ဖြစ်၍ နာတာရှည်ရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် တစ်အိမ်တည်းနေထိုင်သူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားစားသောက်ခြင်းနှင့် အိပ်စက်ခြင်းတို့ကို လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုကဲ့သို့သော လှူဒါန်းမှုများသည် ဝန်ကြီးဌာန၏ ဆေးရုံများ၌ အထူးကြပ်မတ်ကုသဆောင်များ၊ အောက်ဆီဂျင်ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်းပြုလုပ်ရာ၌လည်းကောင်း၊ အခြားသော ဆေးရုံပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများအတွက်လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရေရှည်ကာလအတွက်လည်း များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစု၊ မြန်မာ့မီးရထား၊ စီးပွားရေးရာဌာနနှင့် သွားလာပို့ဆောင်ရေးဌာနမှ ဝန်ထမ်းများက လှူဒါန်းငွေကျပ် သိန်း ၁၀၀၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများက လှူဒါန်းငွေကျပ် ၂၆၈၅၃၀၀၀၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ထမ်းများက လှူဒါန်းငွေကျပ် ၃၅၃၀၀၀၀၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများက လှူဒါန်းငွေကျပ် ၄၂ သိန်း၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းငွေကျပ် ၁၀ သိန်း၊ လှိုင်ကော်တက္ကသိုလ်မိသားစုက လှူဒါန်းငွေကျပ် ၁၃၂၀၀၀၀၊ တောင်ကြီးတက္ကသိုလ်မိသားစုက လှူဒါန်းငွေကျပ် ၃၀၀၅၀၀၀၊ ရတနာပုံတက္ကသိုလ်မိသားစုက လှူဒါန်းငွေကျပ် ၇၄၇၅၀၀၀၊ ဦးထင်ကျော်၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တောင်ကြီး) နှင့်ဇနီး ဒေါ်နန်းမွေး၊ သားသမီးမြေးတစ်စုက လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ဦးသက်ရှည်–ဒေါ်မြင့်မြင့်သူ မိသားစု၊ (FMI City)၊ လှိုင်သာယာက လှူဒါန်းငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ ကိုဗစ်ရောဂါကင်းစင်သွားသည့် အသက် ၁၀၀ အရွယ်ရှိ အဘွားဒေါ်သိန်းခင်အား ဆေးဝါးများနှင့် အာဟာရအစာများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ရဲဘော်(၁) လမ်းနေ ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိခဲ့သည့် အသက် ၁၀၀ အရွယ် အဘွားဒေါ်သိန်းခင်မှာ ရောဂါပိုးကင်းစင်သွား၍ နေအိမ်တွင် ခုနစ်ရက် Home Quarantine နေခဲ့ပြီး မြို့နယ် ကိုဗစ်ကော်မတီ၏ နာယကများဖြစ်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အဘွားဒေါ်သိန်းခင်အား ဂါရဝပြုကန်တော့ကြကာ ကိုဗစ်ရောဂါကို ခုခံအနိုင်ယူခဲ့ခြင်းအပေါ် ဝမ်းသာပီတိသတင်း မေးမြန်းခဲ့ကြသည်။ အဘွားက ပြန်လည်၍ ဆုပေးစကားပြောပြီး တာဝန်ရှိသူများက ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများ၊ စားသောက်ဖွယ် အာဟာရများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။



**ဉာဏ်ဟိန်း**



## ပြန်ကြားရေးဝန်ကြီးဌာနသို့ U Pay Technology Co.,Ltd. က နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါအန္တရာယ်မှ ကာကွယ်ထိန်းချုပ်နိုင်ရေးတွင် အထောက်အကူဖြစ်စေရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အတွက် U Pay Technology Co.,Ltd. က ရောဂါ ကာကွယ်ရေးသုံး နှာခေါင်းစည်းများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား–ရန်ကုန်၌ ပြုလုပ်သည်။

ရှေးဦးစွာ U Pay Technology Co.,Ltd. မှ Xintao Liu (Chief Executive Officer) က လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနအတွက် နှာခေါင်းစည်း ၂၀၀၀၀ နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် နှာခေါင်းစည်း ၂၀၀၀၀ စုစုပေါင်း နှာခေါင်းစည်း ၄၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ညိုညိုစမ်း**

## ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှ စ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီ အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက် ညနေတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့် ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စော၊ ကိုဗစ်–၁၉ ကုသရေးဌာန၊ ရန်ကုန် (ဖောင်ကြီး) ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုနိုင်နှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစည်သူအောင်တို့က ပြည်သူများ သိရှိလိုသည့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ပေါ့စတစ် (Positive) ပျောက်ကင်းခဲ့သူများနှင့် တွေ့ဆုံခြင်း

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၁၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်၏ ကိုဗစ် – ၁၉ ပေါ့စတစ် (Positive) ပျောက်ကင်းခဲ့သူများနှင့်တွေ့ဆုံခြင်း အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်–**

**ရဲဝင်းမြတ်၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**အစီအစဉ်မှူး။** ။ ကိုဗစ်–၁၉ ရောဂါနဲ့ ပတ်သက်လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်းစည်းကမ်းတွေကို ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အပတ်စဉ် အသိပညာပေးရှင်းလင်းပြောကြားပေးနေတဲ့ ပညာပေးအစီအစဉ် ဖြစ်ပါတယ်။

### ခွန်အားဖြစ်စေဖို့

ဒီလိုမျိုး စည်းမျဉ်းစည်းကမ်းတွေကို ပူးပေါင်းပါဝင်လိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် ရောဂါနဲ့ပတ်သက်လို့ ပကတိဖြစ်ပေါ်နေတဲ့ အခြေအနေကို သိနိုင်မှာဖြစ်ပြီး မလိုလားအပ်တဲ့ စိုးရိမ်ကြောင့်ကြမှုတွေကိုလည်း လျော့နည်းစေနိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့အစီအစဉ်မှာဆိုရင်လည်း ကိုဗစ် – ၁၉ ရောဂါကို ကိုယ်တိုင်ခံစားခဲ့ရပြီး မှန်ကန်တဲ့ ကုသမှုတွေကိုခံယူကာ ပြန်လည်သက်သာလာသူတွေနဲ့ တွေ့ဆုံပြီး သူတို့ ဘယ်လို ကုသမှုတွေကို ခံယူပြီး ဘယ်လိုခွန်အားတွေနဲ့ ဒီရောဂါကို ရင်ဆိုင်ကျော်လွှားခဲ့ရတယ်၊ နောက်ဆက်တွဲအနေနဲ့လည်း ဆောင်ရန်၊ ရှောင်ရန်တွေကို ဘယ်လိုမျိုး လိုက်နာဆောင်ရွက်နေရတယ်ဆိုတဲ့ အတွေ့အကြုံတွေကို မိဘပြည်သူတွေ ခွန်အားဖြစ်စေဖို့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးပွဲအတွက် ဖောင်ကြီး Covid–19 ကုသရေးဌာန၌ တက်ရောက်ခဲ့တဲ့ ကော့မှူးမြို့နယ်မှ ဦးအေးသိန်း၊ တာမွေမြို့နယ်မှ ဒေါ်ခင်ခင်ဦး၊ အင်းစိန်မြို့နယ်မှ ဦးအောင်ခင်(ခ)နီတာတို့က ပါဝင်ဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။** ။ ကိုနီတာကို ပထမဆုံး မေးချင်ပါတယ်။ ရောဂါစဖြစ်တဲ့အချိန်ကနေစပြီးတော့ အဲဒီအကြောင်း အတွေ့အကြုံလေးတွေကို အရင်ဆုံးပြောပြပေးပါဦးရှင့်။

**ကိုနီတာ။** ။ ဟုတ်ကဲ့ ပထမဆုံးကတော့ မြန်မာနိုင်ငံမှာ မတ်လ ၂၃ ရက်နေ့မှာ ကိုဗစ်စပြီး တွေ့တာပေါ့။ စတွေ့တော့ ကျွန်တော်တို့လည်း အဲဒီမတိုင်ခင်က ဘယ်မှမသွားဖြစ်ဘူး။ ၂၉ ရက်နေ့ကျတော့ အမေ့ရဲ့မွေးနေ့ရှိတယ်ဆိုပြီးတော့ အပြင်ထွက်လိုက်တယ်။ အပြင်ကိုထွက်တာက အချိန် တစ်နာရီခွဲ လောက်ပဲကြာလိုက်တယ်။ အပြင်ထွက်လိုက်တယ်။ ကျွန်တော် Live လွှင့်တဲ့အစီအစဉ်လေးတစ်ခုကို ဝင်လိုက်တယ်။ အဲဒါပြီးတာနဲ့ ကျွန်တော်ပြန်လာတယ်။ တစ်ရက်ကျော်မှာ စပြီးတော့ ဖျားတယ်။

### ၁၀ ရက် တောက်လျှောက်ဖျား

မှတ်မှတ်ရရဆိုရင် ဧပြီ ၁ ရက်နေ့ကနေ ဖျားတယ်။ ၁၀ ရက်နေ့အထိ တောက်လျှောက်ဖျားတယ်။ ပြီးတော့ ၁၀ ရက်နေ့ ညမှာကျတော့ ကျွန်တော်နဲ့တွေ့ခဲ့တဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက်က ပေါ့စတစ် (Positive) ဖြစ်တယ်ဆိုတဲ့သတင်း ထွက်လာတယ်။ အဲဒီတော့ ကျွန်တော်က ကိုယ့်စိတ်ထဲမှာ ဒါဆိုရင်တော့ ကျွန်တော်ဖျားတာ ၁၀ ရက်လောက်ဆိုတော့ ပုံမှန်တော့မဟုတ်လောက်ဘူး။ ဒါတစ်ခုခုကြောင့် ဒီလောက်ဖျားတာနဲ့ တူတယ်ပေါ့။

အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒါကို ကျန်းမာရေးဝန်ကြီးဌာနကို ဆက်သွယ်ရမယ်ဆိုပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန ဖုန်းနံပါတ်ကိုယူတယ်။ ပြီးတော့ ရန်ကုန်တိုင်း ကျန်းမာရေးကို စပြီး ကျွန်တော်ဆက်သွယ်လိုက်တယ်။ ဆက်သွယ်လိုက်တော့ ဖြစ်စဉ်ကိုမေးတော့ ကျွန်တော် ဒီလိုပဲ အပြင်ကို အချိန်ပိုင်းလေး ထွက်တာရှိတယ်။ ပြီးတော့ ကျွန်တော်တို့ မိတ်ဆွေထဲက တစ်ယောက်ကလည်း ပေါ့စတစ်ဖြစ်သွားတယ်ပေါ့နော်။ အဲဒီတော့ ကျွန်တော်ဖျားတာလည်း ၁၀ ရက်ကျော်ပြီဆိုတော့ ဒါဆိုရင် Q ဝင်ဖို့ လိုအပ်သလားပေါ့။ လိုတယ်ဆိုရင် ကျွန်တော် လိုအပ်သလို လုပ်ပါ့မယ်ဆိုတာမျိုး စပြီးတော့ ဆက်သွယ်လိုက်တယ်။

အဲဒီကို စဆက်သွယ်တာက ဧပြီ ၁၂ ရက်နေ့မှာပေါ့။ ၁၄ ရက်နေ့ နေ့ခင်းပိုင်းမှာ ကျွန်တော့်ကို ဗော်လန်တီယာ (Volunteer) ကားနဲ့ လာခေါ်တယ်။ အင်းစိန်ဆေးရုံ စရောက်သွားတယ်။ အဲဒါပြီးတော့ ကျွန်တော့်ကို အဲဒီနေ့ ညနေကတော့ သွေးပဲ ဖောက်စစ်တာပေါ့။ ၁၅ ရက်နေ့ မနက်မှာ ကျွန်တော့်ကို Swab တွေ၊ ဘာတွေ စယူပြီး ဧပြီ ၁၇ ရက်နေ့ မနက်မှာကျတော့ အဖြေထွက်ပြီ။



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဦးအောင်ခင်(ခ)နီတာ၊ ဦးအေးသိန်းနှင့် ဒေါ်ခင်ခင်ဦးတို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

> **မှတ်မှတ်ရရဆိုရင် ဧပြီ ၁ ရက်နေ့ကနေ ဖျားတယ်။ ၁၀ ရက်နေ့အထိ တောက်လျှောက်ဖျားတယ်။ ပြီးတော့ ၁၀ ရက်နေ့ ညမှာကျတော့ ကျွန်တော်နဲ့တွေ့ခဲ့တဲ့ ကျွန်တော့် မိတ်ဆွေတစ်ယောက်က ပေါ့စတစ် (Positive) ဖြစ်တယ်ဆိုတဲ့သတင်း ထွက်လာတယ်။ အဲဒီတော့ ကျွန်တော်က ကိုယ့်စိတ်ထဲမှာ ဒါဆိုရင်တော့ ကျွန်တော်ဖျားတာ ၁၀ ရက်လောက်ဆိုတော့ ပုံမှန်တော့မဟုတ်လောက်ဘူး။ ဒါတစ်ခုခုကြောင့် ဒီလောက်ဖျားတာနဲ့ တူတယ်ပေါ့။**

### အဆင်ပြေစွာဖြတ်ကျော်

အဖြေထွက်တော့ ကျွန်တော် ပေါ့စတစ်ဖြစ်ပြီဆိုတာကို သိရပြီ။ အဲဒီကနေမှ ကျွန်တော် ဝေဘာဂီဆေးရုံရောက်ပြီးတော့ ဆေးဝါးကုသမှုကို ခံယူတယ်။ ၁၀ ရက်ကြာပြီးတော့ ၂၇ ရက်နေ့မှာ ပြန်စစ်တဲ့အချိန် ကျွန်တော် ပေါ့စတစ်ပဲ ထပ်ထွက်တယ်ဆိုပြီးတော့ ထပ်နေရတယ်။ နောက် ၅ လပိုင်း ၃ ရက်နေ့မှာ တစ်ခေါက် ထပ်စစ်တဲ့အချိန်မှာ နက္ကတစ်(Negative) စထွက်တယ်။ ပြီးတော့ ၆ ရက်နေ့ ထပ်ပြီးတော့ စစ်တယ်။ ၇ ရက်နေ့ အဖြေထွက်တဲ့အချိန်မှာ နက္ကတစ် ထပ်ထွက်တယ်။ ကျွန်တော်က ပေါ့စတစ် ၂ ကြိမ်၊ နက္ကတစ် ၂ ကြိမ် အဲဒီလိုမျိုးနဲ့ ကျွန်တော်က ကိုဗစ်ကို အဆင်ပြေစွာနဲ့ ပြန်ပြီး ဖြတ်ကျော်နိုင်တယ်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့။ ဒီတော့ ရောဂါလက္ခဏာအနေနဲ့ကတော့ ဖျားတာပဲ ပြတာပေါ့နော်။ ဖျားတာ တစ်ခုပဲလားရှင့်။

**ကိုနီတာ။** ။ ဖျားတယ်။ ဖျားတာကတော့ ကျွန်တော်ဆေးခန်း ၂ ရက်ပြလိုက်သေးတယ်။ အဲဒီ ၂ ရက်ပြတာက ပထမ ဖျားတဲ့ပုံစံက အအေးမိပြီးတော့ ဖျားသလို၊ တုပ်ကွေးဖျားသလိုလောက်ပဲပေါ့။ အဲလိုမျိုးလေးပဲ ဖျားတာ။

ဒါပေမယ့် ၂ ရက်ပြီးသွားတဲ့အချိန်မှာလည်း မနက်ပိုင်းဆို သက်သာတယ်။ ညနေပိုင်းဆိုရင် ကိုယ်ပူက ပြန်ပြန်တက်လာတယ်။ အဲဒီလိုမျိုး ဖြစ်လာတာပေါ့။ ပြီးတော့ ပထမဆုံးအချိန်မှာ တုန်းကတော့ ဒီတစ်ပတ်လောက်က ချောင်းတော်တော်ကို ဆိုးတာ၊ လည်ချောင်းတွေပါနာတဲ့အဆင့်အထိကို ဆိုးတာ။ အဲဒီလို အနေအထားမျိုးပေါ့။

ဒါပေမယ့်လည်း အဲဒါပြီးသွားတဲ့အချိန်ကျတော့ ချောင်းဆိုးက ပျောက်သွားတယ်။ ဒါပေမယ့် ဆေးရုံရောက်သွားပြီးတဲ့ နောက်ပိုင်းကျတော့ Pressure အရမ်းကျလာတဲ့ အနေအထားမျိုး ဖြစ်လာတယ်။ ကျွန်တော်ရဲ့ ဖြစ်တဲ့ပုံစံက Pressure အတော်ကျတယ်၊ မူးတယ်၊ ကိုယ်ပူတာကတော့ ဆေးရုံရောက်သွားတဲ့အချိန်မှာ မဖြစ်တော့ဘူး။ အဓိက Pressure အလွန်ကျတယ်။ အဲဒါမျိုးခံစားရတာပေါ့နော်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါရှင့်။ နောက်ထပ်ကတော့ ဦးအေးသိန်းကို မေးချင်ပါတယ်။ အန်ကယ့်အနေနဲ့ရော ကိုဗစ်–၁၉ ရောဂါပိုးစပြီးတော့ တွေ့ရှိတယ်ဆိုတာကို ဘယ်လိုမျိုး သိခဲ့တာလဲ။ အဲဒါလေး ပြောပြပေးပါဦး။

**ဦးအေးသိန်း။** ။ ကျွန်တော်ရဲ့ လက်ပွန်းတတီး မိတ်ဆွေတစ်ယောက်က စပြီးတော့တွေ့တာပေါ့။ သူက ရန်ကုန်မှာနေတယ်။ နေတဲ့အခါ သူဖြစ်ပြီး သူဖျားတယ်။ ဖျားပြီးတော့ အနံ့မရဘူးပြောတယ်။ ကျွန်တော်ကလည်း အဲဒီမှာ နည်းနည်းဖျားလိုက်တယ်။ ဖျားပြီးတော့ အနံ့မရတော့ဘူး။

အနံ့မရတဲ့အခါ သူဖြစ်ရင်တော့၊ သူ့ကို စစ်တဲ့အခါကျတော့ ပေါ့စတစ်လည်းတွေ့တယ်ဆိုတော့ ကျွန်တော့်ကို စစ်လည်း တွေ့မယ်ဆိုတာ ယုံကြည်ပြီးသား ဖြစ်သွားတယ်။ ဘာလို့လဲဆိုတော့တပူးပူးတတွဲတွဲနေတာကိုး။ အဲဒါနဲ့ နောက်ရက်မှာ စစ်တာပေါ့နော်၊ ၆ ရက်နေ့မှာ စစ်တယ်။ ၇ ရက်နေ့မှာ ဆေးရုံတက်ရတာပေါ့။ ဖောင်ကြီးကို တန်းသွားရတာ။ အဲဒီလို ဖြစ်ခဲ့တာပေါ့။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါရှင်။ အဲဒီတော့ ရောဂါလက္ခဏာကရော ဘယ်လိုမျိုးတွေပြလဲရှင့်။

**ဦးအေးသိန်း။** ။ ရောဂါလက္ခဏာကတော့ နည်းနည်းဖျားလိုက်တယ်။ အနံ့မရဘူး။ သိပ်ထွေထွေထူးထူး မရှိဘူး။ ဒါပေမယ့် ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်ထားတာကတော့ လက်ပွန်းတတီးရှိတာက ဒီဟာက ကူးစက်မြန်တာဆိုတော့ အဲဒါကို ယုံကြည်ထားတယ်။ ဖြစ်ကိုဖြစ်တော့မှာဆိုပြီး သိတယ်။ ကြိုတင်ပြင်ဆင်တာတွေတော့ လုပ်ရတာပေါ့။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါ။ အန်တီ ဒေါ်ခင်ခင်ဦးရှင့်။ အန်တီအနေနဲ့ကရော ဒီရောဂါစပြီးဖြစ်တဲ့အချိန်မှာ ဘယ်လိုအနေအထားမျိုးရှိသလဲ။ အဲဒါကို ပြောပြပေးပါဦး။

**ဒေါ်ခင်ခင်ဦး။** ။ အန်တီတို့က တစ်မိသားစုလုံးဖြစ်တာ။ အားလုံးပေါင်း (၁၀) ယောက်။ အဖေက အသက် (၈၃) နှစ် နောက်ကလေးက အသက် ၁၂ နှစ်အရွယ်ရှိတဲ့ ကလေးပါပါတယ်။ ဘယ်လိုအန်တီတို့ဆီမှာ ကူးစက်လဲဆိုတော့ အန်တီရဲ့အဖေက အိပ်ရာပေါ်မှာရှိတဲ့ လူမမာတစ်ယောက်။ သူ့ကိုပြုစုတဲ့ Nurse တွေရှိတယ်။ အန်တီတို့ အိမ်မှာ လရှည်နေတယ်။ သူ့အိမ်ကို တစ်ပတ်ပြန်ချင်တယ်ဆိုတော့ အန်တီတို့က ပေးပြန်လိုက်တယ်။ သူပြန်ရောက်ပြီးတော့ ၈ နာရီလောက်ပဲ အန်တီတို့ အဖေနဲ့နေတဲ့အချိန်မှာ အသက် ၈၃ နှစ် ကျန်မာရေးမကောင်းတဲ့ အန်တီရဲ့အဖေ စဖျားတယ်။

ဖျားတော့ အန်တီတို့က ချက်ချင်းသိတယ်။ ချက်ချင်းပဲ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနကို အကြောင်းကြားတယ်။ အကြောင်းကြားပြီးတော့ ဒီကလေးကို အန်တီတို့ ဆေးရုံကိုပို့တယ်။ အန်တီတို့က တာမွေမြို့နယ်မှာ နေတယ်ဆိုတော့ စံပြဆေးရုံကိုပို့တယ်။ ပို့တော့ ဒီကလေးက အဲဒီနေ့က မစစ်ဖြစ်ဘူး။ နောက်တစ်ရက် စစ်လိုက်တယ်။ နောက်တစ်ရက်မှာ သူ Positive ဆိုတာ အန်တီတို့က သိတယ်။

သိတဲ့အချိန်မှာ အန်တီရဲ့အဖေက ၃ ရက် ဖျားနေပြီ။ ဖျားတဲ့အခါမှာ အန်တီတို့က သိလည်း သိနေပြီ၊ ဗဟုသုတလည်း ထိုက်သင့်သလောက်ရှိတယ်။ ဒီလူမမာအဖေကို တစ်ယောက်ထဲ လွှတ်လို့မရဘူးဆိုတဲ့ အသိရှိတယ်။ အဲဒီအခါကျတော့ မောင်နှမတွေ အကုန်လုံး ၃ ယောက် တစ်လှည့်စီနဲ့ အဖေ့ကို ပြုစုပြီး စံပြဆေးရုံကို ရောက်တယ်။ စံပြဆေးရုံကို ၁၈ ရက်နေ့ ညမှာ အန်တီတို့ ရောက်တယ်။ ၁၉ ရက်နေ့မှာ အန်တီတို့ကို စစ်တယ်။ ၂၀ ရက်နေ့မှာ **အန်တီတို့** ဆေးရုံကို ရောက်သွားတဲ့ ၄ ယောက်က Positive ဖြစ်တယ်။

အိမ်မှာ ကျန်ခဲ့တဲ့ ၆ ယောက်ကလည်း Positive ဖြစ်တယ်။ အဲဒီကနေ အန်တီတို့ကို စံပြဆေးရုံကနေ ရေဝတီကိုဗစ်စင်တာက လာခေါ်သွားတယ်။ အန်တီကတော့ မဖျားဘူး၊ ချောင်းမဆိုးဘူး၊ အနံ့မပျောက်ဘူး။ ဒါပေမယ့် အန်တီရဲ့အဖေနဲ့ အစ်မ ၂ ယောက်ကတော့ တော်တော်ဖျားလိုက်တယ်။ အဲဒီက စဖြစ်တယ်။ ၂၀ ရက်နေ့မှာ ပိုးတွေ့လူနာအဖြစ် သတ်မှတ်ခံရပါတယ်။

**အစီအစဉ်မှူး ။** ။ အခုကတော့ ရောဂါစဖြစ်တဲ့အခြေအနေကို မေးပြီးပြီဆိုတော့ နောက်ဆေးရုံတက်တဲ့အခြေအနေ၊ ဆေးရုံမှာ ဘယ်လိုကြုံတွေ့ခဲ့ရတယ် ဆိုတာလည်း ပြောပြပေးပါဦး။

**ကိုနီတာ။** ။ မှတ်မှတ်ရရ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ၁၇ ရက်နေ့မှာ ပေါ့စတစ်ဖြစ်ပြီး ဝေဘာဂီဆေးရုံရောက်သွားပြီ။ ဆေးရုံရောက်သွားတဲ့အချိန်မှာ အဆောင် ၁၊ အခန်း ၆ မှာ နေရတယ်။ ကျွန်တော်နဲ့ နောက်ညီလေး တစ်ယောက်ပါပါတယ်။ ၂ ယောက် တစ်ခန်းပေါ့။ ရောက်ရောက်ချင်းမှာတော့ အဲကွန်းက မအေးဘူး။ ပူနေတာပေါ့။ ပူနေတော့ ဆရာဝန်တွေကလည်း မသိဘူး။ မသိဘူးဆိုတာက PPE နဲ့ လာတော့ တော်တော်များများက မသိရဘူးပေါ့နော်။

### အားလုံးကို တစ်ပြေးညီကုသပေး

အဲဒါနဲ့ ဆရာဝန်တွေက မေးတယ်။ ဘာလိုအပ်လဲဆိုတော့။ အဲကွန်းတော့ အဆင်မပြေဘူးဆိုတော့ နောက်နေ့မှာ Air Cooler လာထားပေးတယ်။ အဲကွန်းလာပြင်ပေးတယ်။ ပြင်တော့လည်း တစ်ညပဲ အဆင်ပြေလိုက်တယ်။ နောက်ဆုံးကျတော့ အသစ်တစ်လုံးလာလဲပေးတယ်။ ဒါကနိုင်ငံတော်က လုပ်ပေးတာပါ။ ဆေးဝါးကုသမှုကျတော့လည်း ဆရာဝန်၊ ဆရာမတွေက အတော်ကိုနွေးထွေးပါတယ်။ ကျွန်တော်ဆို ရောဂါဖြစ်တဲ့ လူနာနာမည်ကတော့ အဆိုတော်နီတာလို့ မသိကြဘူးလေ။ နာမည်အရင်းက အောင်ခင်ဆိုတော့ အောင်ခင်ဆိုတာ ဘယ်သူမှန်း မသိကြဘူးပေါ့။ အဲဒီလိုမျိုးအနေအထားနဲ့ကို ဆရာဝန်တွေက ကျွန်တော့်ကို အဆိုတော်မှန်းမသိပေမယ့် အားလုံးကို တစ်ပြေးညီ ကုသပေးတယ်။ စောင့်ရှောက်ပေးတယ်။ အားလုံးကို ဂရုစိုက်ပေးတယ်။ အဲဒီအပေါ်မှာလည်း အလွန်ကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ ခုနကပြောဖို့ တစ်ခုလေး မေ့သွားတယ်။ ရောဂါလက္ခဏာကလေ ခုနအန်တီပြောမှ သတိရသွားတယ်။

အဲဒါဘာလဲဆိုတော့ အများအားဖြင့် အနံ့ပျောက်မှ ကိုဗစ်ဖြစ်တယ်လို့ ယူဆကြတာလေ။ ကျွန်တော်ဆိုလည်း ဆေးရုံမတက်ခင်ကတည်းကနေ ဒီနေ့အချိန်အထိ အနံ့တစ်ခါမှ မပျောက်ဖူးဘူး၊ ဒါပေမယ့် ကိုဗစ်ဖြစ်သွားတယ်။ တော်တော်များများကတော့ ကျွန်တော့်မိတ်ဆွေထဲမှာ နှစ်ယောက်လောက် ဆုံးပါးသွားကြတယ်။

စာမျက်နှာ ၉ သို့ »»

# ကိုဗစ်-၁၉ အမေး/အဖြေ

»»» စာမျက်နှာ ၈ မှ

အနံ့ပျောက်တော့မှ သူက ဆေးရုံသွားဖို့ ပြင်ဆင်လိုက်တာကိုး။ အဲဒီလိုလုပ်တဲ့အချိန်မှာ အချိန်လွန်သွားပြီးတော့ ကိုဗစ်ကနိုင်သွားတာပေါ့။ အဲဒီလို ဆုံးပါးသွားတာမျိုး နှစ်ယောက်လောက် တွေ့ရတယ်။ အဲဒီတော့ အနံ့ပျောက်ပျောက်၊ မပျောက်ပျောက် တစ်ခုခုပေါ့နော်၊ ဖျားတာတို့၊ နာတာတို့ တစ်ခုခု ကိုယ့်ဟာကို ပုံမှန်မဟုတ်ဘဲ သံသယတစ်ခုခု ရှိပြီဆိုရင် ကျန်းမာရေးဝန်ကြီးဌာနကို ဆက်သွယ်သင့်တယ်။

**ထူးပါတယ်**

ဆက်သွယ်ပြီးတော့ မြန်မြန်လေးသွားရင် ကိုယ့်အတွက် စောစောစီးစီး ကုသနိုင်တယ်။ တချို့ကလည်း မိတ်ဆွေတွေက ပြောပါတယ်။ ဆေးရုံသွားတော့ရော ဘာထူးမှာမို့လို့လဲ ဆေးမှမပေါ်သေးတာဆိုတာမျိုး ပြောတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်က ပြောပြတယ်၊ **"ထူးပါတယ်"** လို့။

ဘာလို့လဲဆိုတော့ နံပါတ်တစ် Swab ယူလိုက်ပြီဆိုရင် ကိုယ့်မှာ ရောဂါပိုး ရှိ၊ မရှိ နံပါတ်တစ်သိမယ်။ ရောဂါပိုးရှိတယ်ဆိုရင် ဆရာဝန်၊ ဆရာမတွေက လိုအပ်တဲ့ ကုသမှု၊ ပြုစုမှုကို လုပ်ပေးတယ်။ အဆုတ်ကို ဓာတ်မှန်ရိုက်ပေးတယ်။

ဓာတ်မှန်ရိုက်လိုက်ရင် အဆုတ်က ဘယ်လောက် ထိခိုက်ထားသလဲဆိုတာကို ကြည့်ပြီးတော့ ဆရာဝန်၊ ဆရာမတွေက လိုအပ်တဲ့ ဆေးဝါးတွေ ကုပေးတယ်။ အဲဒီလိုမျိုးအပိုင်းတွေလည်း အများကြီးရှိတယ်။ ဒီအတိုင်းကြီးပဲ အပြင်မှာဆိုလို့ရှိရင် ရိုးရိုးဖျားတယ်လို့ပဲထင်နေရင် အဆုတ်က ဘယ်လောက်အထိ ဒဏ်ရာဖြစ်ပြီးတော့ ဘယ်လောက်ဆိုးရွားနေသလဲဆိုတာ ကိုယ်မသိရတဲ့အတွက် အချိန်တိုအတွင်းမှာပဲ ဆုံးပါးသွားတာမျိုးတွေ့ရတာပေါ့နော်။ အဲဒါမျိုး မဖြစ်စေချင်ဘူး၊ အားလုံးကို စောစောစီးစီးလေး ဆေးရုံနဲ့ဆက်သွယ်ပါ၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ပါလို့ ပြောပြချင်ပါတယ်။

**အစီအစဉ်မှူး။** ။အန်တီ ဒေါ်ခင်ခင်ဦးရှင့်၊ အန်တီကလည်း ရောဝတီစင်တာမှာ ဆေးရုံတက်ပြီးတော့ ပြန်ပြီး သက်သာလာတဲ့လူဆိုတော့ အဲဒီမှာကြုံတွေ့ခဲ့ရတဲ့ အခြေအနေလေးလည်း ပြောပြပေးပါဦး။

**ဒေါ်ခင်ခင်ဦး။** ။အန်တီက စံပြဆေးရုံမှာ စပြီးတော့ ပြောပြရမှာပေါ့နော်။ အန်တီတို့ ဆယ်ယောက်မှာက ကိုဗစ်ကို စနစ်တကျ တိုက်တယ်လို့ ပြောရမှာပေါ့နော်။ အိပ်ရာထဲလဲနေတဲ့ အဖေ့ကို တစ်ယောက်တည်းလွှတ်ပေးရင် ဘယ်လိုပဲဖြစ်ဖြစ် ကိုဗစ်က အဖေ့အသက်ကို သယ်သွားမှာပဲ။

နံပါတ်တစ်က စိတ်ပိုင်းဆိုင်ရာပဲ၊ ငါတို့တိုက်နိုင်သလောက် ကုမယ်ဆိုပြီးတော့ တွေးတယ်။ အန်တီတို့ ဖြစ်သွားတဲ့ ၁၀ ယောက်မှာဆိုရင် အဖေ့အသက် ၈၃ နှစ်က ဖျားတယ်။ အသက် ၅၈ နှစ်ရှိတဲ့ အစ်မတစ်ယောက်က ဖျားတယ်။ ကျန်တာတွေအားလုံးကတော့ ဖျားလည်း မဖျားဘူး၊ အနံ့လည်း မပျောက်ဘူး၊ ချောင်းလည်း မဆိုးဘူး။

အဲ့ဒီကနေ စံပြဆေးရုံကို ရောက်သွားတယ်။ ရောက်သွားတဲ့အခါမှာ ဆေးရုံကြောက်ကြတယ်ဆိုတာ အခက်အခဲလေးတွေ နည်းနည်းတော့ရှိတယ်။ ရှိတဲ့အခါ ဘာဖြစ်လို့လဲဆိုတော့ အန်တီပြောနေတဲ့ သုံးယောက်မှာဆိုရင် အန်တီက တတိယအများဆုံး Wave ရှိတဲ့လူ၊ ကိုနီတာတို့က အနည်းဆုံး။ ဆရာဦးအေးသိန်းတို့ကျတော့ နည်းနည်းပဲဖြစ်သေးတယ်။ အန်တီတို့တုန်းကတော့ ရာချီထောင်ချီတွေ့နေပြီ ဆေးရုံမှာ ဝန်နဲ့အားမမျှဘူး။

အန်တီတို့လို ဗဟုသုတရှိတဲ့လူ၊ နဂိုကတည်းက ပြင်ဆင်ထားတဲ့သူအတွက်ကတော့ အန်တီရဲ့အဖေက အဖျားကို ၁၀၁/၁၀၂ ဖြစ်နေတယ်။ အန်တီတို့က ဘယ်လိုသွားလဲဆိုရင် အောက်ဆီဂျင်ဘူးကြီးပါ မသွားတယ်။ လူကလည်း သုံးလေးယောက်နဲ့ သွားတာဆိုတော့ လူရဲ့အောက်ဆီဂျင် မကျဖို့လိုတယ်။ အောက်ဆီဂျင်တိုင်းရမယ်၊ အဖျားတိုင်းရမယ်ပေါ့နော်။ အဖျားအရမ်းကြီးနေရင်တော့ မြန်မြန်သွားသင့်တာပေါ့။

ဟိုရောက်တဲ့အခါကျတော့လည်း တစ်ခုရှိတာပေါ့၊ ပေါ့စတစ် ဖြစ်ထားမှန်း မသိတဲ့လူတွေ၊ ပေါ့စတစ်မဖြစ်သေးတဲ့လူတွေ၊ ပေါ့စတစ်ဖြစ်ထားတဲ့ လူတွေလည်းရှိမယ်။ နဂ္ဂတစ်ဖြစ်လား၊ မဖြစ်လား မသိသေးတဲ့ သူတွေလည်းရှိတယ်။ အားလုံးကတော့ သံသယလူနာဆိုတဲ့ အဆောင်ပေါ့။

နေရာအခက်အခဲကြောင့် ဒါလေးတွေတော့ရှိတယ်။ တချို့ကြောက်ကြတယ်ဆိုတာ အဲဒါကို ကြောက်ကြတာပေါ့။ နေရာအခက်အခဲရယ်၊ နောက်ပြီး ကျန်းမာရေးဝန်ထမ်းအခက်အခဲပေါ့။ အန်တီတို့လည်း အဲဒီအချိန်မှာ ကိုယ်က နည်းနည်းသန်သန်မာမာလည်းရှိတယ်။ ဗဟုသုတလည်းရှိတော့ တော်တော်များများကို လုပ်ပေးနိုင်တယ်။ အဓိကကတော့ အကြောက်လွန်တာရယ်၊ ဗဟုသုတနည်းတာရယ်၊ ဘာဖြစ်ရင် ဘာလုပ်ရမလဲ ဆိုတာရယ်၊ နောက်တစ်ခုက လူများတဲ့အတွက်ကြောင့် ဆေးရုံတွေမှာ သန့်ရှင်းရေးဝန်ထမ်းရယ်၊ ကျန်းမာရေးဝန်ထမ်းရယ်က ယခုလိုလူများတဲ့အတွက် ပိုပြီးလိုအပ်ပါတယ်။

> **တချို့ကျတော့လည်း စိတ်ပိုင်းဆိုင်ရာ မိသားစုနဲ့ဝေးတော့ ဒေါသလေးတွေ ပါလာတာလေးတွေကိုလည်း ဝိုင်းဝန်းဖျောင်းဖျကြရတာပေါ့၊ အများနဲ့ လုပ်တဲ့ကိစ္စ၊ ကုန်ကျတာတွေကိုရော၊ လိုလေသေးမရှိလုပ်ပေးတာတွေကိုရော ဒါတွေကို ကြုံခဲ့ရပါတယ်။ တကယ်တမ်းပြောရရင်တော့ ဒီဟာကို ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော ကြံ့ကြံ့ခိုင်ခိုင်ရှိရင် ဒီရောဂါကာကွယ်ဆေးတွေ မပေါ်ခင်မှာ ကျွန်တော်တို့ နေနိုင်မယ်။ ဆေးပေါ်လာခဲ့ရင် ကောင်းသွားမှာပေါ့။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ ကြံ့ခိုင်ဖို့ပါပဲ။**

ဒီအခက်အခဲတွေ ဖြတ်သန်းတဲ့အခါမှာ အန်တီတို့ကို ပေါ့စတစ် ဖြစ်ပြီဆိုတဲ့အချိန်မှာ ရောဝတီကိုဗစ်စင်တာကနေပြီး ဆေးရုံကားနဲ့ အန်တီတို့ လေးယောက်ကို စံပြဆေးရုံကနေ ခေါ်သွားတယ်။ အိမ်ကကျန်တဲ့ခြောက်ယောက်ကို ရောဝတီစင်တာကနေ ကားနဲ့ လာခေါ်တယ်။ ဟိုရောက်တဲ့အခါ ရောဝတီကိုဗစ်စင်တာက နည်းနည်းကောင်းတဲ့သူများတယ်။ နည်းနည်း Serious ဖြစ်တဲ့သူက နည်းတယ်။

**စကားလေးက ချစ်ဖို့ကောင်း**

အန်တီတို့လည်း ဘာပဲဖြစ်ဖြစ် ဆေးရုံမှာ တွေ့ခဲ့တဲ့ အတွေ့အကြုံအရ အန်တီတို့ဆိုရင် သုံးရက်နဲ့ ရောက်လာတယ်။ တချို့ကျတော့ ခြောက်ရက်လောက်နေမှ ဆေးရုံကို ရောက်လာကြတယ်။ အသက်ကြီးတဲ့လူတွေ၊ ရောဂါအခံရှိတဲ့လူတွေ အားအင်ချည့်နဲ့တဲ့လူတွေကျတော့ ဘာလုပ်ရမှန်းမသိဘူး။ တကယ်သနားဖို့ကောင်းတယ်။ အောက်ဆီဂျင်တွေ ဘာတွေပေးတယ်။ အန်တီတို့ကျတော့ အဖေရယ်၊ နောက်ထပ် သုံးယောက်ရယ်က ရောဝတီစင်တာမှာ လေးရက်နေပြီးတော့ ဖောင်ကြီးကို ဆက်သွားတယ်။ အဲဒီအချိန်မှာ သက်ဆိုင်ရာဆရာဝန်ပြောတဲ့ စကားလေးက အလွန်ချစ်ဖို့ကောင်းတယ်။

"ဒေါ်ခင်ခင်ဦး ဘိုးဘိုးကြီး ကျွန်တော်တို့ လက်ထဲပြန်ရောက်ဖို့ သုံးရက်ပဲလိုပါတော့တယ်၊ ကျွန်တော်တို့နိုင်အောင် တိုက်ကြရအောင်တဲ့" ဆိုတော့ ကိုယ်လည်း အားရှိတယ်။ အန်တီတို့က လုံးဝစိတ်ဓာတ်မကျဘူး။ အန်တီတို့အဖေဆိုရင် အဖျား ၁၀၁/၁၀၂ က ၆ ရက်နောက်ပြီးတော့ ခြောက်ရက် မြောက်တဲ့နေ့မှာ အန်တီရဲ့အဖေက လုံးဝအဖျားပျောက်သွားတယ်။ အောက်ဆီဂျင်မှန်သွားတယ်။

အန်တီတို့က တကယ်ကိုဗစ်ကို အရှုံးပေးအလဲထိုးစေနိုင်လာတာ။ ၁၂ နှစ်ကလေးက ဖျားလည်း မဖျားဘူး၊ အနံ့လည်း မပျောက်ဘူး။ ဘာပဲ ပြောပြော ကလေးက သူ့အမေဆီက ဆက်ကူးတာပါ။ ကောင်းတာတွေလည်း ရှိတယ်။ အဆင်ပြေခဲ့တာတွေလည်းရှိတယ်။ တွေ့ခဲ့ရတဲ့ အခက်အခဲလေးတွေပေါ့။ တချို့လည်း ကိုယ့်ရှေ့မှာတင် ဆုံးပါးသွားတဲ့သူတွေလည်း ရှိတာပေါ့။ ကိုယ့်ရှေ့တင်ပဲ အရမ်းဆိုးပြီး ပြန်ကောင်းလာတဲ့သူတွေလည်း ရှိပါတယ်။ အမျိုးစုံတော့ အန်တီတို့က ကြုံခဲ့ရပါတယ်။

**အစီအစဉ်မှူး။** ။ဟုတ်ကဲ့ပါရှင့်။ ဒါဆိုလို့ရှိရင် စိတ်ဓာတ်ခိုင်မာဖို့ လိုအပ်တာပေါ့နော် အန်တီ။

**ဒေါ်ခင်ခင်ဦး။** ။မှန်တာပေါ့။ အရေးကြီးတာကလေ ကိစ္စမရှိဘူး။ သူလည်းဖြစ် ကိုယ်လည်း ဘယ်လိုတိုက်မလဲ၊ ငါအကောင်းဆုံး ဘယ်လိုပြင်ဆင်ပြီး နေထိုင်မလဲ။ စိတ်ဓာတ်က ၅၀ ရာခိုင်နှုန်း တကယ်အရေးကြီးတယ်။ အန်တီတို့က ကိုယ်တွေ့မို့လို့၊ တချို့က တစ်ယောက်တည်း ရောက်လာကြတယ်။ သူ့အောက်ဆီဂျင် လိုနေလည်း မပြောတတ်ဘူး။ အညစ်အကြေးရှိနေလည်း သူ့ဒါကို ပြောလို့မတတ်ဘူး။ Volunteer ကလေးတွေလည်း အရမ်းသနားဖို့ကောင်းတယ်။

ဒီ PPE ဝတ်စုံကြီးဝတ်ပြီး အန်တီတို့လို ပေါ့စတစ်လူနာတွေကြား သွားရတယ်ဆိုတော့ ဝန်နဲ့အားနဲ့မမျှဘူး၊ အဲဒီလိုပြောချင်တာပါ။ အန်တီတို့ တော်တော်များများလည်း ဗဟုသုတလည်းရတယ်။ ဒီအထဲကိုရောက်ခဲ့တဲ့အတွက် လူတွေကိုလည်း ကူညီနိုင်ခဲ့တယ်။ ကိုယ်က သန်သန်မာမာ ကျန်းမာတဲ့သူ၊ အတွေ့အကြုံတွေလည်း အများကြီးရခဲ့တယ်။ အောင်မြင်စွာနဲ့ ကျော်ဖြတ်ခဲ့တယ်။

**အစီအစဉ်မှူး။** ။အန်ကယ် ဦးအေးသိန်းရှင့်၊ အန်ကယ့်အနေနဲ့ ကိုဗစ်-၁၉ ကုသရေးဌာန ဖောင်ကြီးမှာ သွားရောက်ပြီး ဆေးကုသမှုခံယူခဲ့ရတဲ့အတွက် အဲဒီရဲ့ အတွေ့အကြုံကို ပြောပြပေးပါဦး။

**ဦးအေးသိန်း။** ။ကျွန်တော် ၆ ရက်နေ့က ပိုးတွေ့တယ်လို့ အသိအမှတ်ပြုတယ်။ ၇ ရက်နေ့မှာ ဖောင်ကြီးဆေးရုံကုသရေးစင်တာကို ရောက်သွားတယ်။ ကုသရေးစင်တာ ရောက်သွားတယ်ဆိုပေမယ့် အဆင်ပြေတယ်။ ဆေးရုံရောက်တယ်ဆိုရင်ပဲ အဲဒီမှာ ဖောင်ကြီးက ပိုပြီးနေရတာတွေလည်း အဆင်ပြေတယ်။ အဲဒီမှာနေဖို့၊ ထိုင်ဖို့၊ စားဖို့၊ သောက်ဖို့ အကုန်လုံးအဆင်ပြေပါတယ်။

**စိတ်ချည်းမာနေလို့မရ**

အဲဒီတော့ မနက်ပိုင်းဆိုရင် စောစော အိပ်ရာကထပြီး မနက်စာစားပြီး ကိုယ်လက်ကြံ့ခိုင်ရေး၊ အသက်ရှူတာ၊ နေပူစာလှုံတာတွေ ဒါတွေလုပ်ဖို့ သွားရပါတယ်။ အဓိက ဖောင်ကြီးသွားရင် ကြိုတင်ပြင်ဆင်ရတယ်။ စောစောက ဒေါ်ခင်ခင်ဦး ပြောသလိုပါပဲ၊ ကုသဆေးတွေ၊ ကာကွယ်ဆေးတွေ မပေါ်သေးဘူး။ ကျွန်တော်တို့ ဘာလုပ်သင့်သလဲဆိုတော့ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုနဲ့ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဆိုပြီး ဒီလိုမျိုး စဉ်းစားမိတယ်။ စိတ်ပိုင်းဆိုင်ရာကတော့ ဒါကဖြစ်မှာပဲ။ လူဆိုတာ အများလည်းဖြစ်နေပြီ ကိုယ်လည်း ပတ်သက်ရာ ပတ်သက်ကြောင်း ဖြစ်လည်းဖြစ်လာပြီ။ ဖြစ်သွားပြီဆိုရင် ကြောက်စရာ မလိုဘူး။ ကိုယ်ကစပြီး ကြံ့ကြံ့ခံပြီး ရင်ဆိုင်ကြရမယ်။ ဒါက ရှောင်လို့မရတဲ့ ကိစ္စဖြစ်သွားပြီ။ စိတ်ပိုင်းဆိုင်ရာ ကြောက်စရာမလိုသလို၊ ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးနေဖို့လိုတယ်။ ကြံ့ခိုင်နေဖို့လိုတယ်။ စိတ်ချည်းပဲ မာနေလို့ မရဘူး။ ဒါဖြစ်ရင် ဘယ်လိုစားသောက်နေထိုင်ရမယ်ဆိုတာကို ဆင်ခြင်ရမယ်။

ဘာတွေဖြစ်သွားသလဲဆိုတော့ အယူမှား၊ အမှတ်မှားတာတွေလည်း ရှိတယ်။ အားရှိရင်၊ ကိုယ်ခံအားကောင်းရင် ဒီရောဂါပိုးက မကူးနိုင်ဘူး၊ ပျောက်နိုင်တယ်လို့ လူတွေက တော်တော်များများ သိတယ်။ သိတဲ့အခါကျတော့ အဲဒီမှာလည်း တန်ရင်ဆေးလွန်သွားရင်ဘေးဖြစ်သွားတတ်တယ်။ အားကောင်းအားရှိအောင် ခွစားနေရင် အစာမကြေဘူး၊ ဝမ်းတွေ ဘာတွေပျက်မယ်၊ လေတွေ ဘာတွေ ပွမယ်ဆိုရင် ပြဿနာဖြစ်နိုင်တယ်။ ဒါတွေဖြစ်ရင် ကိုယ်ခံအားကျသွားနိုင်ပါတယ်။ အဲဒီတော့ စားသောက်နေထိုင်တဲ့အခါ သတိလေးနဲ့ ပုံမှန်အတိုင်း အားဖြစ်နေအောင် ဘယ်လိုစားရမယ်၊ ကြောက်တဲ့စိတ်ကို ဖျောက်ပစ်ရမယ် ရင်ဆိုင်ရမှာ ကျော်လွှားရမယ်ဆိုတော့ အဲဒါမျိုးလေးတွေကို ထားရပါမယ်။

ကိုယ်သွားတဲ့အခါ ဆေးရုံကလည်း တချို့ကမိသားစုနဲ့ ရောက်သွားတော့ ပြဿနာမရှိဘူး။ အဘိုးကြီး၊ အဘွားကြီး အသက်ကြီးတဲ့သူတွေက တစ်ယောက်တည်း ရောက်သွားရင် ပြဿနာရှိတယ်။ အဲဒီတော့ ဆရာဝန်၊ ဆရာမတွေက မှန်လုံခန်းထဲကနေ သူတို့တွေက ကျွန်တော်တို့ကို စောင့်ရှောက်နေရတယ်။ ကျွန်တော်တို့ကိုယ်တိုင် သွေးပေါင်ချိန်ရတယ်။ နောက်ပြီး အောက်ဆီဂျင်ကို ကိုယ့်ဘာသာတိုင်းရတယ်။ အပူချိန်လည်း ကိုယ့်ဘာသာကိုယ်တိုင်းရတယ်ဆိုတော့ ဒီလောက်ကျန်းမာတဲ့သူ၊ သန်စွမ်းတဲ့သူတွေရှိတယ်။ အဲဒီရောဂါနဲ့ပတ်သက်လို့ သက်ကြီးရွယ်အိုတွေရှိတယ်။ အဲဒီမှာ ချစ်စရာကောင်းတာက အကုန်လုံးဝိုင်းလုပ်ကြတယ်။ အကုန်လုံးညီညွတ်နေကြတာပဲ၊ စားစရာဆိုလည်း တစ်ယောက်နဲ့တစ်ယောက် ကျွေးတယ်၊ ပိုတာပေးတယ်။ အဲဒီမှာဆိုရင် တော်တော်များများ သက်ကြီးရွယ်အိုတွေကို ကယ်နိုင်ဖို့ လူငယ်တွေက နေ့ည ပိုပြီးကြိုးစားတယ်။ ဆရာဝန်၊ ဆရာမတွေကလည်း ဒီလိုဇယားတွေပြရတာပေါ့။ သွေးပေါင် ဘယ်လောက်ရှိတယ်ကြည့်ပြီး ဘယ်သူက ဆေးစား၊ ဘာဆေးစား အဲဒီလို ဆေးတွေပေးတယ်။ အဲဒါကို စားတယ်။ တချို့ယူမစားနိုင်တဲ့ အဘိုးအိုတွေ၊ သက်ကြီးရွယ်အိုတွေ၊ ရောဂါပြင်းထန်တဲ့သူရှိတယ်။

**ကြံ့ခိုင်ဖို့ပါပဲ**

အဲဒါကို လုပ်နိုင်တဲ့သူတွေက ဝိုင်းပြီး ကူညီကြတာ ရေချိုးပေး၊ လက်သည်းညှပ်ပေးတာကအစ၊ ခေါင်းလျှော်ပေးတာကအစ အကုန်လုံးဝိုင်းလုပ်ပေးတာ၊ အဲဒီလူတွေ ပြန်ကောင်းလာတယ်။ တကယ်လည်း ချီးကျူးစရာပဲ၊ လုပ်ပေးတဲ့သူတွေရော၊ ဆေးရုံကလည်း စားတာ၊ သောက်တာ၊ နေတာ ထိုင်တာ လိုလေသေးမရှိဘူး၊ အကုန်လုပ်ပေးတယ်။ တချို့အခက်အခဲ တော်တော်များများကို မရှိတော့ဘူး။ ကျွန်တော်တို့တွေ့တာကတော့လေ တချို့ကျတော့လည်း စိတ်ပိုင်းဆိုင်ရာ မိသားစုနဲ့ဝေးတော့ ဒေါသလေးတွေ ပါလာတာလေးတွေကိုလည်း ဝိုင်းဝန်းဖျောင်းဖျကြရတာပေါ့။ အများနဲ့ လုပ်တဲ့ကိစ္စ၊ ကုန်ကျတာတွေကိုရော၊ လိုလေသေးမရှိ လုပ်ပေးတာတွေကိုရော ဒါတွေကို ကြုံခဲ့ရပါတယ်။ တကယ်တမ်းပြောရရင်တော့ ဒီဟာကို ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော ကြံ့ကြံ့ခိုင်ခိုင်ရှိရင် ဒီရောဂါကာကွယ်ဆေးတွေ မပေါ်ခင်မှာ ကျွန်တော်တို့ နေနိုင်မယ်။ ဆေးပေါ်လာခဲ့ရင် ကောင်းသွားမှာပေါ့။ အဲဒီတော့ ကျွန်တော် ပြောချင်တာကတော့ ကြံ့ခိုင်ဖို့ပါပဲ။

**အစီအစဉ်မှူး။** ။ကျေးဇူး တင်ပါတယ်။ ကိုနီတာရှင့်၊ အစ်ကိုက စပြီး ရောဂါကူးစက်ခံရတဲ့အချိန်မှာ ပတ်ဝန်းကျင်ရဲ့ သဘောထားအမြင်တွေကို သိချင်ပါတယ်။

**ကိုနီတာ။** ။ကျွန်တော်က ပထမ သာကေတအိမ်မှာ မိသားစုနဲ့ အိမ်မှာစဖျားပြီဆိုကတည်းက အခန်းခွဲပြီး နေလိုက်တယ်။ အခန်းခွဲနေလိုက်ပြီးတော့ ဧပြီလ ၁ ရက်ကနေ ၈ ရက်နေ့အထိ သာကေတအိမ်မှာနေတယ်။ ဧပြီလ ၉ ရက်နေ့ကျတော့ ၁၀ မိုင်က အမေ့အိမ်ကို လာလိုက်တယ်။ အဲဒီကနေပြီး ကျွန်တော်က ဒီဟာစဆက်သွယ်ပြီးတော့ ဒီကွာရာတင်းကိုရောက်ပြီး ပေါ့စတစ်ဖြစ်တယ်။ အဲဒီမှာ ပတ်ဝန်းကျင်ဘာညာက ကောင်းပါတယ်။ အကုန်လုံးဘာမှ တိုက်ခိုက်တာမျိုးမရှိဘူး။ အဆင်ပြေပါတယ်ခင်ဗျာ။

**အစီအစဉ်မှူး။** ။အဲဒီလို ရောဂါဖြစ်တဲ့အချိန်မှာ ကိုယ့်ရဲ့ခံစားချက်က ဘယ်လိုများရှိလဲရှင့်။ အားငယ်တာမျိုး၊ ကြောက်ရွံ့တာမျိုး အဲဒါမျိုးတွေပေါ့နော်။

**ကိုနီတာ။** ။အဲဒီလိုတော့ မရှိဘူးခင်ဗျာ၊ ပထမကျွန်တော်နဲ့ အင်းစိန်ဆေးရုံ Quarantine မှာနေရတဲ့ တစ်ခန်းထဲက အန်တီတစ်ယောက်ရှိတယ်။ အဲဒီအန်တီက ရောက်လာကတည်းက ချောင်းတွေဆိုးနေတာ၊ ချောင်းဆိုးလိုက် ဝမ်းလည်းမကောင်းတော့ အိမ်သာဝင်ထွက်လိုက် ဒီလိုမျိုးဖြစ်နေတာပေါ့။ အဲဒီတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော်ကတော့ ကောင်းတယ်ပေါ့လေ။ သူက သိပ်အဆင်မပြေဘူးနဲ့တူတယ်။ မနက်ဖြန်အဖြေထွက်ရင်တော့ သူ့အခြေအနေမကောင်းဘူးနဲ့တူတယ်။ ကျွန်တော့် စိတ်ထဲမှာ အဲဒီလိုထင်တာ။ ဒါပေမယ့် အဖြေထွက်တော့ ပြောင်းပြန်ဖြစ်နေတယ်။ ကျွန်တော်က ပေါ့စတစ်ဖြစ်တယ်။ အဲဒီအန်တီက နဂ္ဂတစ်ဖြစ်သွားတယ်။ ပထမ စစသိသိချင်းတော့ အံ့သြသွားတယ်။ ဒါပေမယ့် ကြောက်သွားတာတို့၊ ဘာတို့ စိတ်ပိုင်းဆိုင်ရာမဖြစ်ဘူး။ အေးအေးဆေးဆေးပဲ၊ တည်တည်ငြိမ်ငြိမ်ပဲ။ ကိုယ်ဒါကို အေးအေးဆေးဆေးဖြတ်သန်းမယ်၊ ရအောင်ကြိုးစားမယ်။ အဓိက စားသောက်နေထိုင်မှုတွေကို ဆရာဝန်၊ ဆရာမတွေ ပြောတဲ့အတိုင်း တိတိကျကျ လိုက်နာမယ်၊ သေချာလေးလိုက်လုပ်မယ်ပေါ့နော်။ အဲဒါပြီးသွားလို့ရှိရင် ကိုယ့်အနေနဲ့ အခုဆိုရင် လူနာတွေ အများကြီးရှိလာပြီဆိုတော့ စားသောက်နေထိုင်မှုနဲ့ ပတ်သက်ပြီး မျှဝေပေးချင်တယ်။

**တစ်ရက် ရေ ၄ လီတာ**

မနက်ဆိုရင် ၅ နာရီခွဲ၊ ၆ နာရီလောက် အိပ်ရာကထပြီးတော့ ဆရာဝန် Round လှည့်တဲ့ အချိန်မတိုင်ခင်မှာ သွေးပေါင်တိုင်းတာ၊ အဖျားတိုင်းတာ အားလုံးလုပ်ထားရတယ်။ အဲဒါမျိုးနဲ့ နေ့တိုင်း တောက်လျှောက်ဖြတ်သန်းရတယ်။ အစ်ကို တစ်ရက်ကို ရေ ၄ လီတာသောက်တယ်။ အစ်ကိုက နေ့တိုင်း သွေးပေါင်ကျလာတယ်။ အစ်ကိုရဲ့ Result က တစ်ခါမှ အဲဒီလို သွေးပေါင်ကျတာတို့ Life မှာ မရှိဘူး။ ဒါပေမယ့် ကိုဗစ်ဖြစ်သွားပြီးတဲ့ အချိန်မှာ နေ့တိုင်း သွေးပေါင်ကျကျလာတယ်။ နောက်ဆုံး ဘယ်လောက်အထိကျလဲဆိုတော့ ၅၀ အထိကျတယ်။ အောက်သွေးဆိုရင် ၅၀ ပဲရှိတော့တယ်။

အဲဒီလို အခြေအနေမျိုးမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ တော်တော်ကျတယ်။ အဓိက ရုပ်က တော်တော်ကြီးကိုကျသွားပြီး ကိုယ့်ကိုယ်ကိုယ်လည်း သိတယ်။ ဒီဟာကို ရုန်းကန်ဖို့အတွက် အစားအသောက်အနေအထိုင်များများကြိုးစားပြီး စားရမယ်။ အစ်ကိုက အနံ့မပျောက်ဘူး၊ အရသာတော့ ပျက်သွားတယ်။ အရသာ ပျက်သွားတဲ့အတွက်ကြောင့် တစ်ရက်တစ်ရက်ကို ကြိုးစားပြီး အစားအစာတွေကို စားရတယ်။ ဒီအားရှိမယ့် ငှက်သိုက်၊ ကြက်ပေါင်းတို့ပေါ့နော်။ ကိုယ့်မိတ်ဆွေတွေကလည်း Ensure လာပေးတယ်။ Ensure ကို အမှန်တိုင်းပြောရရင် ငယ်ငယ်တုန်းက ကြားဖူးတယ်လေ။ Ensure ဆိုတာ လူကြီးတွေ ဆေးရုံတက်တဲ့အခါ Ensure လေးတိုက်ဆိုပြီး ကြားဖူးတယ်ဆိုတော့ အဲဒီလိုမျိုး သိတာပေါ့နော်။ ကိုယ်တကယ် အသက်ဘေးနဲ့ ကြုံလာတဲ့အချိန်မှာ Ensure တိုက်ဆိုတော့ စိတ်ထဲမှာတော့ ကိုယ့်ဟာကို အခြေအနေမကောင်းတော့ဘူးလား မသိဘူးဆိုပြီး ဖြစ်တာပေါ့နော်။ Ensure တိုက်တယ်ဆိုတဲ့ အဆင့်က နောက်ဆုံးအဆင့်ဆိုတဲ့ လူမျိုးတွေကိုတိုက်တာ၊ Ensure ကို ကိုယ်က နည်းနည်းဝေးတော့ စာလုံးပေါင်းကို သိပ်မသိဘူး။ ကိုယ့်ဟာကို စိတ်ထဲကနေ ပေါင်းတာ Unsure မသေချာတော့လို့ တိုက်တာလို့ ထင်လိုက်သေးတယ်။ အမှန်တော့ အဲဒီလို မဟုတ်ဘူး Ensure ပေါ့နော်၊ အဲဒီလိုမျိုးလေးတွေ ပြင်ဆင်ပြီးတော့ သောက်သုံးခဲ့တယ်။ အဲဒီလိုမျိုးတွေနဲ့ ဖြတ်သန်းခဲ့တော့ နှစ်ပတ်အတွင်း ပြန်ကောင်းလာပါတယ်။ အဲဒါလေးကို မျှဝေပေးချင်ပါတယ်။

စာမျက်နှာ ၁၀ သို့ »»

# ကိုဗစ်-၁၉ အမေး / အဖြေ

»» စာမျက်နှာ ၉ မှ

**အစီအစဉ်မှူး။** ။ အန်ကယ် ဦးအေးသိန်းရှင့်၊ အန်ကယ့်အနေနဲ့ကိုယ့်ကိုယ်ကိုယ် ပေါ့စတစ်လူနာအဖြစ် သိရတဲ့အချိန်မှာ ပတ်ဝန်းကျင်ရဲ့ သဘောထားအမြင်ကိုလည်း ပြောပြပါဦး။

**ဦးအေးသိန်း။** ။ အဲဒီ အချိန်ကာလတုန်းက ကျွန်တော် ဖြစ်ပြီဆိုတော့ ဘေးကပတ်ဝန်းကျင် ကြောက်သွားတာပေါ့နော်။ ဆေးရုံသွားတဲ့အချိန်မှာ ရပ်ကွက်ထဲက တစ်ရပ်ကွက်လုံးပဲ လူတွေ ထွက်ကြည့်ကြတာပေါ့နော်။ လာခေါ်တဲ့ကားကလည်းပဲ လူနာတင်ယာဉ်၊ PPE ဝတ်စုံတွေဆိုတော့ အထူးအဆန်းတွေ ဖြစ်နေကြတယ်။ ဒါပေမယ့် သူတို့အားပေးကြတယ်။ Fighting ဆိုပြီး လက်မထောင်ပြတဲ့သူတို့၊ အားပေးတဲ့သူတို့ ရှိကြပါတယ်။ ဒါက ပထမအကြိမ်ပဲရှိသေးတယ်။

အိမ်ကနေ လာခေါ်သွားတာ၊ Quarantine စင်တာကို ခေါ်သွားတဲ့အချိန်မှာ လူ ၂၀ ကျော်/ ၃၀ လောက်မှာ ပေါ့စတစ်ဖြစ်တဲ့လူက ကျွန်တော်တို့ သုံးယောက်ပဲရှိတာဆိုတော့ ကျန်တဲ့လူတွေက တွန့်သွားတာပေါ့။ အတူနေရာကနေပြီး အကုန်လုံး နေရာခွဲလိုက်ကြတော့၊ ကိုယ်က နဂိုကတည်းက ပြင်ဆင်ထားတာ ကျိန်းသေကို ဖြစ်မယ့်လူဆိုတော့ သိပ်ပြဿနာမရှိဘူး။ တချို့ကလည်း မျက်နှာငယ်သွားကြတယ်။ ဒါပေမယ့် စိုးရိမ်တာတစ်ခုပဲရှိတယ်။ ပတ်ဝန်းကျင်ကပြဿနာ ကျွန်တော့်အပေါ်မှာ သိပ်မရှိဘူး။ အိမ်မှာ ကျွန်တော့်မြေးလေးတွေရှိတော့ ငါဖြစ်ရင် သူတို့ ဘယ်လိုတွေများ ဖြစ်နေမလဲမသိဘူး အဲဒါတစ်ချက်။ နောက်တစ်ခါ ကျွန်တော်က ပါတီမှာလည်း ဥက္ကဋ္ဌဖြစ်တော့ ဒီရွေးကောက်ပွဲလည်းနီးတော့ လူတွေအများကြီးနဲ့ စကားပြောပြီး လုပ်ထားတော့ ဒုက္ခပဲပေါ့။ ကျွန်တော့် စိတ်ကို ကျွန်တော် ဖြေယူရတယ်။ ငါ့ကြောင့်ပဲ အကုန်ကူးကုန်ပြီလား၊ ဘာလားညာလား ပေါ့နော်။ ဒါပေမယ့် နဂိုတည်းကိုက Mask တွေတပ်ထားတယ်။ သုံးပေ၊ ခြောက်ပေ အဲဒီလိုတွေနေပြီးအဲဒီလိုတွေ လုပ်နိုင်ခဲ့တဲ့အတွက် ပြဿနာ သိပ်မရှိခဲ့ဘူး။ အဲဒါလေးကို ကြိုပြီးတော့ လုပ်နိုင်ခဲ့လို့တော်သေးတယ်လို့ ပြောရမှာပေါ့။ အများကြီး အကာအကွယ်ရပါတယ်။ Mask တွေတပ်တယ်။ ခပ်ခွာခွာနေတယ်ပေါ့နော်။ ကျွန်တော်က အများကြီး တစ်နယ်လုံး စကားပြောဆက်ဆံလာရတော့ တော်တော်စိုးရိမ်မိပါတယ်။ ကျွန်တော်က ဖြစ်တာပါ။ ကျန်တဲ့သူတွေက ကျွန်တော့်အပေါ် စိုးရိမ်တဲ့သူ၊ စိတ်မကောင်းတဲ့သူတွေတော့ရှိတယ်။

**အစီအစဉ်မှူး။** ။ အန်တီခင်ခင်ဦးရှင့်၊ အန်တီ အနေနဲ့ရော ကိုယ်က ဒီရောဂါ ပေါ့စတစ်ဖြစ်ပြီလို့ သိလိုက်ရတဲ့အချိန်မှာ အန်တီရဲ့ စိတ်ခံစားချက်ရယ်၊ နောက်ပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ စောင့်ရှောက်မှုပေါ့နော်။ အန်တီဆေးရုံတက်ပြီး ဆေးကုသမှုခံယူနေစဉ်ကာလမှာ သူတို့ရဲ့ စောင့်ရှောက်မှုအနေအထားကို ပြောပြပေးပါဦး။

**ဒေါ်ခင်ခင်ဦး။** ။ အန်တီရဲ့အဖေအနေအထားက ပေါ့စတစ်ဖြစ်ပြီဆိုတာ သိလိုက်ရတော့ တအား ပြင်ဆင်သွားတယ်။ နောက်ကိုယ့်အဖေကလည်း အိပ်ရာပေါ် လဲနေတဲ့သူဖြစ်တဲ့အတွက်ကြောင့် သုံးယောက်လောက်ကူမှရမယ်။ ခုနကပြောသလို အန်တီတို့က အားလုံးပေါင်း ၁၀ ယောက် ဖြစ်လိုက်တဲ့အခါကျတော့ ကိုယ့်ရဲ့အဖေကို အန်တီတို့က သုံးယောက်၊ သုံးယောက်စီပဲ စောင့်နိုင်တယ်။ အန်တီတို့မှာ ဖျားတာ၊ နာတာ ဘာမှ မရှိဘူးဆိုတော့ အန်တီတို့က လူကောင်းပကတိလို လုပ်နိုင်တယ်။ အန်တီက အဲဒီမှာ ဘာကိုယ်ချင်းစာစိတ် ဖြစ်လဲဆိုတော့ သက်ကြီးရွယ်အိုတွေ ရောဂါဖြစ်တဲ့သူတွေ တစ်ယောက်တည်း ပက်လက်ကလေး ရှိနေတယ်။ အဓိကကတော့ ကြောက်စိတ်ပေါ့။ ဗဟုသုတနည်းတာကိုး။ အန်တီတို့ ညီအစ်မတွေ အဲဒီမှာရလိုက်တာကတော့ လူ့အသက်တော်တော်များများကို ကယ်ခဲ့နိုင်တယ်။ ကိုယ့်မိဘလို သဘောထားပြီး အညစ်ကြေးတွေကအစ လုပ်ပေးနိုင်ခဲ့တယ်။ ဘာလို့လဲဆိုတော့ အန်တီတို့ရဲ့ ဆေးရုံတွေမှာက နေရာအခက်အခဲရယ်၊ အောက်ဆီဂျင် အခက်အခဲရယ်၊ ကျန်းမာရေးဝန်ထမ်း အားနည်းတာရယ်၊ သန့်ရှင်းရေးဝန်ထမ်း အားနည်းတာရယ် အဲဒီလေးခုကို ကြုံရတယ်။ အဲဒီလိုကြုံရတော့ ကိုယ်နိုင်တာ ကိုယ်လုပ်ပေးမယ်၊ ကိုယ့်အဖေတောင် မသေစေချင်တာ၊ ပတ်ဝန်းကျင်တစ်ခုလုံးလည်း မသေစေချင်ဘူး။ အဲဒီစိတ်ကလေးနဲ့ အန်တီတို့ ကျော်ဖြတ်ခဲ့တယ်။

ကိုနီတာတို့၊ အန်ကယ်ဦးအေးသိန်းတို့ ဖြစ်တဲ့အချိန်မှာက ဂရုစိုက်မှုတွေအများကြီး လုပ်ပေးနိုင်သေးတယ်။ အန်တီတို့တွေကျတော့ အခြေအနေအကြောင်းကြောင်းကြောင့် နေ့စဉ် လူနာ ၅၀၀ နဲ့ ၁၀၀၀ ကြား ဖြစ်လာတယ်။ အန်တီတို့ တိုင်းပြည်ရဲ့ အနေအထားအရ ဆေးရုံသွားရင် အခက်အခဲ မရှိဘူးလို့ မပြောချင်ဘူး။ ရှိကိုရှိပါတယ်။ ဒါပေမယ့်လည်း ရှိလို့ မသွားဘူးဆိုတာမျိုး မလုပ်ပါနဲ့။

ဖျားနေရင် သက်ဆိုင်ရာကျန်းမာရေးဌာနနဲ့ဆက်သွယ်ပြီး ဒီအခိုက်အတန့်ကို နည်းနည်း သည်းညည်းခံပါ။ Swab ယူတာဝန်နဲ့အားနဲ့ မမျှတော့ သံသယလူနာဆောင်မှာ နည်းနည်းကြာသွားတာတွေ ရှိပါတယ်။ အခက်အခဲတွေမရှိဘူး မပြောပါဘူး။ ဒါပေမယ့် ဒါလေးကို ရင်ဆိုင်ပါ။ ဖျားပြီဆိုတာနဲ့ သက်ဆိုင်ရာ ကျန်းမာရေးဌာနကိုသွားပါ။ အကူအညီတောင်းပါ။

နောက်တစ်ခုက အန်တီတို့ ဧရာဝတီ ကိုဗစ်ကုသရေးစင်တာကို ရောက်သွားတယ်။ ရောက် သွားတဲ့အချိန်မှာ အလွန်အဆင်ပြေပါတယ်။ စားတာသောက်တာလည်း အချိန်မှန်၊ ဧရာဝတီ စင်တာမှာရှိတဲ့ လူတွေအကုန်လုံးကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကုသပေးတဲ့အဖွဲ့က မော်နီတာ (Monitor) နဲ့ ကြည့်တယ်။ အဲဒါတွေလည်း ကိုယ်က ဝိုင်းလုပ်ပေးတယ်။ နောက်ဆုံး အိမ်သာတွေ၊ ဘာတွေ ဆေးတယ်၊ ကိုယ်က သန့်ရှင်းရေးကို ဦးဆောင်ပြီးလုပ်တဲ့အခါကျတော့ ကလေးတွေလည်း အများကြီး ပါလာကြတယ်။

အန်တီတို့ရဲ့ မြန်မာလူမျိုးတွေရဲ့ ချစ်စရာအကျင့်က သူတစ်ဖက်သားကို ကူညီတတ်တဲ့အကျင့်ပါ။ မသိချင်ယောင်ဆောင်သူ နည်းနည်းပါးပါးရှိပေမယ့် အများစုက အဲဒီလို ကူညီချင်တဲ့ စိတ်ရှိတယ်။ တော်တော်ကူညီကြတယ်။ ဒါကြောင့် အန်တီပြောချင်တာက နိုင်ငံတော်ရော၊ သက်ဆိုင်ရာက လိုလေသေးမရှိအောင် လှူဒါန်းနေကြတဲ့ အလှူရှင်တွေ အကုန်လုံးရော၊ မပြည့်စုံတဲ့ကြားက အားဖြည့်ပြီး လုပ်ဆောင်ပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေရော အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်တယ်။

ပတ်ဝန်းကျင်အနေနဲ့ကျတော့ အန်တီတို့ ပတ်ဝန်းကျင်က အလွန်စိုးရိမ်တယ်။ ဘာလို့လဲဆိုတော့ အသက် ၈၀ အရွယ် အန်တီအဖေက စ ကူးတဲ့အတွက် စိုးရိမ်စိတ်ဖြစ်တယ်။ နောက် အန်တီကိုယ်တိုင်က သွေးလေးဖက်နာ ရောဂါသည်၊ ရောဂါအခံရှိတော့ ကိုဗစ်က တိုက်ခိုက်ရလွယ်ကူတယ်။ ဒါကိုလည်း အန်တီတို့က နိုင်ခဲ့တာပေါ့။ စိုးရိမ်စိတ်နဲ့ ဂရုတစိုက်လုပ်တဲ့ ပတ်ဝန်းကျင်ကိုလည်း ကြုံခဲ့ရတဲ့အတွက် ကျေးဇူးတင်တယ်။ ပြောချင်တာက အလွန်ကြီး ကြောက်စရာမလိုဘူး။ မကြောက်ပါနဲ့။ ဒါကို စနစ်တကျလေး ရင်ဆိုင်ပေါ့။ ဗဟုသုတတွေ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွေ လေ့လာထားရမယ်။ မသိရင်လည်း သိတဲ့သူကို မေးရမယ်။ နောက်တစ်ခုက အလွန်အကျွံကြီးလည်း မရဲပါနဲ့။ အန်တီတို့ဆို Social Distancing ဆိုပေမယ့် အန်တီတို့ဆို အိမ်ထဲက စဖြစ်သွားတာ။ တစ်ယောက်နဲ့ တစ်ယောက်ဖြစ်ပုံလေးတွေ မတူဘူး။ အဲဒါလေးပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ့်လိုပဲ ကျော်ဖြတ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ အန်တီတို့ဆို ဆိုဒ်စုံ၊ အရွယ်စုံ ပြဿနာမျိုးစုံကို ကျော်ဖြတ်ခဲ့တာ။ အောင်နိုင်ခဲ့တယ်။ လေးဖက်နာသမားတွေကို ပြောချင်တာက မကြောက်ပါနဲ့။ ကိုယ်ခံအားကောင်းလည်း ကူးချင်ကူးလာနိုင်တာ။ စိတ်ဓာတ်မကျပါနဲ့။ ကျော်ဖြတ်ပါ။ ပတ်ဝန်းကျင်ကလည်း ဂရုစိုက်တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**အစီအစဉ်မှူး။** ။ အန်တီဆိုရင် ဆေးရုံတက်တဲ့အချိန်မှာ လူနာအချင်းချင်းကို ရိုင်းပင်းကူညီခဲ့တာ ရှိခဲ့တယ်။ ရှေ့လျှောက်ပြီး အန်တီအနေနဲ့ ကိုဗစ်တိုက်ဖျက်ရေးမှာ ဘယ်လိုများ အတူတကွ ပါဝင်ကူညီဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။

**ဒေါ်ခင်ခင်ဦး။** ။ အန်တီအသက်က ၅၃ နှစ်ဖြစ်တဲ့အတွက် Volunteer လုပ်ဖို့ကို မရှာတော့ဘူး။ Volunteer လုပ်မယ့် ကလေးတွေကိုတော့ လုပ်ပေးပါလို့ အန်တီက ဖိတ်ခေါ်တယ်။ လုပ်ပေးပါလို့ ဖိတ်ခေါ်တဲ့ အခါမှာ သူတို့ရဲ့ မိသားစုစားဝတ်နေရေး ဆိုတာက ရှိသေးတယ်။ ဒီလိုတစ်ယောက်တည်းလာတဲ့သူကို လုပ်ပေးတဲ့အချိန်မှာ သူတို့ကိုလည်း နောက်က ကူညီမယ့်သူ ပေါ်လာပါစေဖို့ အန်တီ စိတ်ကူးမှာရှိတယ်။ အန်တီတို့က မိသားစုအရွယ်မျိုးစုံ ဖြစ်တာကြောင့် ကိုယ့်ရဲ့ ပတ်ဝန်းကျင်မှာ တတ်နိုင်သလောက် ဂရုစိုက်ပေးတယ်။ အသက်ကြီးတဲ့ သူတွေဆိုလည်း တယ်လီဖုန်းနဲ့ စောင့်ရှောက်မှုပေးတယ်။ မနက်မိုးလင်းတာနဲ့ ဘယ်လိုရှိလဲ၊ အဖျားတိုင်းပါပေါ့။ သက်ဆိုင်ရာ ဆရာဝန်နဲ့ စောင့်ရှောက်မှုပေးတာကို လုပ်ပေးတာပေါ့နော်။

ဒုတိယအဆင့်က အန်တီတို့မိသားစုက ပိုပြီးဝမ်းသာဖို့ ကောင်းတာက မိသားစုအများကြီးဖြစ်တဲ့အတွက် သွေးရည်ကြည် အများကြီးလှူနိုင်တယ်။ ဒါကလည်း ကျန်းမာရေးဝန်ကြီးဌာနက သက်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ အန်တီတို့ ဘယ်အချိန်၊ ဘယ်လူနာမဆို လှူဖို့အသင့်ရှိပါတယ်။ ပေါ့စတစ်ဖြစ်ပြီးသွားတဲ့ လူနာတွေကိုလည်း လူ့အသက်တွေ ကယ်တင်ဖို့ သွေးရည်ကြည် လှူကြပါလို့ တိုက်တွန်းချင်ပါတယ်။ အန်တီတို့က အသက်အရွယ်အရ ကျရာတာဝန်၊ နိုင်ရာတာဝန်ကို ထမ်းဖို့ အဆင်သင့်ပါပဲလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။ ကိုနီတာရှင့်။ အစ်ကိုကိုယ်တိုင် ကိုဗစ်ပထမလှိုင်းမှာကတည်းက ကူးစက်ခံထားရတာပေါ့။ အစ်ကို့အနေနဲ့ သွေးရည်ကြည် လှူဒါန်းတာတွေလည်း လုပ်နေပြီဆိုတော့ ရှေ့ဆက်ပြီးတော့ ကိုဗစ်တိုက်ဖျက်ရေးမှာ တစ်တပ်တစ်အား ဘယ်လို ပါဝင်သွားမလဲ။

**ကိုနီတာ။** ။ အဓိကကတော့ ကျွန်တော်က အနုပညာရှင်ဖြစ်တဲ့အတွက်ကြောင့် အင်တာဗျူးတွေမှာ ဗဟုသုတတွေ မျှဝေပေးတယ်။ ဘယ်မီဒီယာကပဲ မေးမေး မီဒီယာတိုင်းလိုလိုကို ဖြေပေးတယ်။ ဒါက ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ကိစ္စကို မျှဝေပေးချင်တဲ့စိတ်ကြောင့်ပါ။ နောက်တစ်ခုက တချို့အကြောက်လွန်ကြတယ်။ အကြောက်လွန်တဲ့အတွက်ကြောင့် လုပ်သင့်လုပ်ထိုက်တာ မလုပ်ဘဲ အိမ်မှာကျိတ်ကုကြတယ်ပေါ့။ အဲဒီလို ကျိတ်ကုပြီး ဆုံးပါးသွားတာ တွေ့ရှိတယ်။ ကျွန်တော့်မိတ်ဆွေထဲမှာတောင် နှစ်ယောက်လောက်ရှိတယ်။ အဲဒီလို ဖြစ်ကုန်တာတွေ မဖြစ်စေချင်ဘူး။

စောစောစီးစီးသိပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနကို ဆက်သွယ်ပါ။ ပြီးရင် လိုအပ်ချက်တွေကို ကုသမှုခံယူပါ။ ဒါဆို အားလုံး အဆင်ပြေသွားမယ်။ နောက်တစ်ခုက ကျွန်တော့် သွေးရည်ကြည်နဲ့ပေါ့။ ကျွန်တော်က နဂ္ဂတစ် (Negative) ထွက်ပြီးတာနဲ့ ၉ ရက်နေ့မှာ ဖောင်ကြီးကို ရောက်သွားတယ်။ ဖောင်ကြီးမှာ ကွာရင်တင်း (Quarantine) နှစ်ပတ်နေရသေးတယ်။ ပြီးမှ အိမ်မှာ တစ်ပတ်ထပ်နေရတယ်။ အဲဒီသုံးပတ်ပြီးတာနဲ့ ကျွန်တော့် သွေးအဖြေ ရလဒ်ထုတ်တယ်။ သွေးအဖြေရော၊ Antibody Level ပါစစ်ပြီးတော့မှ ကျွန်တော့်ကို သွေးရည်ကြည်လှူဖို့ ခွင့်ပြုလိုက်တယ်။ ကျွန်တော့်သွေးရည်ကြည်ကို စလှူတယ်။ လှူပြီးလို့ တစ်လလောက်အကြာမှာ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော့်ကို ဆက်သွယ်လာတယ်။ ကိုနီတာတို့ လှူထားတဲ့ သွေးရည်ကြည်နဲ့ လူနာတွေကို ကုသပေးတဲ့အခါ လူနာ ကိုးယောက်မှာ အားလုံးနီးပါး ပြန်ကောင်းကြတယ်ပေါ့။

အဲဒါနဲ့ပတ်သက်ပြီး သွေးရည်ကြည်လှူတဲ့လူနာတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲလုပ်ပေးတယ်။ ကျွန်တော်လည်း အံ့ဩသွားတယ်။ နိုင်ငံတော်က ကျွန်တော်တို့ကို အသိအမှတ်ပြုတယ်။ ဒီရလဒ်က ပိုကောင်းတယ်ဆိုတာ သိသွားတယ်။ သိသွားတဲ့ အတွက်ကြောင့် လိုအပ်ရင် လှူပါ့မယ်လို့ ကျွန်တော်တို့ ဆက်သွယ်တယ်။ ပထမအကြိမ် လှူပြီးလို့ လေးလပြည့်တဲ့အချိန်၊ စက်တင်ဘာ ၂၀ ရက်နေ့မှာ ဒုတိယအကြိမ် လှူတယ်။ လှူရတဲ့အတွက် ဝမ်းသာတယ်။ ကိုဗစ်ပထမလှိုင်းမှာဖြစ်သွားတဲ့ ကျွန်တော်တို့ တစ်ဖွဲ့လုံး အကုန်လှူကြတယ်။ ကျွန်တော်တို့ အဖွဲ့မှာ အနုပညာရှင်တွေက များတယ်။ ကိုမျိုးကြီး(အဆိုတော်)တို့လည်း လှူတယ်ဆိုတော့ အားလုံးလည်း သိသွားကြတယ်။ သိသွားတဲ့အတွက် ပေါ့စတစ်ကနေ နဂ္ဂတစ်ပြန်ဖြစ်သွားတဲ့သူတွေက သွေးရည်ကြည်လှူဖို့အတွက်ကို လှူချင်စိတ်တွေ ဖြစ်လာတယ်။ အဲဒီအတွက်လည်း ဝမ်းသာပါတယ်။ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပြန်ပြီးတော့ တိုင်းပြည်အတွက်၊ လူနာတွေအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ပေးကြပါလို့ ဒီကနေ ဖိတ်ခေါ်ချင်ပါတယ်။ ဒုတိယအကြိမ် လှူပြီးတဲ့အခါမှာပဲ တတိယအကြိမ်လှူဖို့ စာရင်းတစ်ခါတည်း ပေးခဲ့တယ်။ ၂၀၂၁ ဇန်နဝါရီ ၂၀ ရက်နေ့ကျရင် တတိယအကြိမ်လှူဖို့ ပြင်ဆင်ထားပါတယ်။ အားလုံးလှူပေးဖို့လည်း ဖိတ်ခေါ်ပါတယ်။

**အစီအစဉ်မှူး။** ။ အန်ကယ်ဦးအေးသိန်းရှင့်၊ အန်ကယ့် အနေနဲ့ရော ပေါ့စတစ်ဖြစ်တဲ့ လူနာတွေက များနေပြီဆိုတော့ သူတို့တွေအတွက် ခွန်အားပြည့်စေမယ့် စကားလေး မျှဝေပေးခဲ့ပါဦး။

**ဦးအေးသိန်း။** ။ အဓိကကတော့စောစောက ကျွန်တော် ပြောသလို မကြောက်ဖို့၊ ကိုယ့်စိတ်ဓာတ်ကြံ့ခိုင်ဖို့၊ ကိုယ်ကျန်းမာရေးကောင်းအောင် တာဝန်ယူပြင်ဆင်ထားဖို့၊ စည်းကမ်းရှိဖို့၊ နောက်တစ်ခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာထားတဲ့ စည်းကမ်းအတိုင်း နေထိုင်ကြဖို့ပါ။ တစ်ယောက်ချင်းစီရဲ့ တာဝန်ကျေမှ စုပေါင်းတာဝန်ကျေမယ်။ ဒါမှအားလုံးကို ကျော်ဖြတ်နိုင်မှာပါ။ တစ်ယောက်ယောက်က စည်းကမ်းမလိုက်နာရင် သူကနေတစ်ဆင့် ပြဿနာတွေက ပွားသွားနိုင်တယ်၊ ရောဂါတွေ ပြန့်ပွားသွားနိုင်တယ်။ အဓိက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြေညာထားတဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ၊ ပညာပေးထားတာတွေနဲ့အညီ တစ်ယောက်ချင်းစီ တာဝန်ယူမယ်ဆိုရင် စုပေါင်းပြီး အနိုင်ရမှာပါ။

ကျွန်တော်တို့ ပေါ့စတစ်ဖြစ်တဲ့သူကနေ ပြန်ကောင်းသွားတဲ့သူတွေ သွေးရည်ကြည် လှူတာ ကျွန်တော်လည်း လှူချင်တာပေါ့။ ဘယ်လို လှူရမှန်းသာ မသိသေးတာ။ အဲဒါကို လှူဖို့ အကြောင်းကြားမယ်ဆိုရင် လှူပါဆိုရင် လှူဖို့အသင့်ပါပဲ။ ကျွန်တော်ကနေတစ်ဆင့် ကျွန်တော့်မှာရှိတဲ့ မိတ်ဆွေတွေကလည်း လှူကြမှာပဲ။ အသိပညာလည်း ရှိကြပါတယ်။ တိုင်းပြည်လည်းချစ်တယ်၊ ပြည်သူလည်း ချစ်တဲ့ သူတွေဆိုတော့လေ။ မကြောက်ကြပါနဲ့။ ကျွန်တော်တို့ ဝိုင်းလုပ်ကြရင် အောင်မြင်မယ်လို့ ပြောချင်ပါတယ်။

**ကျွန်တော်တို့ ဒီလိုစစ်ဆေးတဲ့အခါမှာ Positive ဖြစ်ပြီ၊ ပိုးတွေ့ပြီဆိုတဲ့ အခါကျတော့ စိတ်ဓာတ်ကျသွားလို့ မရပါဘူး။ ငါတော့ ပိုးတွေ့ပြီ၊ ရောဂါဖြစ်ပြီဆိုတော့ စိတ်ဓာတ်ကျလို့ မရပါဘူး။ စိတ်ဓာတ်က ငါဘယ်လို ကျော်ဖြတ်ရမလဲပေါ့နော်။ အဲဒီလို ကိုယ်တိုင်ကြိုးစားမှရမှာပါ။ ကိုယ်ကိုယ်တိုင် ကြိုးစားမှ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အဲဒီဥစ္စာကို တကယ်လည်း ကြိုးစားခဲ့တာပါ။ စိတ်ပိုင်းဆိုင်ရာကို မြှင့်တင်ပေးမယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးမယ်။ ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်၊ ဘယ်လို စားမယ်၊ ဘယ်လိုသောက်မယ်ပေါ့။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း လိုက်နာပြုကျင့်နေထိုင်တယ်။ ကိုယ်တိုင်လည်း အာဟာရပြည့်အောင် ဘယ်လိုစားသောက်ရင် ကောင်းမလဲ၊ နေထိုင်မကောင်းမဖြစ်အောင် ဘယ်လိုနေထိုင်ရင် ကောင်းမလဲ၊ ကိုယ်တိုင်ကြိုးစားမှ ဒီကိစ္စကြီးကို အောင်မြင်မှာ ဖြစ်ပါတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။**

**အစီအစဉ်မှူး။** ။ ယခုအစီအစဉ်မှာ ပါဝင်သူအားလုံးရဲ့ မေးမြန်းဖြေကြားမှုများ၊ ပြောစကားများ၊ အားပေးမှုများအရ ဖတ်ရှုနေကြသူများ၊ ကိုဗစ် – ၁၉ ရောဂါခံစားနေရသူများနဲ့ မိသားစုများအားလုံး စိတ်ဓာတ်ခွန်အားများစွာ ရရှိနိုင်မယ်လို့ ယုံကြည်မိပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

## ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသမည်

နေပြည်တော် အောက်တိုဘာ ၁၄

ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်ကို ထည့်သွင်းစပ်ဆိုထားသည့် တေးသီချင်း အပုဒ် ၁၀၀ ကို တစ်ပတ်လျှင် ၁၀ ပုဒ်ဖြင့် အပတ်စဉ် သောကြာနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းများအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ အောက်တိုဘာ ၁၆ ရက် ညတွင် ပွဲစဉ်(၁)အဖြစ် LUCKY HAND တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် မြန်မာပြည် သိန်းတန်၊ အောင်နိုင်၊ နေမင်းအိမ်၊ ထွန်းနောင်ဆင့်၊ ဟေမာနေဝင်း၊ ချမ်းချမ်း၊ အိုင်ရင်း ဇင်မာမြင့်နှင့် နန်းဆုဦးတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တင်ဆက်ခဲ့မှုကို အောက်တိုဘာ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ်ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကန်ဒေါ်လာ ၁၂ ဘီလီယံ မတည်ရန် ကမ္ဘာ့ဘဏ် အတည်ပြု



**ဝါရှင်တန် အောက်တိုဘာ ၁၄**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဝယ်ယူဖြန့်ဖြူးရန်၊ စမ်းသပ်မှုနှင့် ကုသမှုပြုလုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ မတည်ရန် အတည်ပြုခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။

ယခုငွေကြေးထောက်ပံ့မှုသည် ကမ္ဘာ့ပြည်သူ သန်း ၁၀၀၀ အတွက် ကာကွယ်ဆေးထိုးရေးအစီအမံအား ပံ့ပိုးကူညီရန် ရည်ရွယ်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ယခုငွေကြေးက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရန် ၂၀၂၁ ခုနှစ် ဇွန်လမှစ၍ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ကူညီမည့် ကမ္ဘာ့ဘဏ်အုပ်စု (WBG)၏ ဒေါ်လာ ၁၆၀ ဘီလီယံတန် စီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ယခုကဲ့သို့ ငွေကြေးပံ့ပိုးမှုက သုတေသနနှင့် ဆေးဝါးလုပ်ငန်းကို အထောက်အပံ့ဖြစ်စေသလို ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရရှိရန်ဖြစ်ကြောင်း ထုတ်ပြန်ချက်က ဖော်ပြသည်။

"ဖွံ့ဖြိုးဆဲနိုင်ငံတွေက နိုင်ငံတကာမိတ်ဖက်တွေနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး ဗိုင်းရပ်စ်ကာကွယ်ဆေးတွေ ထိထိရောက်ရောက်အသုံးချရေး ပြင်ဆင်မှုပြုလုပ်နိုင်ဖို့ ငွေကြေးနဲ့ နည်းပညာအကူအညီ ပံ့ပိုးပေးမှာဖြစ်ပါတယ်" ဟု ထုတ်ပြန်ချက်က ဆိုသည်။ ဘေးအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ကာကွယ်ဆေးများရရှိရေးနှင့် ခိုင်မာသော ဖြန့်ဖြူးရေးစနစ်တို့က ကပ်ရောဂါဖြစ်ပွားမှုကို ပြောင်းစေပြီး စီးပွားရေးကျဆင်းမှု ကြုံတွေ့နေရသော နိုင်ငံများ၏ ပြန်လည်ထူထောင်ရေးအတွက်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ ဒေးဗစ်မေးပက်စ်က ထုတ်ပြန်ချက်အတွင်း ပြောကြားခဲ့သည်။

ယခုငွေကြေးထောက်ပံ့မှုက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုနှင့် ကုသမှုပြုလုပ်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးမည်ဖြစ်ပြီး ကာကွယ်ဆေးများ ထိရောက်စွာ အသုံးချနိုင်မည့် ကျန်းမာရေးစနစ်ကို အထောက်အပံ့ဖြစ်စေသည့် ကာကွယ်ဆေးထိုးနှံမှုပမာဏကို တိုးချဲ့ဆောင်ရွက်စေနိုင်မည်ဟု ထုတ်ပြန်ချက်က ဆိုသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ပြည်ပမှ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၂၇၀ ကျော် အင်ဒိုနီးရှားနိုင်ငံ ဝယ်ယူ

**ဂျကာတာ အောက်တိုဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၇၁ သန်းကျော်ပေးပို့မည့် ကတိကဝတ်များ ရရှိခဲ့ပြီး ယခုနှစ်အကုန်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၃၀ အဆင်သင့်ရရှိမည်ဟု မျှော်မှန်းကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားသည်။

အဆိုပါ ဗိုင်းရပ်စ်ကာကွယ်ဆေးများကို တရုတ်ကုမ္ပဏီများဖြစ်သည့် Cansino၊ Sinovac နှင့် Sinopharm တို့မှ ထုတ်လုပ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးပြန်လည်ကောင်းမွန်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးအဖွဲ့ကို ဦးစီးဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဝန်ကြီး အဲလန်ဂါဟာတာတိုက ပြောသည်။ ဗြိတိန်ဆေးဝါးကုမ္ပဏီ Astra Zeneca ထံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေသန်း ၁၀၀ ဝယ်ယူရန် အစိုးရက ဆောင်ရွက်နေကြောင်း အဲလန်ဂါက ပြောသည်။ "ကျွန်တော်တို့ ဒီလအကုန်မှာ သဘောတူညီချက်ရဲ့ ၅၀ ရာခိုင်နှုန်း ဒါမှမဟုတ် ဒေါ်လာသန်း ၂၅၀ ခန့် လက်ငင်းပေးချေမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။



### လုပ်ဆောင်လျက်ရှိ

လက်ရှိအချိန်တွင် နိုင်ငံခြားရေးဝန်ကြီး ရတ်နိုမာဆူဒီ၊ ကျန်းမာရေးဝန်ကြီး တီရာဝ်အေဂတ်စ်ပူထရန်တိုနှင့် နိုင်ငံပိုင်လုပ်ငန်းများဆိုင်ရာဝန်ကြီး အဲရစ်သိုဟီးတို့မှာ ဗိုင်းရပ်စ်ကာကွယ်ဆေး ဝယ်ယူရန်ပြည်ပသို့ သွားရောက်လျက်ရှိကြောင်း ၎င်းက ပြောသည်။ ပြည်ပမှ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူမှုအပြင် အစိုးရနှင့် ပြည်တွင်းဆေးကုမ္ပဏီ PT Bio Farma တို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။

ကျန်းမာရေးလုပ်သားများ၊ ဆေးဘက်အကူများ၊ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များကို ဗိုင်းရပ်စ်ကာကွယ်ဆေး ဦးစားပေးထိုးပေးမည်ဟု ၎င်းက ဆိုသည်။

**ကိုးကား-သည်ဂျကာတာပို့စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဒေသတွင်း လွတ်လပ်စွာ သွားလာနိုင်ရန် လမ်းညွှန်ချက်အချို့ ပြန်လည်သတ်မှတ်

**လူဇင်ဘတ် အောက်တိုဘာ ၁၄**

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ နိုင်ငံသားများအား ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားနေသောကာလအတွင်း ဒေသတွင်း လွတ်လပ်စွာသွားလာနိုင်ရန် လမ်းညွှန်ချက်အသစ်အချို့ကို ယမန်နေ့က ပြန်လည်သတ်မှတ်ခဲ့ကြောင်း သိရသည်။ လူဇင်ဘတ်မြို့တွင် ကျင်းပသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင် အဖွဲ့ဝင် ၂၇ နိုင်ငံက ၎င်းတို့၏နိုင်ငံများရှိ အလုပ်သမားများနှင့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုကို ဆောင်ရွက်နိုင်ရန်နှင့် အသွားအလာကန့်သတ်မှုစည်းမျဉ်းများ ဖြေလျှော့ရေးတို့ကို သဘောတူညီမှုရရှိခဲ့သည်။

### နယ်စပ်ပိတ်ထား

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မတ်လအတွင်းက ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ နယ်စပ်ဒေသများအား ပိတ်ထားခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအနေဖြင့် ကနဦးက ရှန်ဂန်သဘောတူညီချက်အရ ဥရောပသမဂ္ဂဒေသအတွင်း ဗီဇာမလိုအပ်ဘဲ ခရီးသွားလာနိုင်သည်။

ထို့အပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်း အစိမ်းရောင်အဆင့်သတ်မှတ်ထားသော ဒေသများအတွင်း ခရီးသွားလာခွင့်ပြုရန် သတ်မှတ်ထားကြောင်း သိရသည်။

သို့သော် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရများအနေဖြင့် အနီရောင်နှင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသောဒေသများမှ သက်ဆိုင်ရာနိုင်ငံများသို့ ရောက်ရှိလာသူများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးစေခြင်းနှင့် သီးခြားခွဲခြားနေထိုင်ခြင်းတို့ကဲ့သို့သော ကန့်သတ်မှုများကိုဆောင်ရွက်နိုင်သည်။

### ပူးပေါင်းဆောင်ရွက်

"ကိုဗစ်-၁၉ ကပ်ရောဂါဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်လူနေမှုဘဝတွေကို ကမောက်ကမဖြစ်စေပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေက နိုင်ငံသားတွေအနေနဲ့ အသွားအလာကန့်သတ်မှုတွေချမှတ်ထားတာကြောင့် အလုပ်သွားဖို့၊ ကျောင်းသွားဖို့နဲ့ ဆွေမျိုးတွေဆီ အလည်သွားဖို့ အခက်အခဲရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံသားတွေရဲ့ခရီးသွားလာခွင့်ကို အဟန့်အတားဖြစ်စေမယ့်အရေးတွေကို ဖြေရှင်းဖို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံသားတွေကို ခရီးသွားလာမှုမပြုမီ သိထားသင့်တဲ့ အချက်အလက်တွေကို မျှဝေကြရမှာဖြစ်ပါတယ်"ဟု ဥရောပဒေသဆိုင်ရာ ဂျာမနီနိုင်ငံဝန်ကြီး မိုက်ကယ်ရောဲ့စ်က ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**




# ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရန် ဥရောပသမဂ္ဂက ကမ္ဘောဒီးယားနိုင်ငံသို့ ကန်ဒေါ်လာ ၂ ဒသမ ၃၅ သန်း ထောက်ပံ့

**ဖနောင်ပင် အောက်တိုဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါအလွန်ကာလတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန်အတွက် ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း ဥရောပသမဂ္ဂ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါထုတ်ပြန်ချက်၌ ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးစီစဉ်သော ကျောင်းပြန်တက်ရေးအစီအစဉ်တွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)မှ ပါဝင်ပံ့ပိုးထားပြီး ကျောင်းသားများ၊ မိဘများ၊ ဆရာများနှင့်ကျောင်းဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုလျှော့ချရေးအတွက် ဆောင်ရွက်ရမည့် ကျန်းမာရေးဆိုင်ရာအသိပညာများကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

### သတင်းအချက်အလက် မျှဝေရန်ဆောင်ရွက်

ယခုအစီအစဉ်ကို ၂၀၂၁ ခုနှစ်အထိ ဆောင်ရွက်သွားရန်ရှိပြီး ကျောင်းကျန်းမာရေးအတွက်သာမက ကလေးငယ်များအား ကျန်းမာသန့်ရှင်းသောသဘာဝပတ်ဝန်းကျင်တွင် နေထိုင်တတ်စေရန် တန်ဖိုးရှိသော သတင်းအချက်အလက်များကို မျှဝေပေးသွားရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျောင်းသားများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများကိုလည်း နိုင်ငံတစ်ဝန်းရှိ မူလတန်းနှင့်နေ့ကလေးထိန်းကျောင်း ၁၁၅၀၀ ကို ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ရောဂါကြောင့် အခက်အခဲရှိနေချိန်မှာ ဥရောပသမဂ္ဂက ကျောင်းတွေပြန်ဖွင့်နိုင်အောင် ပံ့ပိုးပေးတာကို ကြိုဆိုပါတယ်။ ယခုအကူအညီရရှိခဲ့တာကြောင့် ကလေးတွေအနေနဲ့ ပညာဆက်လက်သင်ကြားရန် အထောက်အကူရရှိခဲ့ပါတယ်။ ယခုကဲ့သို့ ဥရောပသမဂ္ဂနဲ့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ငွေကြေးထောက်ပံ့ခဲ့သဖြင့် ကျောင်းသားတွေအနေနဲ့ ပံ့ပိုးမှုရှိတဲ့ သင်ကြားရေးဆိုင်ရာပတ်ဝန်းကျင်မှာ ပညာသင်ကြားခွင့်ရရှိခဲ့ပါတယ်" ကမ္ဘောဒီးယားပညာရေး၊ လူငယ်နှင့်အားကစားဝန်ကြီး ဟန်ချူနရွန်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး ကာမန်မိုရီနိုကလည်း ပညာသင်ကြားရေးသည် အခြေခံလူ့အခွင့်အရေးဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံတိုးတက်ရေးအတွက် အဓိကကျသော အချက်ဖြစ်ကြောင်း ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် ဖိုရှုဖိုရိုဇက်ကလည်း ကြုံတွေ့ရသော အခက်အခဲတိုင်းသည် နိုင်ငံတိုးတက်ရေးအတွက် အခွင့်အလမ်းများကိုပါ ယူဆောင်လာလေ့ရှိကြောင်း ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် တာဝန်ရှိသူများ ညီညွတ်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၃ ဦး ရှိကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ၂၀၂၀ ပြည့်နှစ် နိုဘယ်လ်ဆုရရှိသူများနှင့် စွမ်းဆောင်မှုများ

အောင်ကျော်ကျော် (ကြေးမုံ)

ဆွီဒင်နိုင်ငံသား ဓာတုဗေဒပညာရှင် အဲဖရက်နိုဘယ်လ်၏ သေတမ်းစာအရ နိုဘယ်လ်ဆုများ ချီးမြှင့်ရန်အတွက် ရည်ရွယ်ပြီး ဆွီဒင်အစိုးရက နိုဘယ်လ်ဆုချီးမြှင့်ရေး ကော်မတီတစ်ရပ်ကို ၁၈၉၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၁၉၀၁ ခုနှစ်မှစပြီး လူသားအကျိုးပြုလုပ်ငန်းများဖြစ်သည့် ဆေးပညာနယ်ပယ်၊ စာပေ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဆိုင်ရာ နယ်ပယ်များတွင် စွမ်းစွမ်းတမံ ထမ်းဆောင်နေသော ကမ္ဘာအရပ်ရပ်မှ အဖွဲ့အစည်းများ (သို့မဟုတ်) လူပုဂ္ဂိုလ်များကို ရွေးချယ်ကာ ဆုများကို နှစ်စဉ် ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့သည်။

နိုဘယ်လ်ဆုရရှိသူများစာရင်းကို နှစ်စဉ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာပြီး ဆုရရှိသူများကို စတော့ဟုမ်းနှင့် အော်စလိုမြို့များတွင် ဒီဇင်ဘာလ၌ ဆုများအသီးသီး ချီးမြှင့်ပေးအပ်သည်။

ယခုနှစ် နိုဘယ်လ်ဆုရရှိသူများစာရင်းကို အောက်တိုဘာ ၅ ရက်မှ ၁၂ ရက်အတွင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယခင်နှစ်များတွင် ဆုရရှိသူများကို ဒီဇင်ဘာလအတွင်း ဆုပေးပွဲအခမ်းအနားများ ကျင်းပကာ ဆုများပေးအပ်ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများကြောင့် နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆုများကို ချီးမြှင့်ပေးရန် စီစဉ်ခဲ့သည်။ နိုဘယ်လ်ဆုတံဆိပ်များနှင့် အသိအမှတ်ပြုလက်မှတ်များကို ဆုရရှိသူများထံသို့ ၎င်းတို့၏ သက်ဆိုင်ရာ သံရုံးများမှတစ်ဆင့် ပေးပို့သွားမည်ဖြစ်သည်။ ဆုရရှိသူများကို ၂၀၂၁ ခုနှစ် နိုဘယ်လ်ဆုပေးပွဲအခမ်းအနားသို့ ပြန်လည်ဖိတ်ခေါ်သွားဖွယ်ရှိသည်။ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုပေးပွဲ အခမ်းအနားကို အော်စလိုမြို့၌ အကျဉ်းချုံးကျင်းပသွားမည်ဖြစ်သည်။ ယခုနှစ် နိုဘယ်လ်ဆုတစ်ဆုချင်းစီ၏ ချီးမြှင့်ငွေပမာဏသည် ယခင်နှစ်များကထက် ဆွီဒင်ငွေ ကရောနာတစ်သန်း (အမေရိကန်ဒေါ်လာ ၁၁၃၂၄၃) ခန့် ပိုမိုထပ်ဆောင်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် နိုဘယ်လ်ဆုရှင်များနှင့် ကမ္ဘာ့အကျိုးပြုလုပ်ငန်းများအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များကို ရေးသားဖော်ပြလိုက်ပါသည်။

### ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆု

ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ဟာဗေးဂျေအော်တာ၊ မိုက်ကယ်ဟောင်တန်နှင့် ချားလီးအမ်ရိုက်စ်တို့ သိပ္ပံပညာရှင်သုံးဦးက စုပေါင်းရရှိခဲ့ကြသည်။ ယင်းသိပ္ပံပညာရှင်သုံးဦးသည် အသည်းရောင်ရောဂါ (စီ) ဗိုင်းရပ်စ်ပိုး၏ ရောဂါဖြစ်ပွားမှုအလေ့အထကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။ အသည်းရောင်ရောဂါသည် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါများကို ဖြစ်ပွားစေသည့် ကမ္ဘာတစ်ဝန်း၌ အဖြစ်များသော ရောဂါတစ်မျိုးဖြစ်သည်။

၎င်းတို့၏ ရှာဖွေတွေ့ရှိမှုကြောင့် နာတာရှည် အသည်းရောင် ရောဂါဝေဒနာရှင်များအား ကုသရာတွင် များစွာ အထောက်အကူပြုဖြစ်စေခဲ့သည်။ ထို့ပြင် သွေးစစ်ဆေးမှုခံယူပြီး အသည်းရောင်ရောဂါ ဖြစ်ပွားနိုင်ဖွယ်ရှိ၊ မရှိကိုလည်း ကြိုတင်သိရှိနိုင်မည်ဖြစ်သည်။ လူသန်းပေါင်းများစွာ၏အသက်ကို ကယ်တင်ရန် ဆေးဝါးများလည်း ဖော်ထုတ်နိုင်မည်ဖြစ်သည်။




ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုရှင် အမျိုးသမီးသိပ္ပံပညာရှင်များဖြစ်သည့် အမ်မာနျူလီချာပန်တီရာနှင့် ဂျက်နီဖာအေဒေါင်နာ။

### ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆု

ယခုနှစ် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ရိုဂျာပန်ရို့စ်၊ ရိုင်ဟတ်ဂျင်ဇယ်လ်နှင့် အန်ဒရယ်ဂက်တို့ သုံးဦးတို့ စုပေါင်းရရှိသွားခဲ့သည်။ ၎င်းတို့သုံးဦးသည် စကြဝဠာအတွင်းရှိ တွင်းနက်ကြီးများ ဖွဲ့စည်းထားပုံနှင့် နဂါးငွေ့တန်းအလယ်ဗဟို၌ အလွန်ကြီးမားသော တွင်းနက်ကြီးများ တည်ရှိနေမှုကို ရှာတွေ့ခဲ့ခြင်းကြောင့် နိုဘယ်လ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုကြောင့် စကြဝဠာနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများတွင် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ၁၁၄ ဆုမြောက် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ရရှိကြခြင်းဖြစ်သည်။

အလွန်ကြီးမားသော ကြယ်များ ကြွေကျသကဲ့သို့ ကြီးမားသောဒြပ်ထုတစ်ခုသည် အာကာသထဲသို့ ကျရောက်သည့်အချိန်တွင် ထူးဆန်းပြီး စိတ်လှုပ်ရှားစရာကောင်းသော တွင်းနက်ကြီးများ စကြဝဠာအတွင်း၌ ဖြစ်ပေါ်လာကြသည်ဟု ၎င်းတို့က ဆိုသည်။

ဗြိတိန်နိုင်ငံသား သင်္ချာနှင့်ရူပဗေဒပညာရှင် ပါမောက္ခ ပန်ရို့စ်က စကြဝဠာအတွင်းရှိ တွင်းနက်ကြီးများ ဖွဲ့စည်းထားခြင်းနှင့်ပတ်သက်ပြီး ၎င်း၏ သင်္ချာနည်းပညာများကို အသုံးပြုကာ သက်သေထူနိုင်ခဲ့ပြီဖြစ်သည်။ အလားတူ ဂျာမနီနိုင်ငံသား နက္ခတဗေဒပညာရှင် ပါမောက္ခ ရိုင်ဟတ်ဂျင်ဇယ်လ်နှင့် အမေရိကန်နိုင်ငံသား ပါမောက္ခ အန်ဒရယ်ဂက်သည် ကြယ်တာရာများ၏ ရွေ့လျားမှုများအပါအဝင် နဂါးငွေ့တန်းအလယ်ဗဟို၌ တွင်းနက်ကြီးတည်ရှိသည်ကို သက်သေပြသနိုင်ခဲ့သည့်အတွက် ဆုရရှိခဲ့ခြင်းဖြစ်သည်။

### ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆု

ယခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို အမျိုးသမီးသိပ္ပံပညာရှင်များဖြစ်သည့် အမ်မာနျူလီချာပန်တီရာနှင့် ဂျက်နီဖာအေဒေါင်နာတို့က ရရှိခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် မျိုးရိုးဗီဇပြောင်းလဲမှုဆိုင်ရာ နည်းလမ်းသစ်တစ်ခု ရှာတွေ့ခဲ့ခြင်းကြောင့် ယခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ကြခြင်းဖြစ်သည်။ ထို့ပြင် ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆုရရှိသည့် ပထမဆုံးသော အမျိုးသမီးသိပ္ပံပညာရှင်များ ဖြစ်လာကြသည်။

၎င်းတို့ရှာတွေ့ခဲ့သည့် မျိုးရိုးဗီဇပြောင်းလဲမှုဆိုင်ရာ နည်းလမ်းသစ်ကို Crispr-Cas9 genetic scissors ဟု အမည်ပေးထားပြီး အဆိုပါနည်းလမ်းဖြင့် သက်ရှိဆဲလ်များတွင်ပါရှိသည့် မျိုးရိုးဗီဇများကို တိကျစွာ ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ အဆိုပါတွေ့ရှိမှုသည် ဆေးပညာဆိုင်ရာ သုတေသနပြုလုပ်ရာတွင် များစွာအထောက်အကူပြုသည့်အပြင် ကင်ဆာရောဂါကုထုံးအသစ်များဖြင့် စမ်းသပ်ကုသရာတွင်လည်း အထောက်အကူပြုနိုင်သည်။ လက်ရှိအချိန်တွင် အဆိုပါမျိုးရိုးဗီဇပြောင်းလဲမှုဆိုင်ရာ နည်းလမ်းသစ်ကို အသုံးပြုပြီး သွေးအားနည်းရောဂါသည်များအား ကုသရာတွင် အကျိုးသက်ရောက်မှု ရှိ၊ မရှိ စမ်းသပ်လျက်ရှိသည်။

### စာပေဆိုင်ရာနိုဘယ်လ်ဆု

ယခုနှစ် စာပေဆိုင်ရာ နိုဘယ်လ်ဆုကို အမေရိကန် ကဗျာဆရာမ လူးဝစ်ဂလပ်ခ်က ရရှိသွားခဲ့သည်။ ကဗျာဆရာမ လူးဝစ်ဂလပ်ခ်၏ ထင်ရှားပေါ်လွင်စေသည့် ကဗျာစပ်ဆိုမှုကြောင့် နိုဘယ်လ်ဆုရရှိခဲ့ခြင်းဖြစ်သည်။



စာပေဆိုင်ရာ နိုဘယ်လ်ဆုရရှိခဲ့သည့် အမေရိကန် ကဗျာဆရာမ လူးဝစ်ဂလပ်ခ်။

လူးဝစ်ဂလပ်ခ်ကို ၁၉၄၃ ခုနှစ်တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ လက်ရှိအချိန်တွင် ယေးလ်တက္ကသိုလ်၌ အင်္ဂလိပ်စာပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ လူးဝစ်ဂလပ်ခ်သည် ၂၀၁၀ ပြည့်နှစ်မှစပြီး စာပေဆိုင်ရာ နိုဘယ်လ်ဆုရရှိသည့် စတုတ္ထမြောက်အမျိုးသမီးဖြစ်ပြီး နိုဘယ်လ်ဆုများ စတင်ချီးမြှင့်သည့် ၁၉၀၁ ခုနှစ်မှစပြီး ၁၆ ယောက်မြောက် စာပေဆိုင်ရာ နိုဘယ်လ်ဆုရှင်ဖြစ်လာခဲ့သည်။

လူးဝစ်ဂလပ်ခ်သည် ၁၉၉၃ ခုနှစ်တွင် The Wild Iris စာအုပ်ဖြင့် ပူလစ်ဇာဆု၊ ၂၀၁၄ ခုနှစ်တွင် အမျိုးသားစာပေဆု၊ ၂၀၀၁ ခုနှစ်တွင် ဘောလင်ဂန်ကဗျာဆု၊ ၂၀၀၈ ခုနှစ်တွင် ဝေါလစ်စတီဗင်ဆုနှင့် ၂၀၁၅ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အမျိုးသားဆု စသည့် ဂုဏ်သိက္ခာကြီးမားသော ဆုပေါင်းများစွာကို ရရှိခဲ့သည်။

### ငြိမ်းချမ်းရေးနိုဘယ်လ်ဆု

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ရရှိခဲ့သည်။ အဆိုပါအေဂျင်စီသည် ကမ္ဘာ့ငြိမ်းချမ်းရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးသည့် လုပ်ငန်းစဉ်များကိုပါ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ခြင်းကြောင့် ၁၀၁ ဆုမြောက် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။




ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရရှိခဲ့သည့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)။

ယခုနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်ရန် အဖွဲ့အစည်း ၁၀၇ ဖွဲ့နှင့် လူပုဂ္ဂိုလ် ၂၁၁ ဦးတို့အား ကနဦးလျာထားခဲ့သည်။ ၎င်းတို့အနက်မှ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို အဆိုပါအေဂျင်စီအား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လျက် ရှိနေလင့်ကစား စစ်ဘေး၊ ကပ်ဘေးနှင့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ကမ္ဘာသူကမ္ဘာသားများအတွက် ကိုယ်ကျိုးမငဲ့ဘဲ ရှေ့တန်းမျက်နှာစာတွင် ကူညီဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် ခံယူချက်သည် နောင်အနာဂတ်ကမ္ဘာကြီးအတွက် ရှေ့ဆောင်စံပြတစ်ခုဖြစ်သည်ဟု နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာများ ကူညီထောက်ပံ့ပေးလျက်ရှိသည်။ လွန်ခဲ့သောနှစ်က စားနပ်ရိက္ခာလုံလောက်မှုမရှိသော နိုင်ငံ ၈၈ နိုင်ငံမှ ပြည်သူ သန်း ၁၀၀ နီးပါးအား စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့သည်ဟု အဆိုပါအေဂျင်စီက ဆိုသည်။

### စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆု

ယခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုကို စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခများဖြစ်သည့် ပေါအာမီဂရွမ်နှင့် ရောဘတ်ဘီဝယ်လ်ဆန်တို့က ရရှိခဲ့သည်။ ၎င်းတို့သည် လေလံတင်ခြင်းသီအိုရီနှင့် လေလံတင်ခြင်းဆိုင်ရာ စနစ်သစ်ပုံစံများကို ထုတ်ဖော်ပြသခဲ့ခြင်းအတွက် ၂၀၂၀ ပြည့်နှစ် စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုအတွက် လေလံတင်ပွဲများနှင့်ပတ်သက်ပြီး အဓိကထား ရွေးချယ်ခဲ့သည်။ နိုဘယ်လ်ဆုရှင် စတန်းဖို့ဒ်တက္ကသိုလ် ပါမောက္ခများ၏ လေလံတင်ခြင်းဆိုင်ရာ စနစ်သစ်ပုံစံများသည် လေလံတင်ပွဲများကျင်းပခြင်းအတွက် များစွာအထောက်အကူဖြစ်စေသည်။ ထို့ပြင် လေလံတင်ရောင်းချသူများ၊ ဝယ်ယူသူများနှင့် အခွန်အခပေးချေသူများအတွက်လည်း အကျိုးကျေးဇူးရှိစေနိုင်သည်ဟု နိုဘယ်လ်ဆုချီးမြှင့်ရေးကော်မတီက ဆိုသည်။

အင်တာနက်ကြော်ငြာများ၊ လျှပ်စစ်ဓာတ်အား လက်ကားရောင်းချခြင်း၊ ငါးဖမ်းခြင်းခွင့်ပြုချက်များ စသည့် ရောင်းချလိုသည့်ပစ္စည်းအားလုံး၏ သတ်မှတ်တန်ဖိုးနှုန်းထားတစ်ခု ရရှိစေရန် လေလံတင်ပွဲများကို ကျင်းပရခြင်းဖြစ်သည်။

လေလံတင်ပွဲသို့ တက်ရောက်သူများ၏ အပြုအမူများကို သုတေသနပြုပြီး မည်သူတစ်ဦးတစ်ယောက်မှ နစ်နာမှုမရှိဘဲ ပိုမိုကောင်းမွန်သော လေလံတင်ပွဲများ ဖြစ်တည်ရေးအတွက် ၎င်းတို့၏ လေလံတင်ခြင်းဆိုင်ရာ နည်းလမ်းအသစ်များကို ရှာဖွေတွေ့ရှိခဲ့ခြင်းတို့ကြောင့် နိုဘယ်လ်ဆု ချီးမြှင့်ရေးကော်မတီက ပေါအာမီဂရွမ်နှင့် ရောဘတ်ဘီဝယ်လ်ဆန်တို့အား အသိအမှတ်ပြုချီးကျူးစကားဆိုခဲ့သည်။

**ကိုးကား- ဘီဘီစီ၊ နယူးယောက်တိုင်းမ်**

# မန္တလေးမြို့၌ မီးလောင်မှုကြောင့် အမျိုးသမီးငါးဦး သေဆုံး

**မန္တလေး အောက်တိုဘာ ၁၄**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ အလှပြင်ဆိုင်တစ်ခု၌ ယမန်နေ့ ည ၁၂ နာရီခန့်က လျှပ်စစ်မိန်းခုံ အပူလွန်ကဲရာမှ ဆိုဖာထိုင်ခုံပေါ်သို့ မီးပွားကျ၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ငါးနှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် စုစုပေါင်း အမျိုးသမီး ငါးဦး သေဆုံးခဲ့ကြောင်း မြို့နယ်မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ငါးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ယနေ့ နံနက် ၀၀ နာရီ ၁၃ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဆိုင်အတွင်း ထပ်ခိုးတွင် အိပ်နေသည့် ဆိုင်ရှင်အမျိုးသမီးအပါအဝင် စုစုပေါင်း ငါးဦးတို့သည် မီးခိုးမွန်အသက်ရှူကျပ်မှုကြောင့် ဆေးရုံပို့ဆောင်စဉ် သေဆုံးကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဆိုင်ရှင်ဖြစ်သူအား အမှတ်(၆)နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၆၉ စီး၊ သွင်းကုန် ၂၀၅ စီး ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၀၂ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Multimedia Speaker (1x2 Pcs) (12 Pkgs) နှင့် Detergent Powder (720 kgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


တရားခံ ကြည်ရှိန်


တရားခံ အသုံးပြုသည့် ဆိုင်ကယ်





# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကနီမြို့နယ် ယင်းယိမ်ရွာနှင့် သစ်ခက်ရွာကြား ချင်းတွင်းမြစ်အတွင်းမှ တရားမဝင်အင်ခွဲသား ၃၃ ဒသမ ၀၁၁၂ တန်၊ ကနီမြို့နယ် ယင်းကျေးရွာအထက်ဘက် တစ်ဖာလုံခန့်အကွာ ချင်းတွင်းမြစ်အတွင်းမှ တရားမဝင်အင်ခွဲသား ၂၀ ဒသမ ၀၀၂၄ တန်၊ ကနီမြို့နယ် ကျွန်းကလေးကျေးရွာဆိပ်ကမ်းမှ တရားမဝင်အင်ခွဲသား ၁၀ ဒသမ ၉၄၄၄ တန်၊ မင်းကင်းမြို့နယ် ရေဦး-ကလေးဝကားလမ်း မိုင်တိုင်အမှတ်(၅၁/၁)မိုင်အနီး ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် သစ်ယာ/အင်ခွဲသား ၁၀ ဒသမ ၁၁၆၄ တန်၊ ဖြူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၀၇/၅)နှင့် (၁၀၇/၆)ကြားမှ တရားမဝင် ကျွန်းခွဲသား ၅ ဒသမ ၆၅၃၂ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ဆက်စပ်ပတ်သက်သော ပြစ်မှုကျူးလွန်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း (နေပြည်တော်)**

**မီး သတိပြု**

# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ အိမ်ရှင်အားသတ်၍ ပစ္စည်းများခိုးယူသူအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ အိမ်ရှင်အားသတ်၍ ပစ္စည်းများ ခိုးယူသူအား ယနေ့ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ သပြေလမ်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဖြစ်သူ၏ နေအိမ်ခြံဝင်းအတွင်း၌ အမျိုးသမီးတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ စက်တင်ဘာ ၉ ရက် ည ၇ နာရီခန့်တွင် ပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးရာ နေအိမ်ခြံဝင်းအတွင်း၌ ဇနီးဖြစ်သူ ဒေါ်မော်မော်လွင်စိုး(၅၂)နှစ်အား ဦးခေါင်းပေါက်ပြဲ/ ပြတ်ရှဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့ပြီး အိပ်ခန်းအတွင်းရှိ မီးခံသေတ္တာအတွင်းမှ ရွှေထည်ပစ္စည်းများနှင့် ၎င်းကိုင်ဆောင်သည့် Samsung ဖုန်းတစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၁၆၀ ခန့်တို့ ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေး၍ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့နှင့် နေပြည်တော်ရဲတပ်ဖွဲ့ဝင်များက တရားခံဖော်ထုတ်နိုင်ရေး စုံစမ်းထောက်လှမ်းနေချိန် အောက်တိုဘာ ၁၃ ရက်တွင် တရားခံဟုယူဆရသူသည် သပြေကုန်းဈေးအတွင်းရှိ ရွှေဆိုင်တစ်ဆိုင်သို့ ရွှေဆွဲကြိုးလာရောက်ပေါင်နှံရာ ရွှေဝယ်ဘောက်ချာ မပါရှိသဖြင့် ဆိုင်မှလက်မခံသောကြောင့် ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက စီစီတီဗွီမှတ်တမ်းများအရ စီးနင်းလာသည့် ဆိုင်ကယ်နံပါတ်နှင့် လူပုံသဏ္ဍာန်အား စိစစ်ရရှိခဲ့ကြောင်း၊ ယနေ့တွင် ယင်းနံပါတ်ပါ ဆိုင်ကယ်၏သွားလာလှုပ်ရှားမှုကို စောင့်ကြည့်နေစဉ် အဆိုပါ မသင်္ကာဖွယ်တရားခံသည် မြို့မဈေးရှိ ရွှေဆိုင်တစ်ဆိုင်သို့ ရွှေဆွဲကြိုးတစ်ကုံးအား ထပ်မံလာရောက်ရောင်းချသည်ကိုတွေ့ရှိရ၍ ဥပဒေနှင့်အညီ ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းမှာ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ ကြည်ရှိန်(၄၆)နှစ်ဖြစ်ပြီး ၎င်းရောင်းချသည့် ရွှေဆွဲကြိုးမှာ ပုဗ္ဗသီရိမြို့နယ် သပြေလမ်းနေ ဒေါ်မော်မော်လွင်စိုးအား သတ်၍ နေအိမ်မှခိုးယူသွားသည့် ရွှေထည်ပစ္စည်းဖြစ်သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

တရားခံ ကြည်ရှိန်၏ ကနဦးအစစ်ခံချက်အရ စက်တင်ဘာ ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် နေအိမ်မှ တစ်ဦးတည်း ဆိုင်ကယ်ဖြင့်ထွက်ခွာလာခဲ့ပြီး ညောင်ပင်ကြီးစုကျေးရွာရှိ ကျိုက်ထီးရိုးလေး ဘုန်းကြီးကျောင်းရှေ့တွင် ဆိုင်ကယ်အားရပ်ကာ လမ်းလျှောက်ထွက်ခဲ့ကြောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် ပစ္စည်းများခိုးယူရန် အခင်းဖြစ်နေအိမ်ခြံဝင်းအတွင်းသို့ အုတ်တံတိုင်းခြံစည်းရိုးအားကျော်၍ ဝင်ရောက်ခဲ့ကြောင်း၊ နေအိမ်အတွင်းသို့ နောက်ဖေးမီးဖိုချောင်အပေါက်မှ ဝင်ရောက်ကာ မီးဖိုချောင်အတွင်းရှိ ဓား တစ်ချောင်းအား ယူဆောင်၍ နေအိမ်အိပ်ခန်းအတွင်းသို့ ဝင်ရောက်စဉ် အိမ်ရှင် ဒေါ်မော်မော်လွင်စိုးနှင့် တွေ့ဆုံခဲ့ရာ ဒေါ်မော်မော်လွင်စိုးမှာ နေအိမ်ရှေ့ပေါက်မှ အပြင်ခြံဝင်းအတွင်းသို့ ထွက်ပြေးသွားခဲ့သဖြင့် နောက်မှလိုက်ကာ ဓားဖြင့်ထိုးစဉ် လဲကျသွား၍ အနီးရှိ တုတ်၊ အုတ်ခဲဖြင့် ထပ်မံထုရိုက်ရာ သေဆုံးသွားခဲ့ကြောင်း၊ ယင်းနောက် နေအိမ်အတွင်းသို့ ထပ်မံဝင်ရောက်ပြီး သော့တန်းလန်းဖြစ်နေသော မီးခံသေတ္တာအတွင်းရှိ ရွှေထည်ပစ္စည်းများနှင့် စားပွဲပေါ်ရှိ ဖုန်းတို့ကို ယူဆောင်ကာ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ယင်းရပ်ကွက်အနေဖြင့် လူနေကျဲပြီး လူသွားလူလာ ပြတ်လပ်ကြောင်း၊ ၎င်းနေအိမ်တွင် မိသားစုနည်းပြီး တစ်ခါတစ်ရံ အမျိုးသမီးတစ်ဦးတည်းရှိကြောင်း သိရှိပြီး ခိုးယူရန်အကြံဖြင့် ယခင်ရက်ကတည်းက ၎င်းအိမ်အခြေအနေအား ကြိုတင်လေ့လာပြင်ဆင် ခိုးယူ၊ လူသတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# သာကေတမြို့နယ်၌ နှာခေါင်းစည်းမတပ်သူများအား ဒဏ်ငွေရိုက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂)ဈေး၌ ယနေ့နံနက်ပိုင်းတွင် မြို့နယ်တာဝန်ရှိသူများက နှာခေါင်းစည်းမတပ်သူများအား လှည့်လည်စစ်ဆေးကာ ပညာပေးလုပ်ငန်းဆောင်ရွက်ကြသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့က သာကေတမြို့နယ်အတွင်းရှိ ဈေးတာဝန်ခံများနှင့်ပူးပေါင်း၍ ဈေးတွင်း၊ ဈေးပြင် နှာခေါင်းစည်း တပ်ဆင်မှု ရှိ၊ မရှိ စစ်ဆေးမှုများကို ဆောင်ရွက်ကြသည်။

သာကေတမြို့နယ် အမှတ် (၂)ဈေးတွင် နှာခေါင်းစည်း စနစ်တကျမတပ်သူများ၊ နှာခေါင်းစည်းမပါဘဲ ဈေးရောင်း၊ ဈေးဝယ် သွားလာနေကြသူများအား စစ်ဆေးသတိပေးကာ နှာခေါင်းစည်းများ ပေးဝေခဲ့ပြီး ဒဏ်ငွေ ကျပ် ၂၀၀ ပေးဆောင်စေကြောင်း သိရသည်။ **မြင့်မောင်**

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၂၄**
**ရက်သာ**


လိုတော့သည်။

❍ ဇန်ကောက်မှ

စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျစီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျ ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့ မြန်မာသံရုံး သုံးရုံး၌ ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသူ မဲဆန္ဒရှင် စုစုပေါင်း ၁၈၂၄ ဦးနှင့် ယမန်နေ့တွင် ဒေသဆိုင်ရာစံတော်ချိန်နှင့်အညီ ကြိုတင်ဆန္ဒမဲလာရောက်ပေးခဲ့ကြသူ မဲဆန္ဒရှင် ၈၅ ဦး ရှိသဖြင့် မဲဆန္ဒရှင် စုစုပေါင်း ၁၉၀၉ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အင်္ဂလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ လန်ဒန်မြို့၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။



ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ တိုကျိုမြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။





စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြစဉ်။







ပြင်သစ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ စနစ်တကျ လာရောက်ပေးကြစဉ်။

## ဘယ်သူမဆို ရောဂါရှိနိုင်တယ်ဆိုပြီး သတိနဲ့ကြည့်



တစ်ယောက်နဲ့တစ်ယောက်ကနေ ဘယ်သူမဆို ရောဂါရှိနိုင်တယ်ဆိုတဲ့ အမြင်နဲ့တော့မြင်ရမှာပဲ။ ဒီလိုပြောခြင်းဟာ သံသယမျက်စိနဲ့ ကြည့်ဖို့မဟုတ်ပါဘူး။ သတိနဲ့ ကြည့်ဖို့ဆိုလိုတာပါ။ အခုဆိုရင် ပိုပိုပြီးတော့ ဒီရောဂါကို ကာကွယ်ဖို့အတွက် ဘာလုပ်ရမလဲဆိုတာမြင်လာပါတယ်။ မြင်လာတဲ့တစ်ချိန်တည်းမှာပဲ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်စရာတွေဟာလည်း တွေ့လာရတာပေါ့။ ဥပမာဆိုရင် ကုန်တင်ကားတွေနဲ့ပတ်သက်လို့ ကျွန်မတို့မှာ စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကြားမှာ သဘောတူညီမှုတွေယူဖို့ လိုလာပြီဆိုတာကို သတိပြုမိပါတယ်။ တစ်နေရာကနေ တစ်နေရာသွားတဲ့အခါကျတော့ တစ်နေရာကနေ တစ်နေရာသွားတဲ့ ကုန်တင်ယာဉ်တွေကို မောင်းတဲ့ယာဉ်မောင်းတွေနဲ့ ယာဉ်မောင်းအဖော်တွေနဲ့ အဲဒီကနေတစ်ဆင့် ရောဂါကူးမှာကို အများကလည်း ကြောက်ကြတယ်။ ကူးတာလည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုစမ်းသပ်လိုက်တဲ့အခါမှာ တချို့တွေက ရောဂါပိုးရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၄–၁၀–၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၃–၁၀–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၁၂၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မရမ်းကုန်း | ၁၁၅ |
| | | မင်္ဂလာဒုံ | ၁၀၃ |
| | | မြောက်ဥက္ကလာပ | ၁၀၂ |
| | | လမ်းမတော် | ၇၀ |
| | | သန်လျင် | ၃၄ |
| | | ဆိပ်ကြီးခနောင်တို | ၃၁ |
| | | ဒလ | ၃၁ |
| | | အင်းစိန် | ၂၇ |
| | | လှိုင်သာယာ | ၂၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၇ |
| | | တိုက်ကြီး | ၂၃ |
| | | လှိုင် | ၂၂ |
| | | ကြည့်မြင်တိုင် | ၂၁ |
| | | ဒဂုံ | ၂၁ |
| | | မှော်ဘီ | ၂၁ |
| | | တောင်ဥက္ကလာပ | ၂၀ |
| | | သာကေတ | ၁၈ |
| | | သင်္ဃန်းကျွန်း | ၁၈ |
| | | တာမွေ | ၁၇ |
| | | ရန်ကင်း | ၁၅ |
| | | ဒေါပုံ | ၁၃ |
| | | မင်္ဂလာတောင်ညွန့် | ၁၂ |
| | | ဗိုလ်တထောင် | ၁၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၁ |
| | | ရွှေပြည်သာ | ၁၁ |
| | | အလုံ | ၉ |
| | | ဗဟန်း | ၉ |
| | | စမ်းချောင်း | ၈ |
| | | ပန်းဘဲတန်း | ၈ |
| | | လသာ | ၈ |
| | | ဒဂုံဆိပ်ကမ်း | ၈ |
| | | လှည်းကူး | ၈ |
| | | ကမာရွတ် | ၇ |
| | | ပုဇွန်တောင် | ၅ |
| | | ထန်းတပင် | ၄ |
| | | ကွမ်းခြံကုန်း | ၃ |
| | | ကျောက်တံတား | ၂ |
| | | သုံးခွ | ၁ |
| | | ခရမ်း | ၁ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၉၁၅ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | ၁၇ |
| | | ဒေါ | ၁၀ |
| | | တောင်ငူ | ၈ |
| | | ဒိုက်ဦး | ၈ |
| | | မင်းလှ | ၇ |
| | | ပဲခူး | ၅ |
| | | အုတ်ဖို | ၁ |
| | | ကျောက်ကြီး | ၁ |
| | | စုစုပေါင်း | ၅၇ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ကျောက်ပန်းတောင်း | ၁၃ |
| | | သာစည် | ၈ |
| | | တောင်သာ | ၇ |
| | | ရမည်းသင်း | ၇ |
| | | အမရပူရ | ၆ |
| | | ချမ်းအေးသာစံ | ၃ |
| | | မိတ္ထီလာ | ၃ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | အောင်မြေသာစံ | ၂ |
| | | နွားထိုးကြီး | ၂ |
| | | ပုသိမ်ကြီး | ၂ |
| | | ပြင်ဦးလွင် | ၂ |
| | | သပိတ်ကျင်း | ၂ |
| | | စုစုပေါင်း | ၆၀ |
| ၄။ | မွန်ပြည်နယ် | မော်လမြိုင် | ၂ |
| | | သထုံ | ၁ |
| | | စုစုပေါင်း | ၃ |
| ၅။ | မကွေးတိုင်းဒေသကြီး | မြိုင် | ၂ |
| | | သရက် | ၂ |
| | | အောင်လံ | ၁ |
| | | ချောက် | ၁ |
| | | မကွေး | ၁ |
| | | မင်းဘူး | ၁ |
| | | စလင်း | ၁ |
| | | စုစုပေါင်း | ၉ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ | ၂ |
| | | ကျောင်းကုန်း | ၂ |
| | | မြောင်းမြ | ၂ |
| | | ပုသိမ် | ၁ |
| | | အိမ်မဲ | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | လေးမျက်နှာ | ၁ |
| | | ကျိုက်လတ် | ၁ |
| | | ဝါးခယ်မ | ၁ |
| | | စုစုပေါင်း | ၁၂ |
| ၇။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၀ |
| | | ရသေ့တောင် | ၆ |
| | | ကျောက်တော် | ၄ |
| | | ကျောက်ဖြူ | ၄ |
| | | အမ်း | ၄ |
| | | မောင်တော | ၂ |
| | | ဗူ | ၂ |
| | | မြောက်ဦး | ၂ |
| | | စုစုပေါင်း | ၃၄ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ရွှေဘို | ၃ |
| | | ကနီ | ၂ |
| | | မုံရွာ | ၁ |
| | | စုစုပေါင်း | ၆ |
| ၉။ | ကရင်ပြည်နယ် | မြဝတီ | ၄ |
| | | လှိုင်းဘွဲ့ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၀။ | နေပြည်တော် | ပုဗ္ဗသီရိ | ၄ |
| | | လယ်ဝေး | ၁ |
| | | ပျဉ်းမနား | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၁။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | မိုင်းတုံ | ၁ |
| | | မိုင်းဆတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၁ |
| | | ကျောက်မဲ | ၁ |
| | | လားရှိုး | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၇ |
| | | မြိတ် | ၃ |
| | | စုစုပေါင်း | ၁၀ |
| (၁၃–၁၀–၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၁,၁၂၃) ဦး |

မှတ်ချက်။ (၁၃–၁၀–၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၁၂၃) ဦးတွင် အနံ့မရရှိသူ (၁၁၆) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ဓားခုတ်လှံထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

(အောက်တိုဘာ ၁၃ ရက်နေ့မှအဆက်)

**ကြည်စိုးထွန်း။** ။ တချို့စစ်ကားထဲမှာဆိုရင် နိုင်ငံခြား စစ်ကားကိုမီတာ ဒီကားပဲ။ အဲဒီလိုပြောကြတာပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်ကလည်း မြန်မာစစ်ကားတွေ တော်တော်များများ ကြည့်ဖူးတယ်။ ဒါပေမဲ့ 'ပုလဲမျက်ရည်'ပဲ စွဲတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ 'ပုလဲမျက်ရည်' တော်တော်ကောင်းတယ်။ ဇာတ်သွားထားပုံရော၊ ရိုက်တာတွေရော၊ နောက်ပြီးတော့ ရိုက်ကွင်းရိုက်ကွက်ပေါ့နော်။ နောက်ကင်မရာအယူအဆတွေ သိပ်ကောင်းတာပဲ။

**ဒေါ်ခင်ယုမေ။** ။ ထော်လီတို့ဘာတို့စပေါ်တယ်ဆို ဂျပန်မှာလား မသိဘူး။

**ကြည်စိုးထွန်း။** ။ ဩော် ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဂျပန်ကိုလေ တစ်နှစ် ကိုယ့်စရိတ်နဲ့ကိုယ် သွားသင်ရတာ၊ အဲဒီတုန်းက ဘယ်သူမှ နိုင်ငံခြားထွက်ဖို့ မရဘူးလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ပါတယ်။

**ဒေါ်ခင်ယုမေ။** ။ ကိုယ့်စရိတ်နဲ့ကိုယ် တိုဟိုမှာ တစ်နှစ်သွားသင်တာ။ ယမ်းဖောက်တာ၊ ကိုယ်ထဲမှာ ထည့်ပြီး ဒီကပစ်လိုက်ရင် ဖောင်းဆိုပေါက်တာ အဲဒါ သူ့ပညာတွေလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဘယ်သူကဘာပြောလဲ မပြောဘူး။ သူတို့ဟာသူတို့ တတ်တဲ့ပုံ ဖြစ်နေတာ။

**ကြည်စိုးထွန်း။** ။ မဟုတ်ဘူး မဟုတ်ဘူး အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ကိုယ်က အစကတည်းက သိနေတော့။

**ကြည်စိုးထွန်း။** ။ ဒါပေမဲ့ အစ်မ သူ့ပညာကတော့။

**ဒေါ်ခင်ယုမေ။** ။ ထော်လီတွေလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဘယ်သူမှ ထော်လီမရှိဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဗိုလ်အုန်းသီး ကောင်းစားသွားတာ သူများက ဗိုလ်အုန်းသီး ထော်လီလုပ်ခိုင်းတာလေ။

**ကြည်စိုးထွန်း။** ။ ဩော်။

**ဒေါ်ခင်ယုမေ။** ။ ဗိုလ်အုန်းသီးဆို နောက်ကုမ္ပဏီတွေက ထော်လီမှာ ထော်လီမှာ။

**ကြည်စိုးထွန်း။** ။ တကယ်တော်တာ အစ်မ။

**ဒေါ်ခင်ယုမေ။** ။ 'ပုလဲမျက်ရည်' ကျတော့ တောထဲမှာချရမှာဆိုတော့ သစ်သားလိုင်းနဲ့မဖြစ်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ သံပိုက်လိုင်းတွေလုပ် သံပိုက်လိုင်းတွေ အဲဒါတွေ သယ်ရတာကို မနည်းဘူး။ အရင်တုန်းကတော့ တောထဲထားပစ်ခဲ့တာပဲ။ နေ့စဉ် ဘယ်လိုလုပ် သယ်နိုင်မလဲ။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ လျှိုတွေချောင်တွေ အဲဒီအထဲကို သွားရတာလေ။

**ကြည်စိုးထွန်း။** ။ ရှမ်းပြည်နယ်ကလည်း စိတ်ချရတယ်အစ်မ၊ ရှမ်းပြည်နယ်က သူခိုးမရှိဘူးလေ။

**ဒေါ်ခင်ယုမေ။** ။ အခုဆိုမရဘူး၊ အရင်ကတော့နော် ဘာမှမပျောက်ဘူး။

**ကြည်စိုးထွန်း။** ။ အင်း အစ်မ လူကလည်းမကြည့်ဘူး။

**ဒေါ်ခင်ယုမေ။** ။ သူတို့အချင်းချင်း ထင်းခွေတာ ဥပမာ သူခွေထားတဲ့ထင်းဆိုရင်။

**ကြည်စိုးထွန်း။** ။ မယူဘူး။

**ဒေါ်ခင်ယုမေ။** ။ တခြားလူကမယူဘူး၊ သိပ်သစ္စာရှိတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ပ့ါ ရိုးလည်းရိုး။

**ဒေါ်ခင်ယုမေ။** ။ ခုတော့ နည်းလားအောက်မေ့နေမယ် ဘာမှမရတော့ဘူး။

**ကြည်စိုးထွန်း။** ။ ဦးကျော်ဆွေကတကယ့်ကိုနှမြောစရာကောင်းတာပေါ့ အစ်မရယ်၊ ရုပ်ရှင်လောကမှာဆိုရင်တော့ သူရုပ်ရှင်







အပေါ်မှာလည်း တိုးတက်စေချင်တဲ့ ဆန္ဒစေတနာ အများကြီးရှိတယ်။ တိုးတက်အောင်လည်း သူလုပ်သွားခဲ့တယ်။

**ဒေါ်ခင်ယုမေ။** ။ သူက ရုပ်ရှင်နဲ့အကျိုးမပေးပါဘူး။

**ကြည်စိုးထွန်း။** ။ အင်း အကယ်ဒမီတော့ မရဘူးပေါ့ အစ်မရယ်။ ဒါပေမဲ့ သူ့ကိုမမေ့နိုင်ဘူးလေ။အခုပြောကြပြီဆိုသူ့ကားတွေက မကျန်လို့ပေါ့ အစ်မရယ်။ ကျန်ရစ်ခဲ့တယ်ဆိုရင် သူ့ကိုမီတာ ကျွန်တော်တို့လည်း မမေ့နိုင်ဘူးလေ။

**ဒေါ်ခင်ယုမေ။** ။ 'ချစ်မေတ္တာ'ဆို မမေလွင်တို့လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ သူက ကင်မရာတွေအများကြီးပေါ့၊ သူကအရင်ကဆို ကင်မရာတွေ ဒီနားမှာ ထောင်ထားမယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ သူကဖြတ်လိုက်၊ ဝင်လိုက် အဲဒီလောက်ပဲရှိတာကိုး။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့။

**ဒေါ်ခင်ယုမေ။** ။ ဟိုးရှေးတုန်းကခေတ်က ထောင်ရိုက်ပဲ။

**ကြည်စိုးထွန်း။** ။ ပြဇာတ်လိုဟာမျိုးပေါ့။

**ဒေါ်ခင်ယုမေ။** ။ ခုဆိုမဟုတ်ဘူး ကိုယ်ကသွားရင် လူသွားတဲ့နောက်ကို ကင်မရာကလိုက်တယ်။ ကိုယ် ပက်လက်လန်ကျသွားတယ်။ အပေါ်စီးကကြည့်တယ် အောက်ကကြည့်တယ်။ ကင်မရာက အပေါ်က ယူတယ်။

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒါပေါ့။

**ဒေါ်ခင်ယုမေ။** ။ အောက်ကနေ အပေါ်ကိုပြန်ကြည့်ရင် အောက်က တစ်ခါယူတယ်။

**ကြည်စိုးထွန်း။** ။ Subjective ကင်မရာပေါ့။

**ဒေါ်ခင်ယုမေ ။** ။ အစ်မတို့မီးရထား 'ချစ်မေတ္တာ'မှာ မီးရထား ဘဝသံသရာ ကွေ့ပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ကင်မရာမန်းက ကိုစန်းမောင်တို့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ချစ်မင်းလူတို့ ဘာတို့ကသေးသေးလေး၊ ဘက်ထရီအိုးထမ်းတုန်း၊ အခုဖထီးကရင်လေးဆို အမလေး သေးသေးလေးရှိသေးတယ်။ အခုသူတို့တွေ ဆရာတွေ၊ ဘာတွေလည်းဆိုရင် အဲဒီက အတွေ့အကြုံတွေရထားတာ။

**ကြည်စိုးထွန်း။** ။ မှန်တာပေါ့ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ အစ်မတို့ မိုးရုပ်ရှင်နဲ့ရိုက်တယ် ပြီးရင် သူတို့ကိုငှားတယ်။ ဟဲ့ ကျော်ဆွေ ဘယ်နားရှိလဲ၊ ဘယ်ရိုက်ကွင်းရှိလဲ၊ ငါတို့လိုက်ပြစမ်း၊ သူကအကုန်ပြတယ်၊ ဘယ်လိုရိုက်တယ်၊ ဟိုလိုရိုက်တယ်၊ အဲဒီလိုပေါ့၊ လေထဲကိုပုလင်းလွှင့်လိုက်တယ်၊ အောက်ကနေ ဒိုင်းဆို ပစ်လိုက်တယ် အဲဒါတွေပေါ့။

**ကြည်စိုးထွန်း။** ။ အင်းပေါ့။

**ဒေါ်ခင်ယုမေ။** ။ သူက သေနတ်လည်း ပစ်တာပေါ့။ သူက တစ်ခါတလေကျ တကယ်ပစ်တာလေ။ အဲဒါမျိုးတွေရှိတာကိုး။ ပန်းကန်ပြားတွေ ပစ်တာ ဖောက်တာ၊ အဲဒီလို ယမ်းကိုယ်ထဲမှာထည့်ဖောက်တာ၊ ဗုံးတွေခွဲတာ၊ ဒီလိုယမ်းပျော့နဲ့လေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ အစ်မတို့လည်း မသေချင်လို့၊ အောက်က ဗုံးတွေ လုပ်ထားတာလေ။ ဖုံးထားတာ ကိုယ်က ဘယ်သိမလဲ၊ ကိုယ်ကပြေးရတယ်။

**ကြည်စိုးထွန်း။** ။ ပြောလည်း မပြောဘူးလား။

**ဒေါ်ခင်ယုမေ။** ။ ပြောတော့ ပြောပါတယ် နို့ဆီခွက်ထဲမှာ ယမ်းပျော့တွေ ထည့်၊ တွင်းတူး၊ တွင်းတူးပြီးမြှုပ်၊ မြှုပ်ပြီးတော့မှ သဲတွေရော၊ ဖွဲပြာတွေရော၊ အမှိုက်တွေရော အကုန်ထည့်ထားတာ။

**ကြည်စိုးထွန်း။** ။ ဟာ ကောင်းတာပေါ့။

**ဒေါ်ခင်ယုမေ။** ။ ထည့်ထားပြီးတော့ သိပ်ဝေးဝေးကြီးပြေးပြန်တော့လည်း ဘယ်သဘာဝကျမလဲ။

**ကြည်စိုးထွန်း။** ။ ကြည့်မကောင်းဘူး။

**ဒေါ်ခင်ယုမေ။** ။ ဒီနားမှာမြှုပ်ထားတယ်ဆိုပေမယ့် လူလေ အမူအရာလုပ်တော့ အမူအရာလည်း ကြည့်ရတယ်၊ လွတ်ပ့ါမလားလည်း ကြည့်ရတယ်။ ကိုယ်က အဲဒါတွေ ဇောဆိုတော့ ဒါတွေ ဘာတွေ မသိနိုင်ဘူးဟာ ဖြတ်ပြေးသွားတယ် လုံချည်တွေများ ဖွာခနဲ လုံချည်အောက်နားဆိုစုတ်။

**ကြည်စိုးထွန်း။** ။ အဲဒါကြောင့် ကောင်းတာအစ်မ။

**ဒေါ်ခင်ယုမေ။** ။ ဟာခြေထောက်တွေမှာဆိုလည်းလေဆီပူလောင်ထားသလို ယမ်းစက်တွေ လောင်တာ၊ တစ်ခါတလေကျ အဲဒီပေါ်တက်ရင် သေမှာလေ ဗုံးခွဲတာပဲ။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ အတူတူပဲလေအစ်မ။

**ဒေါ်ခင်ယုမေ။** ။ ရထားမိုင်းဗုံးခွဲတဲ့ဟာတွေ လုပ်တာ။

**ကြည်စိုးထွန်း။** ။ မှန်တာပေ့ါ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ အမယ်လေး ခြေထောက်က ယမ်းပျော့တွေနဲ့ကိုချတာ။ အခုလိုမဟုတ်ဘူး တကယ့်ယမ်းပျော့တွေနဲ့ ချတာ။

**ကြည်စိုးထွန်း။** ။ 'ပုလဲမျက်ရည်' ကလည်း မိန်းမဆိုလို့ အစ်မ တစ်ယောက်တည်းပါတာ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် တချို့ခရီးသည်တွေလည်း ပါတာပေါ့။ ပြေးဟယ်လွှားဟယ်နဲ့ တစ်ခါတလေကျ ကျောက်တောင်ကြီးမှာ ဟိုက လှမ်းပစ်လိုက်တာ ပေါက်တာ နောက်စေ့တွေ ဘာတွေ ပွင့်သွားမလား အောက်မေ့ရတယ်၊ ဟာ ချက်ချင်းရှောင်ရတယ်၊ အဲဒီလိုမျိုးတွေ အသည်းတော့ယားရတာပေါ့။

စာမျက်နှာ ၁၉ သို့ ●

● စာမျက်နှာ ၁၈ မှ

**ကြည်စိုးထွန်း။** ။ ဟုတ်ပ့ါ အစ်မရယ် ကောင်းလည်းကောင်းပါတယ် အစ်မရယ်။ အဲဒါတွေ မကျန်ရစ်တာပေ့ါ။ ကျန်များ ကျန်မလားလို့ ကျွန်တော်လည်း လျှောက်လျှောက် မေးနေပါတယ် အဲဒါလေး။

**ဒေါ်ခင်ယုမေ။** ။ တစ်ခါတလေကျ ကတုတ်ကျင်းရှိတယ် မဟုတ်လား။ ကတုတ်ကျင်းရဲ့နှုတ်ခမ်းကို စက်သေနတ်နဲ့ပစ် ဝုန်းဝုန်းဝုန်းဆို ပေါက်သွားတယ်။ အရင်တုန်းက ပလတ်စတစ်ကျည်ဆန် မဟုတ်ဘူးလေ၊ တကယ့် ရိုင်ဖယ်ကျည်ဆန်။ ကြေးအခွံကြီးတွေ။ ပလတ်စတစ်တွေ ဘာတွေ မလုပ်သေးဘူးလေ။ အဲဒီတော့ ရိုင်ဖယ်ကျည်ဆန်အခွံတွေထဲယမ်းထည့်၊ အကုန်လုံးဝိုင်ယာကြိုးတွေနဲ့လုပ်၊ ကိုယ်က တွင်းနှုတ်ခမ်းမှာ သေနတ်နဲ့ချောင်းနေတာတွေလုပ်၊ ဟိုကဖောက် ဝုန်းဝုန်းဝုန်းဆို အမယ်လေး တစ်ခါတည်း ခေါင်းတွေရော ဘာရော အဲဒီက ယမ်းတွေစင်တာ၊ အကုန်လုံးဆီပူလောင်သလို မျက်နှာတွေမှာ အကုန်အပူလောင်တာပဲ၊ ဆီထဲစဉ်ပါရောလား။

**ကြည်စိုးထွန်း ။** ။ ဟုတ်ပ့ါ အစ်မရယ်။ ယမ်းထိတာကိုးအစ်မရဲ့။

**ဒေါ်ခင်ယုမေ ။** ။ နောက် ငွေးဝင်းတို့ဘာတို့ဆို ညီမအတွက် ပုံတာသွယ်။ သစ်သားမှာယမ်းထည့်ပြီး လုပ်တာ သူမရှောင်နိုင်တဲ့ အခါ သူ့မျက်လုံးပျက်သွားတယ် မဟုတ်လား၊ သစ်သားစက မျက်လုံးထဲထိုးတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ် ဟုတ်တယ်။

**ဒေါ်ခင်ယုမေ။** ။ အစ်မတို့တွေလည်း မထိလို့ ထိရင်ဒုက္ခိတဖြစ်တာ ကြာပြီ။

**ကြည်စိုးထွန်း။** ။ အင်းပေ့ါဘယ်လိုခေါ်မလဲအစ်မရယ်သက်စွန့်ကြိုးပမ်းကိုလုပ်တာနော်။တကယ်လည်းလေးစားစရာကောင်းပါတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟိုဘက်ကတုတ်ကျင်းက ဒီဘက်ကတုတ်ကျင်းကို လှိမ့်ပြီး ကူးရတာတွေ ဘာတွေ လုပ်ရတာ၊ တံတောင်ဆစ်တွေဆိုပွန်း၊ ဟာ စုတ်ပြတ်နေတာပဲ။

**ကြည်စိုးထွန်း။** ။ အောင်မြင်ပါတယ် ကားကတော့။

**ဒေါ်ခင်ယုမေ။** ။ ခြေထောက်ကတော့ ဖိနပ်မစီးရတော့လေ။

**ကြည်စိုးထွန်း။** ။ 'ပုလဲမျက်ရည်' နော်၊ အဲဒါနောက်တစ်ခါ 'မချူသာသည်' 'မချူသာသည်' ကျ နည်းနည်း သက်သာပါတယ်နော်။ နောက် 'ပုံပမာ'။

**ဒေါ်ခင်ယုမေ။** ။ 'မချူသာသည်' ကျတော့လည်း ခက်တာပဲလေ။

**ကြည်စိုးထွန်း။** ။ အင်း ပြောပါဦးအစ်မ။

**ဒေါ်ခင်ယုမေ။** ။ ကိုအောင်စိုးကြီးကို နွား...

**ကြည်စိုးထွန်း။** ။ ဟာဟုတ်တာပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ နွားအုပ်နွားက ရွာနာတယ်လေ ပထမတော့ မသိခင် အဲဒီရွာက နွားတွေငှားတာပေ့ါ နောက်တော့ နွားတွေမရတော့ ရုပ်ရှင်လေ တစ်ခေါက်တည်းနဲ့ ဘယ်ပြီးမလဲ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ နွားတွေသိမ်းရတယ်။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ နောက်တစ်ခါပြန်မောင်း သူတို့နွားတွေပင်ပန်းတယ်တဲ့ မပေးတော့ဘူး။ အဲဒီတော့ ဒီရွာကသိသွားရင် နောက်တစ်ရွာ တွင်းကြီးတူး တွင်းကြီးထဲမှာ ကင်မရာကိုထည့်။

**ကြည်စိုးထွန်း။** ။ သြော်ဟုတ်ပြီ။

**ဒေါ်ခင်ယုမေ။** ။ ကင်မရာမန်းက တွင်းထဲမှာပက်လက်လန်ရတယ်၊ နွားတွေက ခွာတွေနဲ့ ကင်မရာအပေါ်ကိုဖြတ်သွားတာတွေ ဘာတွေ။

**ကြည်စိုးထွန်း။** ။ ကောင်းတယ်ကောင်းတယ်။

**ဒေါ်ခင်ယုမေ ။** ။ ပန်းချီအောင်စိုးကြီးတို့လေ နွားနင်းတာလေ အဲဒီ ကင်မရာတွေ ဘယ်လောက်ခက်လဲ၊ ကြည့်ရတာတော့ အရသာရှိတာပေ့ါနော်။

**ကြည်စိုးထွန်း။** ။ ဟုတ်ပ့ါ ဟုတ်ပ့ါ။



**ဒေါ်ခင်ယုမေ။** ။ ဒါပေမဲ့ ပင်ပန်းတာပေ့ါနော်။

**ကြည်စိုးထွန်း။** ။ မှန်တာပေ့ါ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ ကင်မရာမန်းမစားသာဘူး။ ဒါပေမဲ့ သူနဲ့ပဲလိုက်ချင်တယ် ပညာရတာကိုး။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ ဒါပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ မလိုက်ရမှာစိုးလို့။ အရင်ကတော့ သိတယ်မဟုတ်လား တစ်ခါ ဦးထွန်းရီဆီ ခေါ်သွားပြီး ကိုကျော်ဆွေငှားရင်တော့ မဖြစ်ဘူး။ သုံးလလောက်က အနည်းလေး ကြာတယ်လေ။ ဒီလိုမျိုး တစ်ပတ်တို့ ဘာတို့ ပြီးမှာမဟုတ်ဘူး။ ဟိုတုန်းက သူက သုံးလလောက်ကို ကြာတယ် သုံးလလောက်။

**ကြည်စိုးထွန်း။** ။ အေးအေးဆေးဆေးပဲ။

**ဒေါ်ခင်ယုမေ။** ။ အိပ်စား ကျွေးမွေးပြီး အဲဒီလို သူကလည်း ဒီနေဝင်တာ မြက်ကလေးတွေက အမွေးလေးတွေနဲ့ မြက်ကလေးတွေ နေဝင်တဲ့ Scene လေးကိုသွားရိုက်တယ်။ အဲဒါ နေမဝင်သေးဘူး တခြားရိုက်စရာ မရှိဘူး၊ အဲဒီနေက သူလိုချင်တဲ့ နေအနေအထားကို မရောက်သေးရင် ကင်မရာပါ ရယ်ဒီပြင်ထိုင်စောင့်။

**ကြည်စိုးထွန်း။** ။ သြော်ထိုင်စောင့်တာ အင်းအင်း။

**ဒေါ်ခင်ယုမေ။** ။ အခုဘယ်မှာထိုင်စောင့်နိုင်မလဲ စရိတ်ကကြီးလို့ ဟုတ်တယ်မဟုတ်လား။

**ကြည်စိုးထွန်း။** ။ အချိန် အချိန်မရတာ။

**ဒေါ်ခင်ယုမေ။** ။ စရိတ်ကကြီးတော့။

**ကြည်စိုးထွန်း ။** ။ အရင်ကလည်း သူ့စရိတ်နဲ့သူက ကြီးတာပါပဲ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ အင်း သူ့စရိတ်နဲ့သူတော့ ဟုတ်တာပေ့ါ။

**ကြည်စိုးထွန်း။** ။ ဒါပေမယ်လို့ ရိုက်တဲ့လူလည်း ရှိတာပဲ။



**ဒေါ်ခင်ယုမေ။** ။ အခု သရုပ်ဆောင်ခဆို တချို့ပြောတယ် သိန်းတစ်ရာ တောင်ရတယ်။ ငါတို့များ သောင်းငါးထောင်၊ နှစ်သောင်း ဒီမန္တလေးရုပ်ရှင်က သေရောကျေရော အပျံစားပေးလိုက်တာမှ သုံးသောင်းပေးတာ။

**ကြည်စိုးထွန်း။** ။ အစ်မ အဲဒီလိုမပြောနဲ့လေ အစ်မရဲ့တစ်သောင်းခွဲက ကားနှစ်စီးတောင် ဝယ်လို့ရတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်လေ။

**ကြည်စိုးထွန်း။** ။ အခု သိန်းတစ်ရာက ဂျစ်ကားအစုတ်တစ်စီးပဲရမယ်။

**ဒေါ်ခင်ယုမေ။** ။ အပျံစားကားတစ်စီးမှ ဘယ်လောက်လဲ သုံးသောင်းလေးသောင်းပဲ။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ မတူဘူးလေ။

**ဒေါ်ခင်ယုမေ။** ။ ဘောက်စ်ဝက်ဂွန်ဆို ဘယ်လောက်လဲ ဘယ်နှစ်ထောင်လေးလဲမသိဘူး။ လိပ်ခုံးလေးလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ခုနစ်ထောင်၊ ရှစ်ထောင်တော့ ရှိမှာပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ ရွှေလည်း ကြည့်ဦးလေ။ ရွှေကတစ်ကျပ်သားမှ တစ်ရာ့ငါးဆယ်တို့ဘာတို့။

**ကြည်စိုးထွန်း။** ။ အဲဒီတော့ ဒီခေတ်က မင်းသား မင်းသမီးက နည်းတောင်နည်းနေသေးတယ်၊ ပိုတောင်းရမှာပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ ပိုတောင်းရမယ် ဟုတ်တယ်။ ဒါပေမဲ့ ကိုယ်က အဲဒီခေတ်လည်း မမီတော့ဘူးလေ။ ကိုယ်က ဈေးကြီးစားနေရတော့၊ ကြက်ဟင်းခါးသီးတစ်လုံး ခုနစ်ဆယ်လောက် ပေးစားနေရတော့ အဲဒီတော့ မနည်းချွေတာပြီးစားနေရတယ်။

**ကြည်စိုးထွန်း။** ။ ခြောက်ဆယ့်တစ်ကနေ ခုနစ်ဆယ်အထိ အစ်မ ရိုက်တာ 'စောရမင်းသား' ပါတယ်၊ 'ပုလဲမျက်ရည်' ပါတယ်၊ 'မချူသာသည်' 'ပုံပမာ' 'မိုး'နော်၊ နောက် 'လက်ဦးဆရာ' ဦးတင်မောင်ရိုက်တာ။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ဦးတင်မောင်ကတော့ သေချာတင်တယ်၊ တင်တဲ့လူတွေ တွေ့ဖူးတယ်။ နောက် 'ပြုံး၍မုန်းသည်'



အောင်မင်္ဂလာနော်။

**ဒေါ်ခင်ယုမေ။** ။ ဦးခင်မောင်ညွှန့်လေ။

**ကြည်စိုးထွန်း။** ။ ဦးခင်မောင်ညွှန့်တို့ဆီကနော် နောက် 'သည်မေတ္တာလှိုင်း'။

**ဒေါ်ခင်ယုမေ။** ။ 'သည်မေတ္တာလှိုင်း'။

**ကြည်စိုးထွန်း။** ။ အဲဒါ မိုးရုပ်ရှင်က ဖြစ်သွားပြီနော်။

**ဒေါ်ခင်ယုမေ။** ။ မိုးရုပ်ရှင်က။

**ကြည်စိုးထွန်း။** ။ နောက် 'တင်မောင်ဆွေနှင့်မိုးစန္ဒာ' အဲဒါအပြင် ကုမ္ပဏီမှာ အစ်မရဲ့။

**ဒေါ်ခင်ယုမေ။** ။ 'တင်မောင်ဆွေနှင့်မိုးစန္ဒာ' က ဘယ်ကုမ္ပဏီကပါလိမ့်။

**ကြည်စိုးထွန်း။** ။ ပိုင်ရှင်က ပုပု။

**ဒေါ်ခင်ယုမေ။** ။ လက်ဦးဆရာရိုက်တဲ့ ကုမ္ပဏီ ပျဉ်းမနားကလေ။

**ကြည်စိုးထွန်း။** ။ သြော် ဟုတ်ကဲ့ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဦးဘဝင်းလေ။

**ကြည်စိုးထွန်း။** ။ သြော် ဦးဘဝင်း ဒါရိုက်တာနာမည်တောင်ခံလိုက်သေးတယ်နော် သူက။

**ဒေါ်ခင်ယုမေ။** ။ ဘာကုမ္ပဏီဆိုလဲ မသိပါဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ဟုတ်ကဲ့။ နောက် 'တောင်ခိုးဝေရဲ့မြူတွေဆိုင်း'။

**ဒေါ်ခင်ယုမေ။** ။ တောင်ခိုးဝေကတော့ ရွှေဟင်္သာကလေ။

**ကြည်စိုးထွန်း။** ။ ကောင်းတယ်နော်အစ်မ၊ ရွှေဟင်္သာကလည်း ကားကောင်းတွေရိုက်တာပဲ။

**ဒေါ်ခင်ယုမေ။** ။ ရွှေဟင်္သာက အဲဒီ တောင်ခိုးဝေလည်း ရိုက်ပြီး မြင်းတွေလည်း မောပြီး သေကုန်ရော တောင်ပေါ်တက်ရတာလေ။

**ကြည်စိုးထွန်း။** ။ မြင်းတွေ။

**ဒေါ်ခင်ယုမေ။** ။ မြင်းနဲ့တောင်ပေါ်လေ၊ တောင်ပေါ်တက်ရတာ၊ အစ်မတို့ တက်တာဆို ဂျစ်ကားနဲ့ မတက်ရဲဘူးလေ။ မတော် ဂီယာပြုတ်ပြီးကျသွား ဘယ့်နှယ့်လုပ်မလဲ။

**ကြည်စိုးထွန်း။** ။ ဒါပေ့ါ။

**ဒေါ်ခင်ယုမေ။** ။ မြင်းနဲ့ အပေါ်ကို တက်ရတာ။ အဲဒီမှာအိပ်၊ အဲဒီမှာစားဘာမှလည်း မရဘူး။ အဲဒီကတောင်ပေါ်က တိုင်းရင်းသားတွေကလည်း နွားနို့ဆိုလည်း ဟင့်အင်းမရောင်းဘူး၊ နွားသူငယ်လေးတွေလည်း မစားရဘူး။ နွားနို့လည်း ဝယ်မရဘူး၊ အဲဒီ ကြက်ဥသွားဝယ်လည်း ကြက်သူငယ်လေးတွေ သေကုန်မှာ မရောင်းဘူး။ အဲဒီတော့ ဘာမှဝယ်လို့မရဘူး။ အဲဒါ ဈေးနေ့ ကလောဈေးနေ့ဆို တောင်အောက် တစ်ခါပြန်ဆင်း။ အဲဒီတုန်းက ဦးဝမ်ချူးကြီးလေ။

**ကြည်စိုးထွန်း။** ။ သြော် ဦးဝမ်ချူးကြီး။

**ဒေါ်ခင်ယုမေ။** ။ ဦးဝမ်ချူးကြီးက သရုပ်ဆောင်မဖြစ်သေးဘူး။

**ကြည်စိုးထွန်း။** ။ သြော် သြော်။

**ဒေါ်ခင်ယုမေ။** ။ သူကအဲဒီလိုပေ့ါ ဂျွန်ဝိန်းကြီးလို ဦးထုတ်အပျော့နဲ့ ဘောင်းဘီနဲ့။ ဦးလေး ဦးလေးကလေ ဂျွန်ဝိန်းကြီးနဲ့ တူတယ် ဦးလေး ရုပ်ရှင်ဝင်ရိုက်၊ ရိုက်ပါလို့ မြှောက်ပေးတာ၊ အစ်မကမြှောက်ပေးတာ၊ ဦးဝမ်ချူးနဲ့ ခင်တာကိုး၊ အဲဒီလို မြှောက်ပေးရင်း မြှောက်ပေးရင်းနဲ့ ထည့်ရိုက်ရင်း ရုပ်ရှင်ထဲ သူတို့က ဦးဝမ်ချူး၊ ဦးဝမ်ချူး ဖြစ်တာကတော့။

**ကြည်စိုးထွန်း။** ။ ကိုလှမျိုးကားမှာ ဗန်တို။

**ဒေါ်ခင်ယုမေ။** ။ အင်း ဗန်တိုမှာပေ့ါ။

**ကြည်စိုးထွန်း။** ။ 'ဗန်တိုလူလေး' မှတ်မိတယ်။

**ဒေါ်ခင်ယုမေ။** ။ ဗန်တိုမှာပေ့ါ ဦးဝမ်ချူးဖြစ်တာ။

**ကြည်စိုးထွန်း။** ။ စလိုက်တာတော့ ဦးကျော်ဆွေ နောက်စလိုက်၊ အစ်မတို့ နောက်စလိုက်တာ။

**ဒေါ်ခင်ယုမေ။** ။ အစ်မတို့ဆီက ဘယ်သူနာမည်ကြီးလဲ ကြီးပြီဆို နောက်နေ့ကျပိုက်ဆံပိုပေးပြီးသူများတပည့်တွေလုပ်တာလေ သဘောပေါက်တယ်မို့လား ဒါတွေက ပြောလို့မကောင်းဘူး။

**ကြည်စိုးထွန်း။** ။ နောက်တစ်ခါကျ 'တခြားကမ္ဘာကချစ်သူရယ်'။

**ကြည်စိုးထွန်း။** ။ 'မာန်လျှော့လေဦး စောခက်ငယ်'၊ 'မြွေမြွေချင်း ခြေမြင်' တော်တော်ကြီးသွားပြီနော်အစ်မ။

(ဆက်လက်ဖော်ပြပါမည်)

# ဖျာပုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများထောက်ပံ့ပေးအပ်

**ဖျာပုံ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးတို့က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းရာ ဦးမင်းဆွေ-ဒေါ်စိန်တီ (GreatLight ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်မြို့)က ငွေကျပ် ၁၅ သိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဧရာဝတီတိုင်းရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီက ငွေကျပ် ၁၅ သိန်း၊ ဦးမောင်ဝိတ်မိသားစု(ရန်ကုန်မြို့)က ငွေကျပ်သိန်း ၇၀၊ ကမ်းနီးကမ်းဝေးမျှော်ပိုက်အသင်း (ဖျာပုံ)က ငွေကျပ် ၁၀ သိန်း၊ ကွယ်လွန်သူဦးရဲစိုးအား ရည်စူး၍ ဒေါ်မေကြည်ဝင်းမိသားစုက ငွေကျပ် နှစ်သိန်း၊ ဒေါ်မော်မော်ဝင်းနှင့်မောင်နှမများက ငွေကျပ် တစ်သိန်း၊ ဆင်မင်း(စက်ဘီး၊ ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်)က ဘက်စုံသုံးဆပ်ပြာအဆီ ၁၀ ကတ်၊ ဆန်စက်ဆန်ကုန်သည်များအသင်းက အဝင်အထွက်ကန့်သတ်ထားရှိသော ကျေးရွာ သုံးရွာရှိ အိမ်ထောင်စု ၄၆ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ၁၂ ပြည်နှုန်းဖြင့် အချွန်ဆန် ၂၃ အိတ်၊ စုစုပေါင်းငွေကျပ် ၁၁၃ သိန်းနှင့် ဆပ်ပြာအဆီ ၁၀ ကတ်အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအနေဖြင့်လည်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ထုတ်ပြန်သည့် ညွှန်ကြားချက်နှင့်အညီ အသွားအလာကန့်သတ်ထားသော ဖျာပုံမြို့နယ် ဂျိုဝါထလွန်ကျေးရွာအုပ်စု ထလွန်ကျေးရွာ၊ ကျုံကူကျေးရွာအုပ်စု ကုလားပဲချောင်းရိုးကျေးရွာ၊ ဂျိုဝါကြံခင်းကျေးရွာအုပ်စု ရေကျော်ကျေးရွာတို့မှ Stay at Home သတ်မှတ်ထားသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**





# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆောင်ရွက်နေသော တောင်ဥက္ကလာပဆေးရုံကြီးသို့ ဧရာဝတီဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀ နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းများတွင် ပါဝင် ကူညီဆောင်ရွက်ပေးလျက်ရှိသည့် ဧရာဝတီဖောင်ဒေးရှင်းက ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်ဥက္ကလာပဆေးရုံကြီးသို့ အလှူငွေနှင့် လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ ယနေ့ သွားရောက်လှူဒါန်းသည်။

ဧရာဝတီဖောင်ဒေးရှင်းမှ မအိမ့်မှူးဇော်နှင့် ကိုရဲမာန်ဇော်တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တောင်ဥက္ကလာပဆေးရုံကြီး၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် လိုအပ်သော ဆေးရုံသုံးပစ္စည်းများကို သွားရောက်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဧရာဝတီဖောင်ဒေးရှင်းသည် သုဝဏ္ဏဘောလုံးကွင်းနှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသည့် လူနာများအား ကုသပေးရန် ဧရာဝတီစင်တာများ တည်ဆောက်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကိုဗစ်ကုသရေးလုပ်ငန်းများ၏ လိုအပ်မှုများကိုလည်း ဖြည့်ဆည်းလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်း - ရဲရင့်ရှိန်း၊ ဓာတ်ပုံ - ကိုမိုး**

# အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လမ်းမတော်မြို့နယ်တို့ရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် Stay at Home အစီအစဉ်တွင် အကျုံးဝင်သော ရန်ကုန်တိုင်းဒေသကြီး အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လမ်းမတော်မြို့နယ်တို့ရှိ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေး ရုံးခွဲ(၈)၌ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ချက်လက်မှတ်ဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးထွန်းကြိုင်က မြို့နယ်လူမှုဖူလုံရေး ရုံးခွဲ(၈)တွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနက် အလုပ်ဌာန ၈၀ မှ အာမခံအလုပ်သမား ၂၉၇၀ အတွက် ငွေကျပ် ၂၅၆၄၇၃၀၁၈ ဒသမ ၀၈ ကို ချက်လက်မှတ်ဖြင့် သက်ဆိုင်ရာ အလုပ်ဌာနများမှ ကိုယ်စားလှယ်များအား ပေးအပ်ခဲ့သည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စက်တင်ဘာ ၂၄ ရက် အမိန့်ကြော်ငြာစာအမှတ် (၁၉၆/၂၀၂၀)အရ လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ငွေ ၄၀ ရာခိုင်နှုန်းကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း ပြန်လည်ဖြစ်ပွားမှုတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် လူမှုဖူလုံရေးရုံးခွဲများ၌ အကျုံးဝင်မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း ဖြစ်ပွားမှုတွင် အလုပ်ဌာနပေါင်း ၆၄၂၉ ဌာနမှ အလုပ်သမားပေါင်း ၈၀၀၂၆၀ အတွက် ငွေကျပ် ၁၉၆၄၀ ဒသမ ၆၃၆ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မင်းသစ်(MNA)**

# ကော့ကရိတ်မြို့နယ်၌ သမိန်ဒွတ်-ခရင်း ကျောက်ခင်းလမ်းနှင့် တန်ဖိုးနည်းအိမ်ရာ တစ်လုံး ဆောင်ရွက်မှုများ ရာနှုန်းပြည့်ပြီးစီး

**ကော့ကရိတ် အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကရင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် အဖွဲ့ဝင်များသည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ကော့ကရိတ်မြို့နယ်အတွင်း သမိန်ဒွတ်-ခရင်းကျောက်ခင်းလမ်း (၂/၀) မိုင်၊ ခွင့်ပြုရန်ပုံငွေကျပ် ၂၁၉ ဒသမ ၇၇၀ သန်းနှင့် တောင်ကြာအင်း (အထက) ဆရာ/ဆရာမ တန်ဖိုးနည်းအိမ်ရာ တစ်လုံး ခွင့်ပြုရန်ပုံငွေကျပ် ၈ ဒသမ ၁၇၅ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို အောက်တိုဘာ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေဖြင့် သမိန်ဒွတ်-ခရင်း (၁/၆)မိုင် အပြီးသတ် ကျောက်ခင်းလမ်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် (၅)ပေ Box Culvert သုံးစင်းတို့ကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။

အဆိုပါ သမိန်ဒွတ်-ခရင်း-ကညင်ကတိုက်လမ်းမိုင်အရှည် (၁၆/၀)မိုင်ကို ဘဏ္ဍာနှစ်အလိုက် ကျောက်လမ်းအဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ (၁၄/၂)မိုင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ခင်းလမ်း (၁/၆)မိုင်အား ဆက်လက်ဆောင်ရွက်ပါက (၁၆/၀)မိုင် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း တစ်ခုလုံးပြီးစီးမည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်မှုအတွက် များစွာအထောက်အကူပြုသည့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ကော့ကရိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးထံမှ သိရသည်။ **ခင်ချိုဆင့်(ကော့ကရိတ်မြို့)**





# အမျိုးသားစာပေဆုရှင်၊ သံအမတ်ကြီး (ငြိမ်း) ဦးအောင်သန့် ကွယ်လွန်



အမျိုးသားစာပေဆုကို 'သံကြီးတမန်ကြီး သံခင်းတမန်ခင်း' စာအုပ်ဖြင့်ရရှိခဲ့သည့် သံအမတ်ကြီး (ငြိမ်း) ဦးအောင်သန့် (၁၉၃၀-၂၀၂၀) သည် အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် အမှတ် ၄၆၊ အောင်ဇေယျလမ်း၊ ဘောက်ထော်နေအိမ်၌ ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဆရာသည် တက္ကသိုလ်ကျောင်းသားဘဝကပင် စာရေးဆရာဘဝကို လေးစားအားကျကာ စာမျိုးစုံလေ့လာဖတ်ရှုသူ၊ ဂါးဒီးယန်းအင်္ဂလိပ်မဂ္ဂဇင်းတွင် ကလောင်သွေးခဲ့သူ တစ်ဦးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန တတိယအတွင်းဝန်အဖြစ် နယူးယောက်မြန်မာသံရုံး၌ မြန်မာသံအမတ်ကြီး ဦးသန့်နှင့် အနီးကပ် အမှုထမ်းခွင့်ရခဲ့သူ တစ်ဦးလည်းဖြစ်သည်။ အငြိမ်းစားဘဝတွင် ငယ်အိပ်မက်ကို ဆက်လက်အကောင်အထည်ဖော်၍ စာပေများ ရေးသားပြုစုခဲ့ရာ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ခံရသည့် စာရေးဆရာပညာရှင်တစ်ဦး ဖြစ်သည်။ ထို့အတွက် ဆရာကွယ်လွန်သွားခြင်းသည် မြန်မာစာပေလောကနှင့် ပညာရှင်လောကအတွက် အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုတစ်ရပ်ဟု ဆိုရပါမည်။

ဆရာကြီးဦးအောင်သန့်ကို ၁၉၃၀ ပြည့်နှစ် မေ ၈ ရက်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဂျူပွင်ရွာ၌ ဖွားသည်။ အဖရေနံတွင်းစား၊ မြေပိုင်ရှင် ဦးစောလှိုင်၊ အမိဒေါ်အေးခင်ဖြစ်သည်။ အမည်ရင်း မောင်အောင်သန့်ဖြစ်သည်။ ဂျူပွင်ရွာ ဘီအိုစီမူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ ဆရာတော်ရှင်ဥက္ကဋ္ဌ၏ နေရှင်နယ်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဒေါက်တာမောင်မောင်ပြေ၏ အလွတ်ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ရာ ၁၉၅၄ ခုနှစ်တွင် အင်္ဂလိပ်စာပေ၊ ဘောဂဗေဒ၊ နိုင်ငံရေးသိပ္ပံဘာသာတွဲများဖြင့် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ထမ်း စာမေးပွဲအောင်မြင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန တတိယအတွင်းဝန်အဖြစ် စတင်အမှုထမ်းသည်။ ထိုသို့ထမ်းဆောင်နေစဉ် ၁၉၅၈-၁၉၆၂ ခုနှစ်တွင် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် တတိယ၊ ဒုတိယအတွင်းဝန်၊ ၁၉၆၂-၁၉၆၇ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး ဒုတိယအတွင်းဝန်၊ ၁၉၆၉-၁၉၇၅ ခုနှစ်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ပထမအတွင်းဝန်၊ ၁၉၈၁-၁၉၈၄ ခုနှစ်တွင် နယူးယောက်မြန်မာသံရုံး သံမှူးကြီး၊ ၁၉၈၅-၁၉၈၈ ခုနှစ်တွင် သံတမန်ဆက်သွယ်ရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ၁၉၈၈-၁၉၉၁ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။ ထိုသို့တာဝန်ထမ်းဆောင်နေစဉ် ၁၉၅၈-၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ၏ မလွတ်လပ်သောပြည်နယ်များ ထိန်းသိမ်းရေးကောင်စီအဖွဲ့ဝင် မြန်မာကိုယ်စားလှယ်အဖြစ် ကုလသမဂ္ဂ၏ လက်နက်ဖျက်သိမ်းရေး၊ ကမ္ဘောဒီးယားပြဿနာ၊ အသားအရောင်ခွဲခြားရေးဝါဒ၊ နမီးဘီးယားလွတ်မြောက်ရေး၊ အရှေ့အလယ်ပိုင်းနှင့် ပါလက်စတိုင်းပြဿနာစသည့် ညီလာခံများကို တက်ရောက်ခဲ့သည်။ ၁၉၇၅ ခုနှစ် ကိုလံဘိုမြို့ ပဥ္စမအကြိမ် ဘက်မလိုက်ထိပ်သီးညီလာခံကို ဝန်ကြီးချုပ်ဦးစိန်ဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းစီမံထူးချွန်ဆု (ပထမဆင့်) ချီးမြှင့်ခံရသည်။

တက္ကသိုလ်ကျောင်းသားဘဝကပင် ဂါးဒီးယန်းအင်္ဂလိပ်မဂ္ဂဇင်း၊ ကွန်မင်တေတာအင်္ဂလိပ်စာစောင်နှင့် မြန်မာစာနယ်ဇင်းအချို့တွင် အင်္ဂလိပ်မြန်မာဆောင်းပါးများကို အောင်သန့်၊ မိုးစွေ ကလောင်အမည်များဖြင့် ရေးသားသည်။ ဩစကာဝိုင်း၏ Ideal Husband ပြဇာတ်ကို သီလဝ ကလောင်အမည်ဖြင့် စံပြလင်အဖြစ် ဘာသာပြန်ထုတ်ဝေသည်။ 'သံကြီးတမန်ကြီး သံခင်းတမန်ခင်း' ဖြင့် ၁၉၉၄ ခုနှစ် စာပေဗိမာန်စာမူဆု (သုတပဒေသာ၊ ဝိဇ္ဇာ) ပထမဆုနှင့် ၁၉၉၇ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေးစာပေ) ဆုများရသည်။ ၁၉၉၇ ခုနှစ်တွင် 'ကမ္ဘာ့ဇာတ်ခုံနှင့် မြန်မာ့ရိုပ်မြုံစာမူဖြင့် ပခုက္ကူ ဦးအုန်းဖေစာပေ၊ ကျမ်းစာ (ဒုတိယဆု)ရသည်။ ၂၀၀၈ ခုနှစ်တွင် 'မြန်မာ့အရေး ကမ္ဘာ့အရေး၊ နိုင်ငံစုံသံတမန်ဆက်ဆံရေး မိတ်ဆက်' ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုများရရှိခဲ့သည်။

မောင်ဇေယျာ

# အမျိုးသား စာပေဆုရှင် စာရေးဆရာ၊ သတင်းစာဆရာ တက္ကသိုလ်စိန်တင် ကွယ်လွန်



ဆရာ တက္ကသိုလ်စိန်တင်သည် အတ္ထုပ္ပတ္တိစာပေများစွာ ရေးသားခဲ့သူတစ်ဦး ဖြစ်သည်။

ဆရာ တက္ကသိုလ်စိန်တင်သည် ဖြူးမြို့၌ ၁၉၃၅ ခုနှစ် ဩဂုတ် ၂၇ ရက် (အင်္ဂါနေ့)တွင် အဖအငြိမ်းစား ကျောင်းဆရာ ကြေးမုံသတင်းထောက် ဦးညွန့်၊ အမိကျောင်းဆရာမ ဒေါ်ခင်စုတို့မှ ဖွားမြင်ပြီး မွေးချင်းငါးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဖြူးမြို့ ဆရာကြီး ဦးဖိုးထိုက်၏ ကျောင်း၌ သူငယ်တန်းပညာ စတင်သင်ကြားခဲ့ပြီး ၁၉၄၁ ခုနှစ်တွင် ညောင်ဦးမြို့ အစိုးရ အလယ်တန်းကျောင်း၌ တတိယတန်းအထိ ဆက်လက်ပညာသင်ကြားသည်။ ၁၉၄၆ ခုနှစ်တွင် ညောင်ဦး ဦးပဏ္ဍိတ၏ အခမဲ့အလွတ်ပညာသင်ကျောင်း၌ တတိယတန်းမှစ၍ ပြန်လည်သင်ကြားပြီး ထိုနှစ်မှာပင် မင်းဘူး အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားသည်။ ၁၉၅၄ ခုနှစ်တွင် မင်းဘူးအစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်ကြားခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် စာရေးဆရာဖြစ်ရန် ရည်ရွယ်ချက်ဖြင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ဝင်ရောက်ရေးသားနိုင်ရန် ကြိုးစားသည်။

အသက် ၁၁ နှစ်သားအရွယ်တွင် ၁၉၄၆ ခုနှစ် မတ်လထုတ် သတင်းစုံဂျာနယ်၌ မောင်စိန်တင်၏ ကြည်ညိုဖွယ်ကောင်းလို့ ခညောင်းတဲ့ပူဇော် မန်းရွှေစက်တော် ခရီးသွားဆောင်းပါးတစ်ပုဒ် ဖော်ပြပါရှိခဲ့ပြီး ပထမဦးဆုံး စာပေလက်ရာလည်းဖြစ်ခဲ့သည်။

တက္ကသိုလ်ရောက်သည့် အချိန်မှစ၍ 'တက္ကသိုလ်စိန်တင်' ကလောင်အမည်ကို အသုံးပြုခဲ့သည်။ တက္ကသိုလ်မောင်လှမျိုးအမည်ဖြင့်လည်း ရေးခဲ့ဖူးသည်။ ရွှေတူဂျာနယ်၌ 'ဘုန်းကြီးကျောင်းသား သာဂိ' အမည်ကိုသုံး၍ ဆောင်းပါးများရေးသားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်ထုတ် 'ပညာရှင်တို့ ပျော်ရာမြေ' ဘာသာပြန်စာအုပ်တွင်မူ ကလောင်အမည် 'စိမ့်မောင်' ဟု အသုံးပြုခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် မင်းဘူးမြို့ ဗမာ့ခေတ်သတင်းထောက်၊ ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်သတင်းထောက်၊ ထို့နောက် ကြေးမုံ၊ ဘွင်းဘွင်း၊ မြန်မာ့အလင်း၊ မဏ္ဍိုင်၊ ဗမာ့ခေတ်သတင်းစာတို့၏ မင်းဘူးသတင်းထောက်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် အိုးဝေသတင်းစာ တာဝန်ခံအယ်ဒီတာအဖြစ် ထမ်းဆောင်ခဲ့သည်။ ယင်းနှစ် ဧပြီလ၌ပင် အဖ ဦးဘမှန်၊ အမိဒေါ်နန်းရွှေတို့၏ သမီး ဒေါ်တင်စိန် ( M.Ed ) ပညာရေးတက္ကသိုလ် အငြိမ်းစားကထိကနှင့် လက်ထပ်ခဲ့သည်။ ဒေါ်တင်စိန်သည် 'စိမ့် (ပညာရေး)' ကလောင်အမည်ဖြင့် စာပေရေးသားနေသော စာရေးဆရာမ တစ်ဦး ဖြစ်သည်။

မြစာပေတိုက်မှထုတ်ဝေသော နှင်းမှုန်ကြားမှ တပ်နီတော် ၁၉၆၆ ဘာသာပြန်ဝတ္ထုမှာ တက္ကသိုလ်စိန်တင်၏ ပထမဦးဆုံး လုံးချင်းစာအုပ်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် စာအုပ်သည် ဒုတိယမြောက် လုံးချင်းစာအုပ်ဖြစ်သည်။

အတ္ထုပ္ပတ္တိ စာပေများကို ရေးသားရာတွင် ဝတ္ထုဟန်ဖြင့် ရေးဖွဲ့တင်ပြလေ့ရှိသဖြင့် စာဖတ်ပရိသတ်တို့အဖို့ စွဲမက်ဖွယ်ဖြစ်ရသည်။ ပခုက္ကူ ဦးအုန်းဖေ ဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ စာအုပ်ဖြင့် ၁၉၉၃ ခုနှစ်တွင် အမျိုးသားစာပေဆု (စာပဒေသာဆု) ဆွတ်ခူးရရှိခဲ့သည်။ ဆရာ တက္ကသိုလ်စိန်တင်သည် ဝတ္ထုဟန် အတ္ထုပ္ပတ္တိစာအုပ်များ ရေးသားခြင်းဖြင့် ထင်ရှားလာခဲ့သော စာရေးဆရာတစ်ဦးဖြစ်သည်။ ဗုဒ္ဓဂယာဘုရားဖူးခရီးမှ ဖြစ်ရပ်မှတ်တမ်းများကို ဗုဒ္ဓဂယာဓမ္မခရီးစဉ် အမည်ဖြင့် စာမူရေးသားပြုစုခဲ့သည်။

ဆရာ တက္ကသိုလ်စိန်တင်သည် ဇနီး ဒေါ်တင်စိန် (စိမ့်-ပညာရေး)နှင့်အတူ ဒဂုံမြို့သစ်မြောက်ပိုင်း၌ နေထိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက် ညနေခင်းတွင် အသည်းရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

ကြေးမုံ

# သွေးလှူရှင်များအား လုံခြုံစိတ်ချမှု အပြည့်အဝပေးနိုင်မည့် သွေးလှူဒါန်းချိန်သတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၁၄**

သီးသန့်လှူဒါန်းလိုသည့် သွေးလှူရှင်များအတွက် လုံခြုံစိတ်ချရမှု အပြည့်အဝပေးနိုင်မည့် သွေးလှူဒါန်းချိန်တစ်ခုကို သတ်မှတ်၍ ဝန်ဆောင်မှုပေးနိုင်ရန် အမျိုးသားသွေးဌာန (ရန်ကုန်)က စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းချိန်မှာ နေ့စဉ် ညနေ ၅ နာရီမှ ည ၇ နာရီအတွင်းဖြစ်ပြီး ယင်းအချိန်အတွင်း လှူဒါန်းလိုသော သွေးလှူရှင်များအနေဖြင့် ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းအကြောင်းကြားရမည်ဖြစ်ကြောင်း၊ ထိုသို့စာရင်းပေးသွင်းပြီးပါက ဆရာဝန်များက ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ရန် သွေးလှူရှင်အား ဖုန်းခေါ်ဆိုမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်) တာဝန်ခံ ဒေါက်တာသီတာအောင်က ပြောသည်။

ယင်းသို့ လိုအပ်သော အချက်အလက်များကို ဆရာဝန်က ဖုန်းဖြင့် အတည်ပြုပြီးပါက အချိန်စောင့်ဆိုင်းစရာမလို၊ မည်သူနှင့်မျှ ထိတွေ့စရာမလိုဘဲ မှတ်ပုံတင်ပုံစံတွင် လက်မှတ်ထိုး၍ ချက်ချင်းသွေးလှူဒါန်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



ကြိုတင်စာရင်းပေးသွင်း အကြောင်းကြားရမည့် ဖုန်းနံပါတ်များမှာ ၀၉-၉၆၅၄၅၂၈၈၄၊ ၀၉-၉၅၂၅၀၆၃၇၁၊ ၀၉-၂၅၀၀၁၆၀၇၉၊ ၀၉-၅၀၇၉၁၇၅ တို့ဖြစ်ပြီး သွေးလှူရှင်အရေအတွက် သတ်မှတ်ထားခြင်းမရှိဘဲ တစ်ဦးချင်းသော်လည်းကောင်း၊ မိသားစုနှင့်သော်လည်းကောင်း၊ သူငယ်ချင်းများနှင့်သော်လည်းကောင်း အတူတကွ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

ယခုပြုလုပ်သည့် ဝန်ဆောင်မှုအတွက် အမျိုးသားသွေးဌာန၏ ပြင်ပဝင်ပေါက်ကို ညနေ ၅ နာရီတွင် ပိတ်ထားမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းထားသည့် သွေးလှူရှင်များကိုသာ သီးသန့်ဝန်ဆောင်မှုပေးမည့် အစီအစဉ်ဖြစ်သည်။

ထိုကဲ့သို့ ဝန်ဆောင်မှုပေးသည့် အချိန်အတွင်း လာရောက်လှူဒါန်းရန် အခက်အခဲရှိသည့် သွေးလှူရှင်များအနေဖြင့်လည်း နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း အမျိုးသားသွေးဌာန(ရန်ကုန်)သို့ လာရောက်လှူဒါန်းနိုင်ပြီး https://www.donatebloodmyanmar.org/booking ဝက်ဘ်ဆိုက်တွင်လည်း အွန်လိုင်းဘိုကင်စနစ်ဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

**ကြိုပို့စီစဉ်ထား**

ထိုသို့ လာရောက်လှူဒါန်းရာတွင် မိသားစုလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း မိမိအစီအစဉ်ဖြင့် လာရောက်ရန် သွားလာရေး အခက်အခဲရှိပါက ကားကြိုပို့အစီအစဉ်ကို အမျိုးသားသွေးဌာန (ရန်ကုန်)က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

အမျိုးသားသွေးဌာန (ရန်ကုန်)အနေဖြင့် အလှူရှင်များ လှူဒါန်းသည့်သွေးများကို လိုအပ်သည့်နေရာများ၌ ကောင်းမွန်စွာ အသုံးပြုနိုင်ရန် ဆေးရုံပေါင်း ၁၆ ရုံသို့ ပြန်လည် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အေးမင်းသူ

# ပင်လည်ဘူးမြို့နယ်၌ ငါးရိက္ခာ တိုးတက်စေရန် ကွင်းဆင်းစစ်ဆေး

**ပင်လည်ဘူး အောက်တိုဘာ ၁၄**

ပင်လည်ဘူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခက်ခက်ဝေခိုင်နှင့်အဖွဲ့သည် ယမန်နေ့က ပင်လည်ဘူးမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးစားသုံးမှုဖူလုံရန်ရည်ရွယ်ပြီး နန်းလုံကားကျေးရွာနှင့် ခေါက်စင်းကျေးရွာတို့ရှိ ကျေးရွာပိုင်ကန်များအား ငါးထည့်သွင်းမွေးမြူနိုင်ရန်အတွက် ကန်ရေအရည်အသွေးအား စစ်ဆေးပေးခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ လက်ကမ်းစာဆောင်များပေးခြင်းနှင့် အခြားလိုအပ်သည်များ ကြိုတင်ဆောင်ရွက်နိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကွတ်ခိုင်မြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကွတ်ခိုင်မြို့နယ်အတွင်း မြေလမ်း ကိုးမိုင်၊ ကျောက်ချောလမ်း ခုနစ်မိုင်၊ ကွန်ကရစ်တံတားအရှည် ပေ ၃၀ တစ်စင်း၊ Box Culvert ၁၉ စင်း၊ ရေပြွန်နှစ်စင်းနှင့် ဦးစီးဌာနတည်ဆောက်ရေးလုပ်ငန်းသုံးခုတို့အား ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၄၆၂ ဒသမ ၁၇၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများအနက် အထက်ဗန်ငူး-မော်ဟန်လမ်း ငါးမိုင်အနက် နှစ်မိုင်ကျောက်ခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် Box Culvert ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းတို့မှာ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအားလုံး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ယင်းကျေးရွာချင်းဆက်လမ်း၊ တံတားနှင့် Box Culvert များကို တည်ဆောက်ပေးခြင်းကြောင့် အထက်ဗန်ငူးကျေးရွာနှင့် မော်ဟန်ကျေးရွာများမှ ဒေသခံပြည်သူများသည် ကျေးရွာချင်းဆက်လမ်းဖြင့် ကွတ်ခိုင်၊ ကောင်းခါး၊ တာမိုးညဲမြို့များသို့ လွယ်ကူစွာ သွားလာနိုင်ပြီး နယ်စပ်ဒေသများတွင်နေထိုင်သည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်



# ပြင်ဦးလွင်ခရိုင်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ ငါးလုပ်ငန်းစခန်းနှင့် သုတေသနအင်းတို့အား ကြည့်ရှုစစ်ဆေး

**စဉ့်ကူး အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးသည် ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးခင်မောင်ထွန်းနှင့်အတူ ပြင်ဦးလွင်ခရိုင်အတွင်းရှိ စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၊ ရေနံ့သာငါးလုပ်ငန်းစခန်းနှင့် စကျင်ကန်တွင်း သုတေသနအင်းတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ဦးစီးဌာနမှူး ဦးစောဝဏ္ဏက ခရိုင်အတွင်း ငါးလုပ်ငန်းကဏ္ဍ ဆောင်ရွက်နေမှုများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ခိုင်နှင့် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးအေးလွင်တို့က လုပ်ငန်းဆောင်ရွက်နေမှုများ၊ စကျင်ကန်တွင်း သုတေသနအင်းတွင် သုတေသနဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးက ငါးသယံဇာတများ ထိန်းသိမ်းရေးနှင့် ငါးရိက္ခာများ တိုးတက်ရေး၊ ငါးစားသုံးမှုဖူလုံစေရေးတို့အတွက် ဌာနအနေဖြင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟသ်ာတမြို့နယ် သမဝါယမအသင်းသားများသို့ စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေးခြင်းနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ဟသ်ာတ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သမဝါယမအသင်းစုသည် ကိုဗစ်-၁၉ ကာလအတွင်း ရောဂါကြိုတင်ကာကွယ်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် စားဝတ်နေရေးအဆင်ပြေစေရန်အတွက် သမဝါယမဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦး၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်/ဝန်ထမ်း ၂၁ ဦးနှင့် အခြေခံသမဝါယမအသင်းမှ ဝန်ထမ်းရှစ်ဦး စုစုပေါင်း ၄၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၄ သိန်း ထောက်ပံ့ခဲ့သည်။


ထို့အပြင် မြို့နယ်အဆင့် သမဝါယမအသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကြီးကြပ်မှုကော်မတီမှ (၁၂)ကြိမ်မြောက် အသေးစားအရင်းအနှီးချေးငွေပေးဆပ်မှု စွမ်းဆောင်ရည်ဆုရရှိသော အခြေခံသမဝါယမအသင်း ခြောက်သင်းအား ဆုငွေကျပ် ၅၂၀၀၀၀ ချီးမြှင့်ခြင်း၊ (၁၃)ကြိမ်မြောက် EXIM Bank ချေးငွေလုပ်ငန်း အသုံးစရိတ်ငွေကျပ် ၂၇၈ ဒသမ ၆၆ သိန်းကို အခြေခံသမဝါယမအသင်း ၁၄၇ သင်းသို့ စရိတ်ထုတ်ပေးခြင်းနှင့် အခြေခံသမဝါယမအသင်း ၇၆ သင်းရှိ အသင်းသား ၅၆၀၁ ဦး၏ စုဆောင်းငွေကျပ် ၁၂၇၇၇ ဒသမ ၃၄ သိန်းပေါ်တွင် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၉၅၈ ဒသမ ၃၀ သိန်း ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**









# ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ(ဖောင်ကြီး)သို့ သွားရောက်အားဖြည့်ကူညီကြမည့် ဆရာဝန်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဂုဏ်ပြုအားပေး

**မန္တလေး အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ (ဖောင်ကြီး)သို့ သွားရောက်အားဖြည့်ကူညီကြမည့် ဆေးပညာအထူးကုဆရာဝန်များ၊ မေ့ဆေးအထူးကုဆရာဝန်များပါဝင်သည့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ဆေးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်၍ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။

အဆိုပါအဖွဲ့တွင် ဆေးတက္ကသိုလ် (မန္တလေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၊ ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးတို့မှ ဆရာဝန် ၂၈ ဦးပါဝင်ပြီး ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ(ဖောင်ကြီး)တွင် တစ်လတာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

"တိုင်းပြည်အနေနဲ့ ဒီနေ့အချိန်မှာ အရေးကြီးဆုံးက ကိုဗစ်-၁၉ ရောဂါပါ၊ အဓိကပြည်သူတွေရဲ့ ကျန်းမာရေးပါ၊ မန္တလေးအနေနဲ့ဆိုရင် လူနာ ၆၀၀ ကျော်ရှိပါတယ်၊ ၃၀၀ ကျော်ဆင်းသွားပြီ၊ ၂၈ မြို့နယ်အတွင်း Quarantine စင်တာ ၃၀၀ ကျော်ရှိပါတယ်၊ Quarantine ဝင်ပြီးတဲ့သူ ၃၀၀၀၀ ကျော်ရှိသွားပါပြီ၊ လက်ရှိ Quarantine စင်တာမှာ ၂၀၀၀ ကျော်လောက်ကျန်ပါသေးတယ်၊ အကယ်၍များ ရန်ကုန်လို ဒုတိယလှိုင်းပြင်းပြင်းထန်ထန်မန္တလေးမှာဖြစ်ခဲ့ရင် ဒီမှာရှိတဲ့ကျန်းမာရေးဝန်ထမ်းအင်အား၊ ထောက်ပံ့ပေးနိုင်မယ့် အင်အားတွေနဲ့ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ အားလုံးပူပန်နေကြရပါတယ်။ ရင်ဆိုင်တိုက်ပွဲဝင်ကြရတဲ့အခါ ကျန်းမာရေးဝန်ထမ်းတွေက ထိပ်ဆုံးကပါ၊ ရောဂါဟာ ကူးစက်မြန်တယ်၊ သွားရမယ့်သူတွေအတွက် အန္တရာယ်ရှိတယ်၊ မန္တလေးကိုကိုယ်စားပြုသွားတာ သုံးကြိမ်ရှိပါပြီ၊ အမျိုးသားရေးလုပ်ငန်းမှာ တာဝန်ထမ်းဆောင်ပေးတဲ့အတွက် ပြည်သူလူထုရဲ့ကိုယ်စား ကျန်းမာရေးဝန်ထမ်းများကို ကျေးဇူးတင်ပါတယ်၊ ပြည်သူတွေရဲ့ ကျန်းမာရေးကို တာဝန်ယူတဲ့အချိန်မှာ ကိုယ့်ရဲ့ကျန်းမာရေးကိုလည်း တတ်နိုင်သမျှကာကွယ်ကြပါ" ဟု မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

ယင်းအဖွဲ့တွင် ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးညွန့်နှင့် မေ့ဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာရီစန္ဒာသိန်းတို့ ဦးဆောင်၍ ဆေးပညာဌာနမှ ၁၆ ဦး၊ မေ့ဆေးဌာနမှ ၁၂ ဦးပါဝင်ကြောင်း သိရသည်။



**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မတ္တရာမြို့၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Rapid Test Kit ဖြင့် စစ်ဆေးလျက်ရှိ



**မတ္တရာ အောက်တိုဘာ ၁၄**

ကုန်စည်စီးဆင်းမှုပြတ်တောက်မှုမရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကုန်တင်ယာဉ် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မတ္တရာမြို့နယ် စစ်ဆေးရေးဂိတ်တွင် Rapid Test Kit ဖြင့် ကိုဗစ်၁၉ ရောဂါပိုး ရှိ-မရှိကို စစ်ဆေး ပြီး ပိုးကင်းစင်သူများအား ဖြတ်သန်းခွင့်ပြုလျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မတ္တရာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်၍ ဌာနစုံဖြင့် ပူးပေါင်းပြီး ကျန်းမာရေးဝန်ထမ်းများက နှာခေါင်းတို့ဖတ်ရယူ၍ စစ်ပေးလျက်ရှိသည်။ ထိုသို့ စစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီးမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ဘက်သို့သွားရောက်မည့်ကုန်တင်ယာဉ်များ၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်းနှင့် မိုးကုတ်မြို့နယ်တို့မှ မန္တလေးမြို့သို့ ဖြတ်သန်း၍ အခြားမြို့နယ်များသို့ သွားရောက်မည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား တစ်ဦးလျှင် စစ်ဆေးခ ကျပ် ၁၀၀၀၀ နှုန်းဖြင့် ကိုဗစ်-၁၉ ရောဂါရှိ-မရှိ စစ်ဆေးပေးပြီး ပိုးမတွေ့ရှိသူများကို ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာများထုတ်ပေး၍ ဖြတ်သန်းခွင့်ပြုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား မိမိတို့ထွက်ခွာလာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စစ်ဆေးရေးဂိတ်များ၏ ကျန်းမာရေး ကောင်းမွန်ကြောင်း ထောက်ခံစာ ပါ-မပါ စစ်ဆေးပြီး ပါရှိသောယာဉ်များအား ဖြတ်သန်းခွင့်ပေးပြီး ထောက်ခံစာမပါရှိသော ကုန်တင်ယာဉ်များကို ဖြတ်သန်းခွင့်မပြုကြောင်း သိရသည်။

**စိုးကျော်သူထွေး(ပြန်/ဆက်)**

# ရန်ကုန်မှ ရေဝတီတိုင်းဒေသကြီးသို့ နေရပ်ပြန်သူများအား စနစ်တကျပြန်နိုင်ရေးဆောင်ရွက်

**ညောင်တုန်း အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စုရှိ ပန်တိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ခရီးဖြတ်သန်းသွားလာခွင့်အား ယာယီပိတ်ထားလျက်ရှိရာ ယမန်နေ့ ညနေပိုင်းမှစတင်၍ ဂိတ်အား ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများသည် ၎င်းတို့၏ စက်ရုံ၊ အလုပ်ရုံများ ပိတ်လိုက်သောကြောင့် နေထိုင်စားသောက်ရေး အခက်အခဲများရှိလာ၍ မိမိတို့နေထိုင်ရာမြို့နယ်များသို့ ပြန်လာကြသည်။

ထိုသို့နေရပ်ပြန်လာသူ ၄၉၀ အား ညောင်တုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့ကဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့တို့နှင့် ချိတ်ဆက်၍ စနစ်တကျ နေရပ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများစစ်ဆေး

**လေးမျက်နှာ အောက်တိုဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်ငံတော်မှ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာလအတွင်း စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန် Cash for work စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တာဝန်ရှိသူများက ယမန်နေ့ မွန်းလွဲ ၂ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

### ကွင်းဆင်းစစ်ဆေး

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှု အစီအစဉ်အရ Cash for work စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လေးမျက်နှာမြို့နယ် ရှားဖြူကျင်းကျေးရွာအုပ်စု ရှားဖြူကျင်းကျေးရွာ ရွာအဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများအား အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

# ဆရာ ဆရာမများနှင့် လူနာများအတွက် နေ့စဉ်စားသောက်ဖွယ်ရာများလှူဒါန်း

**မော်လမြိုင် အောက်တိုဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင် မြို့တောင်ဝိုင်းဘုရားလမ်း ဇေတဝန်ကျောင်းတိုက်ရှိ (သာသနာ့နွယ်ဖောင်ဒေးရှင်း) ပဓာနနာယကဆရာတော် အရှင်ဆန္ဒဇောတိမှ ဦးဆောင်၍ မော်လမြိုင်ဆေးရုံကြီးရှိ ဆရာ ဆရာမများနှင့် ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များအတွက် အာဟာရဒါနများကို နေ့စဉ်လှူဒါန်းလျက်ရှိရာ ယမန်နေ့ ညနေပိုင်းအထိ ၁၀၉ ရက်မြောက် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် နေ့စဉ်အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် စီမံခန့်ခွဲကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပါဆယ်စနစ်ဖြင့် မော်လမြိုင်ဆေးရုံကြီးရှိ ဆရာ ဆရာမများ၊ ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များ၊ စောင့်ကြည့်လူနာများ၊ ကလေးဆေးရုံမှလူနာများ စုစုပေါင်း ၂၀၇ ဦးအား နံနက်စာ၊ နေ့လယ်စာ၊ ညနေစာများဖြင့် နေ့စဉ်တစ်နေ့သုံးကြိမ် လှူဒါန်းလျက်ရှိပြီး လူနာများအတွက် ကျန်းမာရေးအခြေအနေပေါ်မူတည်၍ အစားအသောက်များ လှူဒါန်းပေးလျက်ရှိကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းမှ သိရသည်။



**စမ်းစမ်းနွယ်**

# မြို့အဝင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စောင့်ကြည့်စစ်ဆေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၄**

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ယမန်နေ့ မွန်းတည့် ၁၂ နာရီက မြို့အဝင်စစ်ဆေးရေးဂိတ်၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ မြို့နယ်အတွင်းသို့ဝင်ရောက်လာသူများအား ခရီးသွားထောက်ခံများစစ်ဆေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် တုံ့ပြန်ရေးကော်မတီဝင်များမှ မြို့နယ်အတွင်းသို့ဝင်ရောက်လာသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ ခရီးသွားထောက်ခံစာများစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျဝတ်ဆင်စေရေး ကြပ်မတ်စစ်ဆေးခဲ့ပြီး လူအများစုဝေးရာနေရာများသို့ မသွားရန်၊ မဖြစ်မနေပြင်ပသို့ထွက်ခွာပါက နှာခေါင်းစည်းဝတ်ဆင်ရန်၊ ပြင်ပသို့ပြန်လာပြီးတိုင်း လက်ကိုစနစ်တကျဆေးကြောရန်၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီ
## အသက်(၇၈)နှစ်

Miraco Marine Service မှ ဒေသခံကိုယ်စားလှယ် ဦးအေးသိန်း-ဒေါ်စောစန္ဒာ၊ ဒေါ်စောသီတာ၊ ဦးဇော်ဝင်းအောင်- ဒေါ်မိုးမိုးတို့၏ မိခင်ကြီး ကျွန်တော်၊ ကျွန်မတို့ လေးစားရပါသော အန်တီဒေါ်ခင်ရီ အသက်(၇၈)နှစ်သည် (၁၁-၁၀-၂၀၂၀)တနင်္ဂနွေနေ့ နံနက်(၃:၃၅)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခြင်းအတွက် မိသားစုများနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးပန်းညွန့်**
**ဦးတိုးကြည်၊ ဒေါ်ခင်စန်းဝင်း**
**ဦးထိန်ဝင်း၊ ဒေါ်ခင်ခင်သက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သွင်
## မိတ္ထီလာ
## အသက်(၇၇)နှစ်
## ဖောင်ကြီး သူရ(၇) သင်တန်းဆင်း

ဦးမောင်မောင်သွင်သည် ရန်ကုန်မြို့၊ ဂျပန်ဆေးရုံကြီး၌ ၁၂-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း သူငယ်ချင်းကောင်းရာသုဂတိရောက်ပါစေ။

**သူရ(၇)ဖောင်ကြီး**
**သင်တန်းဆင်းရဲအရာရှိနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သန့်
## အသက်(၈၂)နှစ်
## သံအမတ်ကြီး(ငြိမ်း)

**အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရှင်**

ဒေါ်သီတာသန့်(MD, New Link Marketing Ltd.)၏ကျေးဇူးရှင် ဖခင်ကြီး ဦးအောင်သန့် အသက်(၈၂)နှစ်သည် ၁၃-၁၀-၂၀၂၀ ရက်နေ့၊ နံနက် ၁၀:၃၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် နေအိမ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးမိုးသူ-ဒေါ်ဝင်းဝင်းတင့်**
**Management & Staff of City Holdings Limited**
**(Group of Companies)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝန်ထမ်းအိမ်ရာ(၆)ခန်းတွဲ (၉၆'x၄၅'x၁၅')သွပ်မိုး၊ RC(၁)ထပ် (ရေမီး၊မိလ္လာ၊မီတာအပါအဝင်)(မှော်ဘီမြို့နယ်)

(ခ ) မြို့နယ်ဦးစီးမှူးရုံး(၇၂'x၆၅' ၆"x၂၄')သွပ်မိုး၊RC(၂)ထပ် (ရေမီး၊မိလ္လာ၊မီတာအပါအဝင်)(လှိုင်သာယာမြို့နယ်)

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၉.၁၀.၂၀၂၀ ရက်
တင်ဒါပိတ်မည့်ရက်စွဲနှင့်အချိန် - ၁၆.၁၁.၂၀၂၀ရက် (၁၆:၃၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဖုန်း(၀၁-၆၄၁၁၅၅၊ ၆၄၇၉၈၀၊ ၀၉၄၂၀၀၇၅၉၈၆)တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်(ကြို့ကုန်း)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သာလတ်
## TT International Co.,Ltd
## အသက် (၆၅)နှစ်

ဒေါ်လှလှရည်၏ ခင်ပွန်းဖြစ်သူ ဦးအောင်သာလတ် အသက် (၆၅)နှစ်သည် ၁၂-၁၀-၂၀၂၀ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း (MPEA)**

**Myanmar National Harbour Engineering Co.,Ltd**

### ကုမ္ပဏီစာရင်းအပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားချက်

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇(က)အရ ကုမ္ပဏီ၏စာရင်းများကို အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၅)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် Zone A-03-03, Golden City Business Center, ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**Liquidator**
**U Myo Thet Tun**
**Myanmar National Harbour Engineering Co.,Ltd**
**Ph:09-795517564**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ရီ
## အသက် (၇၈)နှစ်

Miraco Marine Service မှ ဒေသခံကိုယ်စားလှယ် ဦးအေးသိန်း- ဒေါ်စောစန္ဒာတို့၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်ရီ အသက်(၇၈)နှစ်သည် (၁၁-၁၀-၂၀၂၀)ရက် (တနင်္ဂနွေနေ့) နံနက် (၃:၃၅) နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ (အထူး) ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်အေးငြိမ်းသောဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Miraco Marine Service မိသားစု

## တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါခေါ်ယူခြင်း
## မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်

မော်လမြိုင်မြို့နယ်တွင် ဖွံ့ဖြိုးမှုအထောက်အပံ့ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသည်။ အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| လုပ်ငန်းအပ်နှံသည့်ဌာန | မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် |
| တာဝန်ခံအရာရှိ | ဒေါ်ခင်သီတာလင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၂၅၅၇၅၂၅၆၆ |
| တည်ဆောက်မှုလုပ်ငန်းဖော်ပြချက် | ဇေယျာသီရိရပ်ကွက်၊ သီရိ(၄)လမ်း၊ အုတ်စီရေမြောင်း၊ လမ်းဖြတ်တံတားနှင့် လမ်းဖြတ် Culvert တည်ဆောက်ခြင်း<br>(က) အုတ်စီရေမြောင်း(၂၈၃၀'x၃'x၄')(၉၄၉'x၄'x၄')<br>(ခ) သီရိ(၄)လမ်းနှင့် ဇေယျာ(၁)လမ်းဖြတ်တံတား(၄၀'x၈'-၆"x၆'-၉")<br>(ဂ)သီရိ(၄)လမ်းနှင့် ဇေယျာ(၂)လမ်းဖြတ်တံတား(၃၀'x၈'-၆"x၆'-၉")<br>(ဃ)လမ်းဖြတ်(၁၈'x၄'x၄') culvert (၅)စင်း |
| တည်ဆောက်မည့်နေရာ | ဇေယျာသီရိရပ်ကွက်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် |
| အရည်အသွေးစံချိန်စံညွှန်းများ | မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသောစံညွှန်းနှင့်ကိုက်ညီစေရန် ကုမ္ပဏီမှတာဝန်ယူ၍ အစစ်ဆေးခံပြီး တင်သွင်းပေးရမည်။ |
| ဝယ်ယူမှုနည်းလမ်း | အကြီးစားတည်ဆောက်မှု |
| အရည်အချင်း သတ်မှတ်ချက်များ | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများရှိရမည်။<br>* အလားတူကန်ထရိုက် အနည်းဆုံး(၃)ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေးတည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၈-၂၀၁၉ နှင့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရမည်။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ စုပေါင်းရုံး၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ |
| တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူနိုင်မည့်အချိန် | ၁၅/၁၀/၂၀၂၀ ရက်နေ့မှ ၁၅/၁၁/၂၀၂၀ ရက်နေ့ထိ (ရုံးဖွင့်ရက်)<br>နံနက် ၉:၃၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| တင်ဒါစာရွက်စာတမ်းကျသင့်ငွေ | ၁၀,၀၀၀ကျပ် |
| တင်ဒါတင်သွင်းရမည့်နေရာ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ စုပေါင်းရုံး၊ ပန်းဘဲတန်းရပ်၊ မော်လမြိုင်မြို့။ |
| တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန် | ၁၅/၁၁/၂၀၂၀ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီထိ |

**ဒေါ်ခင်သီတာလင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၂၅၅၇၅၂၅၆၆ မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မော်လမြိုင်မြို့နယ်။**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၅/၂၀၂၀-၂၀၂၁)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-002(20-21)CAP (Retender) | A 205 Rotary Table Complete Set (2)Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **(၁၃-၁၁-၂၀၂၀) ရက် ၁၂:၀၀ နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘောဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာ(၃)ရပ်ကွက်နေ (ဦးတင်ရွှေ)-ဒေါ်ခင်ကြည်တို့၏သား ကိုအောင်ကျော်နိုင်[၁၂/ကတန(နိုင်)၀၇၆၇၃၈]သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူမည်မဟုတ်ပါ။ မေးမြန်းခြင်းသည်းခံပါ။

ဒေါ်ခင်ကြည်

## သစ်ခွဲသား ဝယ်လိုပါသည်

သစ်ယာ၊ အင်ကြင်းခွဲသား ပြည်တွင်းသုံး စာရွက်စာတမ်းဖြင့် ဝယ်လိုပါသည်။ ဆက်သွယ်ရန်။

**ဖုန်း-၀၉-၄၀၀၃၀၀၉၀၀၊ ၀၉-၄၀၀၉၀၀၃၀၀**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

ကြော်ငြာ

## ဒုတိယဗိုလ်မှူးကြီးအောင်လင်း(ငြိမ်း) ပခုက္ကူ
**D.S.A အမှတ်စဉ် (၂)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့နေ (ဦးစံပွင့်– ဒေါ်စု) တို့၏သား၊ ဦးနေဦး (ရေကြောင်းပြမှူးကြီး)–ဒေါ်သီတာလင်း၊ ဒေါ်သူဇာလင်း Q.C Engineer (MICEG)၊ ဦးနိုင်ဦးမြင့် 2 Mate F.G SAMHO Shipping Co.Ltd – ဒေါ်သန္တာလင်းတို့၏ဖခင်၊ ဒေါက်တာအိအိဖြိုးနိုင်၊ သက်ထားသူဇာ၊ မင်းခန့်မောင်၊ အောင်ခန့်ဇော်၊ ခင်ဦးကံ့ကော်တို့၏ အဘိုး ဦးအောင်လင်းသည် ၁၄.၁၀.၂၀၂၀ ရက်နေ့ ညနေ ၆ နာရီ မိနစ် ၃၀ တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**စာရေးဆရာကြီး တက္ကသိုလ်စိန်တင်**
**အသက် (၈၆)နှစ်**

ဂုဏ်ထူးစာပေ၏ ပင်တိုင်စာရေးဆရာကြီး ခန္တီ၊ မေတ္တာကြီးမား၊ တရားပြည့်ဝ၊ စိတ်ထားမြင့်မြတ်ဖြူစင်၊ စေတနာသဒ္ဓါတရားထက်သန်၊ အလှူအတန်းရက်ရောသော အမျိုးသားစာပေဆုအပါအဝင် စာပေဆုများရှင်၊ စာရေးဆရာမကြီး စိမ့်(ပညာရေး)၏ ချစ်လှစွာသော ခင်ပွန်း၊ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်သည် (၁၃–၁၀–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမဆုံး ခံစားရပါသည်။ ဆရာကြီး မြင့်မြတ်သောဘုံသို့ ရောက်ရှိခံစားနိုင်ပါစေ။

**ဂုဏ်ထူးစာပေမိသားစု**
**တောက်တောက်ဝင်းအော့ဖ်ဆက် မိသားစု**

## ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
# ဒေါ်မြညိမ်း (အောင်သိန်း–သစ်ဆိုင်)
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် (၂၆–က)နေ (ဦးဖိုးတုတ်–ဒေါ် သာယာ)တို့၏ သမီး၊ (ဦးစိန်–ဒေါ်ရီ)တို့၏ သမီးချွေးမ၊ (ဦးကျင်အေး–ဒေါ်ကျင်စိန်)၊ ဦးကျော်စိန်–ဒေါ်မြသိန်းတို့၏ ညီမ၊ ဦးမြင့်ကြည်–ဒေါ်စန်းစန်း၊ ဦးတင်ဝင်း–ဒေါ်စိုးစိုးအေး၊ ဦးအောင်သိန်း–ဒေါ်သင်းသင်းအေး၊ (ဦးဇင်မောင်မောင်သက်)–ဒေါ်အေးအေးမာ၊ (ဦးမောင်မောင်အေး)–ဒေါ်မြတ်မိုးမိုး၊ ဦးစည်သူအောင်–ဒေါ်အေးအေးမော်၊ (ဦးတင်စိုး)–ဒေါ်ခင်မာအေးတို့၏ မိခင်ကြီး၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးနှင်းစိန်၏ဇနီး ဒေါ်မြညိမ်းသည် ၁၃–၁၀–၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၁၀–၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်မော် (ခ) ဒေါ်ကျင်ကျင်
**အသက် (၈၁)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (၁၂၈/၂)၊ ရန်နိုင် (၆)လမ်းနေ (ဦးညီညီ–ဒေါ်ခင်စန်း)၏ သမီး၊ (ဦးသန်းထွန်း)–ဒေါ်ခင်မိမိ၊ (ဦးစိုးခ)–ဒေါ်မြင့်မြင့်တို့၏ ညီမ၊ (ဦးလှအောင်)–ဒေါ်နုနုတို့၏ အစ်မ၊ (ဦးမြင့်သိန်း)၏ဇနီး၊ ဦးအောင်ကျော်ဦး–ဒေါ်နန်းရွှေမြ၊ ဒေါ်ခင်သက်ရီ၊ ဦးမိုးဟိန်း–ဒေါ်ဖြူဖြူသန်းတို့၏မိခင်၊မြေးငါးယောက်၊မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၃–၁၀–၂၀၂၀ (အင်္ဂါနေ့) ည ၉:၁၅ နာရီတွင် လူကြီးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယိကာမကြီး
**ဒေါ်သန်းစိန် (စစ်ကွင်း)**
**ကျန်းမာရေးဦးစီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ စစ်ကွင်းမြို့နေ (ဦးလှသင်–ဒေါ်လှတင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၃)လမ်းနေ ဦးမြင့်စိုးမြိုင်၏ ဇနီး၊ ဦးခိုင်ဝင်း–ဒေါ်နီလာမြိုင်၊ (ဗိုလ်ဇော်မိုးမြိုင်)၊ ဒေါ်ရီပြာမြိုင်၊ ဦးစိုးမိုးမြိုင်–ဒေါ်နီလာသန်းထွန်း၊ ဒေါ်မာလာမြိုင်တို့၏ မွေးမိခင်၊ ကိုအောင်ကောင်းမြတ်၊ မသဲစန္ဒီထွန်း၊ မောင်ပြည်စိုးအောင်တို့၏ ဘွားဘွားကြီး ဒေါ်သန်းစိန်သည် ၁၃–၁၀–၂၀၂၀ (အင်္ဂါနေ့) နံနက် ၂:၃၀ နာရီတွင် ပါရမီဆေးရုံကြီး၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄–၁၀–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကျင်အေး**
**အသက် (၉၇)နှစ်**

စတာသ (၁၃)မှ ဦးဝင်းကြည်၏ မိခင် ဒေါ်ကျင်အေး (၉၇)နှစ်သည် ၁၃–၁၀–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စတာသ(၁၃) ရောင်းရင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာကျော်သိန်း**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)**

ရခိုင်သဟာယအသင်း ရန်ကုန်၏ (နာယက၊ ဥက္ကဋ္ဌဟောင်း)၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များ၊ ရန်ကုန်)၏ နာယက၊ စစ်တွေဒီဂရီကောလိပ်၏ ကျောင်းအုပ်ကြီးဟောင်း၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သချာဌာန(ရန်ကုန်)၏ ပါမောက္ခဟောင်း၊ ကွန်ပျူတာတက္ကသိုလ် (ရန်ကုန်)၏ ပါမောက္ခချုပ် အငြိမ်းစားဆရာကြီး ဒေါက်တာကျော်သိန်းသည် အောက်တိုဘာလ ၁၂ရက်နေ့၊ နံနက် ၄နာရီတွင် ဘဝတစ်ပါးသို့ ကူပြောင်းသွားပါသဖြင့် ရခိုင်လုပ်ငန်းရှင်များ အသင်းအသီးသီးမှ အမှုဆောင်များနှင့် အသင်းဝင်များကလည်း ဆရာကြီး၏ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ရခိုင်လူမျိုးနှင့် ရခိုင်လူထုတစ်ရပ်လုံးအတွက် ရခိုင်အမျိုးသားပညာတတ် ပုဂ္ဂိုလ်ကြီးတစ်ဦး ဆုံးရှုံးသွားသည်ကို ဝမ်းနည်းနှမြောတသဖြစ်ရပါသည်။ ဆရာကြီး မြင့်မြတ်သောဘုံသို့ ရောက်ပါစေ။

**အမှုဆောင်များနှင့် အသင်းသားများ**
**ရခိုင်လုပ်ငန်းရှင်များအသင်း**
**(ဗဟို၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအုန်းသိန်း**
**အသက် (၇၆)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးသီဟသိန်း(ငြိမ်း)၏ ဖခင် ဦးအုန်းသိန်း အသက် (၇၆)နှစ်သည် ၁၄–၁၀–၂၀၂၀ ရက်၊ နံနက် ၃ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။

ဦးလေးကောင်းရာသုဂတိလားပါစေ။

**OTS (102) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မြညိမ်း**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၂၆)နေ ဦးအောင်သိန်း (အောင်သိန်းသစ်ဆိုင်)–ဒေါ်သင်းသင်းအေးတို့၏မိခင် ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မြညိမ်း အသက်(၈၁)နှစ်သည် ၁၃–၁၀–၂၀၂၀ ရက်နေ့ (အင်္ဂါနေ့) ညနေ ၆:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(ပြည်တွင်းရောင်း)နှင့် ဝန်ထမ်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
**စာရေးဆရာ၊ သတင်းစာဆရာကြီး၊ အမျိုးသားစာပေဆုရှင်**
**တက္ကသိုလ်စိန်တင် အသက် (၈၆) နှစ်**

ကြီးကြီးဒေါ်တင်စိန် [စာရေးဆရာမကြီး စိမ့် (ပညာရေး)] ၏ ခင်ပွန်း၊ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး တက္ကသိုလ်စိန်တင် သည် ၁၃–၁၀–၂၀၂၀ ရက် (အင်္ဂါနေ့တွင်) ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာခင်ခင်ဌေး
FAME Pharmaceuticals

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်မြသွေး(ခ)Tiny Than (စိန်မေရီကျောင်းသူဟောင်း)**
**[B.Com, B.L,R.I,R.A]**
**အသက်(၇၉)နှစ်**

သူငယ်ချင်း ဦးမင်းသန့် (Chairman–Hello Asia Co., Ltd)၏ မိခင်ဖြစ်သူ ဒေါ်မြသွေး (ခ) Tiny Than အသက်(၇၉)နှစ်သည် ၁၁–၁၀–၂၀၂၀ ရက်၊ ည(၁၁:၁၅)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအေးကို**
**အသက်(၇၃)နှစ်**


ရွှေဂုံတိုင်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်ရင်ရင်အေး၏ဖခင်၊ မဇာဇာနိုင်၏ အဘိုးဖြစ်သူ ဦးအေးကိုသည် ၁၂–၁၀–၂၀၂၀ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD နှင့်ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးထွန်းကြည်(ခ) ဦးသန်းထွန်း**
**(ဗဟန်းမြို့နယ်စည်ပင် ရေ/သန့်ဌာန)**
**အသက်(၅၈)နှစ်**

ရွှေဂုံတိုင်ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော မောင်သူရိန်စိုး၊ မချစ်နှင်းပိုင်တို့၏ ဖခင်ဖြစ်သူ ဦးထွန်းကြည်(ခ) ဦးသန်းထွန်းသည် ၄–၁၀–၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**BOD နှင့်ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံ**



facebook

## အမုန်းစကားမပြောရ

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊ ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာခံယူမှု၊ မသန်စွမ်းသူများနှင့် နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့ နေသူများကို အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့် ဖြစ်စေ တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

**Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**စာရေးဆရာ၊ သတင်းစာဆရာကြီး**

**အမျိုးသားစာပေဆုရှင်**

**မင်းဘူးမြို့နယ်အသင်းအမှုဆောင်နာယက**

## တက္ကသိုလ် စိန်တင်(စာရေးဆရာကြီး)

### အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် (၁၁၅၇၊ ၁၁၅၈)နေ ဒေါ်ဝင်းဝင်းကြည်၏ မောင်၊ ဒေါ်ခင်ဌေးလှ၊ ဒေါ်ခင်သန်းလှ နှင့် ဦးဝမ်းမြင့်တို့၏ အစ်ကို၊ ဒေါ်တင်စိန် (စိမ့်-ပညာရေး)၏ ချစ်လှစွာသောခင်ပွန်း တက္ကသိုလ် စိန်တင်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သန့်

### အသက် (၉၂)နှစ်

**သံအမတ်ကြီး(ငြိမ်း)**

**အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆု၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရှင်**

ဦးအောင်သန့် (သံအမတ်ကြီး-ငြိမ်း)သည် ၁၃-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်စန္ဒာလွင်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သန့်

### အသက် (၉၂)နှစ်

**သံအမတ်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပခုက္ကူ ဦးအုံးဖေစာပေဆုရှင်**

ဦးအောင်သန့် (သံအမတ်ကြီး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)သည် ၁၃-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နှင့်**
**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်မြင့်(၈၃)နှစ်

ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၁၄)၊ အခန်း(၂၀)နေ စားဖျော်လုပ်ငန်းမှ အငြိမ်းစား ဦးစိန်မြင့်သည် စားဖျော်ဓမ္မာရုံတွင် ပြုလုပ်သည့် အလှူကိစ္စများနှင့် အခြားသော လူမှုရေးပရဟိတလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်လုပ်ဆောင်သူဖြစ်ပါသည်။ ဦးစိန်မြင့် ၁၃-၁၀-၂၀၂၀ နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**စားဖျော်ဓမ္မာရုံ**
**စောင့်ရှောက်ရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကျော်သိန်း(ပါမောက္ခချုပ်-ငြိမ်း)

**(ဥက္ကဋ္ဌဟောင်း၊ နာယက) ရခိုင်သဟာယအသင်း(ရန်ကုန်)**

### အသက် (၇၉)နှစ်

ဒေါက်တာကျော်သိန်း (ဥက္ကဋ္ဌဟောင်း၊ နာယက) ရခိုင်သဟာယအသင်း(ရန်ကုန်)သည် ၁၂-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ရခိုင်သဟာယအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

## ဒေါ်ခင်စိုး

### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ်(၁၅)နေ (ဦးအောင်ကြည်)၏ဇနီး ဒေါ်ခင်စိုးသည် ၁၂-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Dr. သိန်းဟန်ဦး နှင့် ဇနီး ပါမောက္ခ Dr. ခင်ကြေးမုံ**
**ရွှေအုန်းသီးဆေးတိုက်မိသားစု(မော်လမြိုင်)**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခုပ်လျှံမုံ

**လက်ထောက်ကထိက(ငြိမ်း)**

**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

### အသက်(၅၃)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတွာလ်ကျင်ပေါင်၏ညီဖြစ်သူ ဦးခုပ်လျှံမုံ အသက်(၅၃)နှစ်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးခုပ်လျှံမုံ

**လက်ထောက်ကထိက(ငြိမ်း)**

**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

### အသက်(၅၃)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးတွာလ်ကျင်ပေါင်၏ညီဖြစ်သူ ဦးခုပ်လျှံမုံ အသက်(၅၃)နှစ်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

## ဒေါ်ဟန်တင် (မြင်းခြံ)

### အသက် (၉၅)နှစ်

(ဦးကြင်ရင်-ဒေါ်ငြိမ်း)တို့၏ သမီး၊ ဦးဘလှ-ဒေါ်ဒေါင်းလှ၊ ဦးသန်းလှိုင်-ဒေါ်ဒေါင်းမြတို့၏ အစ်မ၊ ဦးသိန်းဝင်း-(ဒေါ်စန်းစန်းဝင်း)၊ (ဒေါ်ဌေးဌေးဝင်း)၊ ဦးအောင်ဇော်ဦး-[ဒေါ်တင်တင်ဝင်း(ခ)လုံးမ]၊ (ဦးရဲမြင့်)-ဒေါ်သင်းသင်းစိုးတို့၏ ဒေါ်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ဟန်တင်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်ပြီး ယင်းနေ့မွန်းလွဲ ၁:၃၀နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးခဲ့ပါသည်။ ၁၉-၁၀-၂၀၂၀ ရက်တွင် ရက်လည်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျန်ရစ်သူမိသားစုမှ အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးအုန်းသိန်း

**လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) (ငြိမ်း)၊ လမ်းအထူး(၁၆)**

### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ဦးအောင်ဇေယျလမ်း၊ အမှတ် (၂၀/၁၈၆)နေ (ဦးအုန်းမှူင်-ဒေါ်နန်းပိုက်)တို့၏ သား၊ (ဒေါ်သန်းအေး)၏ခင်ပွန်း၊ (ဦးဝင်းကျော်)၊ ဒေါ်ခင်ဌေးကြည်၊ ဦးတင်မောင်ရွှေ DGM (M.O.G.E နေပြည်တော်)၊ ဒေါ်ချိုချိုသန်း (ကထိက၊ သမိုင်းဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ဦးမြင့်သိန်း (ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်)၊ ဦးသီဟသိန်း(Director MCS Co.,Ltd.)၊ ဒေါ်ဆောင်းဇာလီစိမ့်စိမ့်၊ ဗိုလ်မှူးကြီး စောအောင်မျိုး(တကန)၊ ဒေါ်သီရိသိန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုး ဦးအုန်းသိန်းသည် ၁၄-၁၀-၂၀၂၀ ရက် နံနက် ၃ နာရီတွင် ပုဗ္ဗသီရိမြို့နယ်၊ အမှတ် (၄၄၃)၊ ရန်ကြီးအောင် (၄)လမ်းနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၄-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျွဲကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၂၀-၁၀-၂၀၂၀ ရက်တွင် ပုဗ္ဗသီရိမြို့နယ်၊ အမှတ် (၄၄၃)၊ ရန်ကြီးအောင် (၄)လမ်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (တောင်တွင်းကြီးမြို့)

**B.Sc (Geology)**

### အသက်(၇၃)နှစ်

သရက်မြို့၊ ဈေးရပ်၊ ဆုတောင်းပြည့်ဘုရားလမ်းနေ (ဒေါက်တာဦးဘထွန်း-ဒေါ်တင်တင်)တို့၏ သား၊ (ဦးအိဝါး-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်ခင်စန်းရီ (စွယ်တော်စားသောက်ဆိုင်)၏ ခင်ပွန်း၊ မမွန်ဇင်ထိုက်၊ ကိုမင်းမင်းထွန်း-မအေးသက်ခိုင်၊ ကိုရဲဝင့်ဟိန်း-မရေဘက်ကာ၊ ကိုသန့်ဇင်ကိုတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၄-၁၀-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၀ ရက် ညနေ ၃:၃၀ နာရီတွင် သရက်မြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (တောင်တွင်းကြီးမြို့)

**B.Sc (Geology)**

### အသက်(၇၃)နှစ်

သရက်မြို့၊ ဈေးရပ်၊ ဆုတောင်းပြည့်ဘုရားလမ်းနေ (ဒေါက်တာဦးဘထွန်း-ဒေါ်တင်တင်)တို့၏ သား၊ ဒေါ်ခင်စန်းရီ(စွယ်တော်စားသောက်ဆိုင်)၏ ခင်ပွန်း၊ (ဦးဇော်ဖေ-ဒေါ်ခင်စု)၊ (ဦးတင်ထွန်း)၊ ဦးစိုးသိန်း-ဒေါ်နွယ်နွယ်စိန်၊ ဦးခင်မောင်စိန်-(ဒေါ်ယဉ်နု)၊ ဒေါက်တာသိန်းကျော်-ဒေါ်စန်းစန်းမြင့်တို့၏ မောင်၊ ဒေါက်တာသန်းထွဋ်-ဒေါ်မြင့်မြင့်ခင်၊ ဦးမျိုးညွန့်-ဒေါ်သန်းသန်းနွဲ့၊ ဦးထွန်းလှစိုး-ဒေါ်ခင်မျိုးဦး၊ ဦးခင်မောင်လတ်-ဒေါ်ချိုချိုထွဏ်းတို့၏ အစ်ကိုသည် ၁၄-၁၀-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၀ ရက် ညနေ ၃:၃၀ နာရီတွင် သရက်မြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## စာရေးဆရာ၊ သတင်းစာဆရာကြီး၊

## အမျိုးသားစာပေဆုရှင်

# တက္ကသိုလ်စိန်တင်

## အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၆)ရပ်ကွက်နေ ဒေါ်တင်စိန် (ပညာရေးတက္ကသိုလ်-ငြိမ်း)/စာရေးဆရာမကြီး စိမ့် (ပညာရေး)၏ ချစ်လှစွာသောခင်ပွန်း၊ မော်လမြိုင်မြို့ (ဦးဘမှန်-ဒေါ်နှင်းရွှေ)တို့၏သားသမက်၊ မင်းဘူးမြို့၊ ကျောင်းဆရာ(ဦးညွန့်)-ကျောင်းဆရာမကြီး (ဒေါ်စုစု)တို့၏ သား စာရေးဆရာ တက္ကသိုလ်စိန်တင်သည် ၁၃-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၉-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှလှ (အသက်-၈၁ နှစ်)၏ နာရေးကိစ္စတွင် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးပါသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လူကိုယ်တိုင်လာရောက်နိုင်ခြင်း မရှိပါသဖြင့် Telephone, E-mail, Facebook, Messenger တို့မှ စာနာမှုအပြည့်ဖြင့် နှစ်သိမ့်ပေးပါသော အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးကို လှိုက်လှဲစွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အနိစ္စ

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဦးစိုး(၄)

**အကြီးတန်းစာရေး(ငြိမ်း)**

### အသက် (၈၃)နှစ်

ရာသက်ပန်အသင်းဝင် အမှတ် (၁၀၅၆) ဦးစိုး(၄)သည် ၁၃-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါ်အေးသန်းကြည်

**အငြိမ်းစားငွေစာရင်းရုံး**

### အသက် (၈၂)နှစ်

**မော်လမြိုင်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက် (၁)၊ အခန်း (၁၀၅)နေ ဗိုလ်မှူးဝင်းလတ်(ငြိမ်း) (ဗသက-၃၀)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးဘိုးကြွယ်-ဒေါ်စန်းညွန့်တို့၏ သမီး၊ ဒေါ်သန်းသန်းကြွယ် (TTC-ကမာရွတ်)၏ ညီမ၊ ဦးရဲဝင်းလတ်-ဒေါ်ခင်စောနွယ်တို့၏ ချစ်လှစွာသောမိခင်၊ စိုးရဲထိုက်၊ ရွှေယမင်းအေး၊ ရဲရင့်မြတ်သူတို့၏ ချစ်လှစွာသော အဘွားသည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၁၀ နာရီတွင် ရန်ကုန်ဆေးရုံ ကြီး၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးသိန်းလွင်

**B.A (Philosophy), Physiotherapy (Landon)**

**အကြောအဆစ်ကုပညာရှင်(ငြိမ်း)၊**

**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်**

### အသက်(၈၃)နှစ်

ဝါးခယ်မမြို့နေ (ဦးဘထွန်း-ဒေါ်စိန်မြ)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၈၂) နေ ဒေါ်မာမာခင်၏ ခင်ပွန်း၊ ဦးအောင်ထွဋ်လွင်(Classic စားသောက်ဆိုင်)-ဒေါ်ခင်မိမိ၊ ဒေါက်တာဇော်မိုးဦး-ဒေါက်တာ သက်မြတ်လွင် (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ မအူပင်တက္ကသိုလ်)တို့၏ ဖခင်၊ မယွန်းရွှေရည်လွင်၏အဘိုးသည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ အထက်ပါ စမ်းချောင်းမြို့နေအိမ်တွင် ၁၉-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရှိန်ဝင်း (စား/ဖျော် မန်နေဂျာ-ငြိမ်း)

### အသက် (၈၂)နှစ်

မှော်ဘီမြို့၊ (၄)ရပ်ကွက်၊ စက်ပိုင်းနေ (ဦးဘိုးလှိုင်-ဒေါ်အုံး)တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် (၆)နေ [ဒေါ်တင်တင်ငြိမ်း(ခ)ဒေါ်တင်ပု]၏ ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်သူဇာ၊ ဦးလှထွဋ်အောင်-ဒေါ်ခိုင်ခိုင်၊ ဒေါ်ချိုမာတိုးဝင်း-ဦးကျော်စိုးသူ၊ ဒေါ်သွယ်သွယ်ဝင်းရှိန်-ဦးဝင်းမင်းသန်းတို့၏ ဖခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘိုး၊ မြစ်တစ်ယောက်၏ ဘိုးဘိုးကြီး ဦးရှိန်ဝင်းသည် ၁၂-၁၀-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်ကြီးစိန်သန်း(ငြိမ်း) (၆၈)နှစ်

**ကြည်း-၁၃၆၅၄ (ခ.မ.ရ ၁၀၂)**

**ကြည့်မြင်တိုင်မြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နေ (ဦးလှညွန့်-ဒေါ်ခင်ယုံ)တို့၏ သား၊ ဝါးခယ်မမြို့နေ (ဦးချမ်းအေး-ဒေါ်ကြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၆)၊ ဦးရွှေစိုးလမ်းနေ ပါမောက္ခ Dr. ယဉ်ယဉ်မွှေး (သတ္တဗေဒဌာန-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဟန်ထွန်းဇော် (လ/ထ ကထိက၊ နျူကလီးယားရူပဗေဒဌာနခွဲ၊ စစ်တက္ကသိုလ်)-ဒေါ်အိကေခိုင်သန်း (Sourcing Manager, Telenor Myanmar)၊ Dr. ဖြိုးဟေမာသန်း (လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မဝင့်နေခြည် (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်၊ ဦးဝင်းမြင့်-(ဒေါ်နွယ်အေးကြူ)၊ (ဦးစန်းမောင်)-ဒေါ်ခင်စန်းဝေ၊ (ဒုဗိုလ်ဆန်းဝင်း)တို့၏ ညီ/အစ်ကို၊ မရွှေစင်သီရိ၊ မောင်စွမ်းရည်ထူးထက်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် အမှတ်(၁)တပ်မတော်အသည်းအထူးကုဆေးရုံ၊ မင်္ဂလာဒုံ၊ I.C.U ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅:၂၀ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၅)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်)
(၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား-**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် မြန်မာ့ငြိမ်းချမ်းရေးအတွက် အထင်ကရမှတ်တိုင်ဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ၌ ပါဝင်ကြသူများ၊ စာချုပ်ကြီးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ကူညီအားပေးကြသူများ၊ NCA စာချုပ်ကြီး လက်မှတ်ရေးထိုးနိုင်ရေး ဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူပုဂ္ဂိုလ်များအပေါင်း ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီး တိုင်းပြည်၏ငြိမ်းချမ်းရေးအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြပြီး ပြည်ထောင်စုနိုင်ငံတစ်ခုအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်နေထိုင်ခဲ့ရာမှ ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့တို့၏ကျူးကျော်တိုက်ခိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပါသည်။ နယ်ချဲ့များသည် လွတ်လပ်ရေးမပေးရအောင် သွေးခွဲအုပ်ချုပ်မှုများ ပြုလုပ်ခဲ့ပါသည်။ လွတ်လပ်ရေးပေးရမည့်အခါတွင်လည်း ခွဲထွက်ရေးလှုပ်ရှားမှုများ၊ ဆူပူမှုများနှင့် လက်နက်ကိုင် သောင်းကျန်းမှုများဖြစ်စေရန်အတွက် ဖန်တီးပေးထားခဲ့သည်။ မိမိတို့နိုင်ငံအတွင်း ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် အရောင်အသွေးစုံသည့် ရောင်စုံသောင်းကျန်းမှုကြီးပေါ်ပေါက်ခဲ့သည်မှာ ယနေ့အထိ နှစ် ၇၀ ကျော်ကြာမျှ ကြာမြင့်ခဲ့ပါသည်။ အစိုးရအဆက်ဆက်က ပြည်တွင်းသောင်းကျန်းမှုချုပ်ငြိမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းခဲ့ကြသော်လည်း အခြေအနေအမျိုးမျိုးကြောင့် မအောင်မြင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ၏ NCA (၅)နှစ်မြောက် အထိမ်းအမှတ် ပြောကြားသည့် မိန့်ခွန်းအား MRTV မှ ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၄**
အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက်အထိမ်းအမှတ် ပြောကြားသည့် မိန့်ခွန်းအား မြန်မာ့ရုပ်မြင်သံကြား(MRTV)မှ အောက်တိုဘာ ၁၅ ရက် ည ၈ နာရီ ပြည်တွင်းသတင်းတွင် ထည့်သွင်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၄**
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ နှင့် ကမန်အမျိုးသားတိုးတက်ရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ကမ္ဘာအေးဗုဒ္ဓသာသနာ့ဆေးရုံအား ကိုဗစ်-၁၉ ကုသရေးဆေးရုံအဖြစ် ပြင်ဆင်နေ

**ရန်ကုန် အောက်တိုဘာ ၁၄**
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဗုဒ္ဓသာသနာ့ဆေးရုံကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ICU, HDU ကုသဆောင်များအဖြစ် ယနေ့တွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အဆိုပါဝင်းအတွင်းရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာသစ်နှစ်လုံးဖြစ်သည့် ၄ ခန်းတွဲ ၄ ထပ် အဆောက်အအုံနှင့် ၆ ခန်းတွဲ ၄ ထပ် အဆောက်အအုံတို့အား ကိုဗစ်-၁၉ ကုသရေးဌာန သံဃာ့ဆေးရုံအဖြစ် ပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဗုဒ္ဓသာသနာ့ဆေးရုံ၌ ICU ၈ ခုတင်၊ HDU ၃၆ ခုတင် စုစုပေါင်း ၄၄ ခုတင်ထားရှိပြီး ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ် နှစ်လုံးအတွင်း သံဃာတော် ၁၅၂ ပါးထားရှိကာ စုစုပေါင်း သံဃာတော် ၁၉၆ ပါးတို့အား ကိုဗစ်ရောဂါကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာအေးဗုဒ္ဓသာသနာ့ဆေးရုံအား ကိုဗစ်-၁၉ ကုသရေးဆေးရုံအဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဖြစ်များလာသော ကိုဗစ်-၁၉ ရောဂါအား အစွမ်းကုန် ကာကွယ်ထိန်းချုပ်ရေးကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကုသရေးဆေးရုံများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မောင်**



## ကြေးမုံ ယနေ့ ဖတ်စရာ


ကျန်းမာစေရန် သတိပြုသင့်သည့် ညစာ
စာမျက်နှာ » ၆

ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကန်ဒေါ်လာ ၁၂ ဘီလီယံမတည်ရန် ကမ္ဘာ့ဘဏ် အတည်ပြု
စာမျက်နှာ » ၁၂

၂၀၂၀ ပြည့်နှစ် နိုဘယ်လ်ဆုရရှိသူများနှင့် စွမ်းဆောင်မှုများ
စာမျက်နှာ » ၁၃


## အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၄**
အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ်အတွင်းကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲများအားလုံးဖျက်သိမ်းခဲ့ရပြီး အရှေ့တောင်အာရှနိုင်ငံအများစုတွင်လည်း ရောဂါဖြစ်ပွားမှုနှုန်း ဆက်လက်မြင့်တက်နေသောကြောင့် လာမည့်နှစ်တွင် ကျင်းပမည့် ပြိုင်ပွဲများအနက် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့်ရက်ကိုသာ အတည်ပြုနိုင်သေးပြီး ကျန်ပြိုင်ပွဲများနှင့် ပတ်သက်၍ ထုတ်ပြန်ခြင်းမရှိသေးပေ။ ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အာဆီယံဒေသတွင်းမှ လက်ရွေးစင်အသင်းများ၊ လူငယ်လက်ရွေးစင်အသင်းများမှာ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့ဘဲ စခန်းဝင်လေ့ကျင့်မှုကိုလည်း ကာလရှည်ရပ်နားထားရသည်။

**ရှိုင်းထက်ဇော်**